


# နယ်ဘက် ကျေးဘက်မှ ဝတ္ထုများ

ဖေမြင့်

ဒုတိယအကြိမ်

mgyoe.com
SAMPLE BOOK
mgyoe.com



mgyoe.com
SAMPLE BOOK

အနောက်-အရှေ့တို့မှာ
ပို့(စ)မော်ဒန် အရေးအသားများတွင်
ထိုထိုသော ရှုံးစင်းမှုများကို ဖတ်လာရသောကြောင့်
မြန်မာဘာသာစကား ဘောင်အတွင်းမှ
ပြန်လည်ရေးသားလိုက်မိခြင်း ဖြစ်သည်။
ငယ်စဉ်က နယ်ဘက်ကျေးဘက်များဆီသို့ သွားရင်း
အရင်းခံစစ်စစ် မြန်မာများ/မြန်မာကြီးများမှ အစ
ရေခဲ မမြင်ဖူးသော လူများ၊
စစ်ကိုင်းတောင်ရိုးဆီသို့ ဘုရားဖူး တစ်ကြိမ်ရောက်ဖူးပြီးနောက်
မြင့်မိုရ်တောင်နှင့် စစ်ကိုင်းတောင်ရိုးကို
သိပ်လှမ်းပုံမရဘူးဟု တွေးကြည့်နေသူများ စသည်ဖြင့်
**မြင့်သန်း**

ကိုမြင့်သန်းမှာ ပြောစရာတွေ အများကြီးရှိတယ်။
အစမှာတော့ အဲဒီပြောစရာတွေကို
ဘယ်လိုပြောရမလဲဆိုတာ အတော်ရှာကြံခဲ့ရပုံပေါ်တယ်။
အတော်စမ်းသပ်ခဲ့ရပုံပေါ်တယ်။
အခုတော့ ကိုမြင့်သန်းအနေနဲ့ အဲဒီပြောစရာတွေကို
ဘယ်လိုပြောရမယ်ဆိုတာ ပြောပြပုံ၊ ပြောပြနည်းတွေကို တွေ့သွားပြီ။
အဲဒီ ပြောပြပုံ၊ ပြောပြနည်းဟာလည်း
ကျွန်တော်တို့ မြန်မာစာပေလောကမှာ နေရာတစ်ခုရနေပြီ။
**မြဝင်း (ဒဿန)**

ကိုမြင့်သန်းဟာ ငယ်ငယ်က မန္တလေး ဆူးခါးကျောင်းမှာ
နွေကျောင်းပိတ် နေရတယ်ဆိုပေတဲ့ ခုထိအောင် မှတ်ဉာဏ်ထဲမှာ
ဒါတွေကို ဘယ်လို သိမ်းဆည်းထားသလဲ။ မြန်မာပြည်နဲ့ ဝေးတာကြာပြီပဲ။
သို့သော် မြန်မာပြည်ကြီးက သူ့အထဲထဲမှာ ရှိနေတုန်းကိုး။ လွမ်းလို့ပဲပေါ့။
ဒါနဲ့ပဲ အတိတ်ဆီ အတွေးကြော ဆက်နိုင်တာ။
သူ့မှာ မြန်မာတောရွာကို နှစ်လိုတဲ့ စိတ်လည်း ရှိသကိုး
**မောင်တာ**





9 248480 504880

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

နှစ်ကာလများ
စာအုပ်အစီအစဉ် ၅၅၅

# နယ်ဘက်ကျေးဘက်မှ ဝတ္ထုများ

မြင့်သန်း

နှစ်ကာလများ
အမှတ် ၁၀၄၊ အပေါ်ဆုံးထပ် (က)၊
အောင်ဇေယျလမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၁ ၈၂၅၅၉၄၈၊ ၀၉ ၇၄၀ ၉၇၉၃၉၃
e-mail: theeras2001@gmail.com

mgyoe.com

mgyoe.com SAMPLE BOOK

**ပုံနှိပ်မှတ်တမ်း**

**နယ်ဘက် ကျေးဘက်မှ ဝတ္ထုများ**

**မြင့်သန်း**

**ဒုတိယအကြိမ်၊ မတ်၊ ၂၀၂၄။**

**ပထမအကြိမ်၊ နိုဝင်ဘာ၊ ၂၀၁၆။**

**အုပ်ရေ – ၁၀၀၀**

**တန်ဖိုး –၁၅၀၀၀ ကျပ်**

**ထုတ်ဝေသူ** ဦးစိန်ဝင်း၊ နှစ်ကာလများ စာပေ (၀၀၇၄၄)၊ ၁၀၄၊ အပေါ်ဆုံးထပ် (က)၊ အောင်ဇေယျ လမ်း၊ အလုံမြို့နယ်၊ ရန်ကုန်မြို့။ **အတွင်းနှင့် အဖုံးပုံနှိပ်** ဦးအေးဝင်း၊ အေးကမ္ဘာပုံနှိပ်တိုက် (၀၀၂၉၀)၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။ **ကွန်ပျူတာစာစီ** သရဖီ၊ **မျက်နှာဖုံး** သည်မော်နိုင်၊ **စာအုပ်ချုပ်** ကိုမြင့်။

mgyoe.com

mgyoe.com SAMPLE BOOK

# မာတိကာ


* ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ ၇
* အမှတ်တရ စကား – မြဝင်း (ဒဿန) ၉
* (ကို) မြင့်သန်း၊ ပါရမီရှိသူ၊ မြန်မာချစ်သူ – ကိုတာ ၁၉
၁။ လင်းတ မမိ၊ ဒေါင်း မိရသည့် အကြောင်း ၂၇
၂။ ခေါင်းကောင်းကောင်း တစ်လုံး ၃၅
၃။ မသိ သိသိ၊ သိ သိသိ ၄၅
၄။ မှာကဆစ် တစ္ဆေ ၅၃
၅။ ဆင်ခြင်ခြင်း၏ ရက်စက်မှု ၆၃
၆။ မလွမ်းနိုင်ဘူးတဲ့ ဗျာတို့ ၇၁
၇။ ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းမှ ရေ
နောက်ကျိရသည့် အကြောင်း ၈၀
၈။ မပြောတတ်ဘူး၊ ဟုတ်ချင်လည်းဟုတ်မယ် ၈၆
၉။ အသက်ရှူ ကွဲလို့ အနက်ယူ လွဲတယ် ၉၃
၁၀။ မေ့ပြီးသား မေ့လိုက်ပါတော့ ၁၀၂
၁၁။ သေတာများ လွယ်ပါသော်ကော ၁၁၁
၁၂။ အပြစ်တင်စရာ လူလိုသဗျာ ၁၂၁
၁၃။ တိမ်မဖုံးတဲ့ မြို့ပြ ပြက်လုံး ၁၃၀
၁၄။ မိုးပါးတဲ့နှစ် သန်လယ်နစ်သတဲ့ ၁၃၉
၁၅။ ဝင်ငွေရှိလို့ တော်ကြတာပါဗျာ ၁၄၉
၁၆။ ဆရာစားတော့ နည်းနည်းဖြစ်ဖြစ် ချန်ရမှာပဲ ၁၅၈


mgyoe.com

mgyoe.com SAMPLE BOOK


၁၇။ ဟို ... သင်းကလေးကြောင့်ချည်းပဲ ၁၆၆
၁၈။ ရိုးတယ်ဆို လွယ်မှတ်လို့ ၁၇၅
၁၉။ မြေမျိုမယ်ဆိုတောင် အဖြေ မလိုဘူး ၁၈၂
၂၀။ မျက်နှာကြောတင်းတဲ့ မြို့ပေါ်က အကောင်တွေ ၁၉၀
၂၁။ ဥပေက္ခာပြုတယ် ဆိုပေသိ ... ၁၉၉
၂၂။ ဦးနှောက် အသုံးမတည့်တဲ့ နေ့တုန်းက ... ၂၁၂
၂၃။ ငါ့ဘက်မှာ တစ်ယောက်တော့ ရှိတယ် ၂၂၆
၂၄။ ဖျာပေါ်က လိမ့်ကျလို့ သေရတဲ့ကောင် အကြောင်း ၂၃၇
၂၅။ ချောင်းမကြီး ရေလျှံတုန်း သန်းခ ဘာလုပ်နေတုံး ၂၄၅
၂၆။ ဘာလို့ ခုခါမှ ချစ်ချင်ရတာတုံး ၂၅၃
၂၇။ ငြိမ်းအေးချမ်းသာမှုများ၏ နိဒါန်းနှင့် နိဂုံး ၂၆၇
၂၈။ ရွာထဲ ရပ်ထဲမှာကတော့ဖြင့် ၂၈၁
၂၉။ လ မလို ည ၂၉၆
၃၀။ အချည်းအနှီး ဖြစ်စရာမလိုတဲ့ လောက ၃၁၀
၃၁။ ရေတွင်းကုန်းဆီက ငတုံးတွေအကြောင်း ၃၁၈
၃၂။ မရန်းတောဆီမှ အရမ်းချောတဲ့ မမဂျမ်းတော ၃၂၆
၃၃။ ကစဉ့်ကလျားဖြစ်နေတဲ့ လောကကြီးအကြောင်း ၃၆၀
၃၄။ ယောက်ဖတစ်ရာ ဝါးတစ်ရာ စီမံကိန်း
မအောင်မြင်ရသည့်အကြောင်း ၃၆၉
၃၅။ မာန်ပြေတောက အပြန် ၃၇၉
၃၆။ ညှံ့ချက်ကဖြင့် ... ၃၉၀
၃၇။ သေဖို့ မသင့်သေးတဲ့ခေတ် ၄၀၁
၃၈။ မောင်မှူ မောင်တာ ရွာအပြန် ၄၁၃
၃၉။ အသစ် ဆိုတာလည်း အဟောင်းလိုပါပဲ ၄၂၆
၄၀။ ကြေယ်ကြီး သူကြီးဖြစ်တော့ ၄၄၂
၄၁။ တိုက်အုပ်ထံမှ စာတစ်စောင် ၄၅၈
* နိဂုံး အမှာ – မြင့်သန်း ၄၆၇


mgyoe.com

mgyoe.com SAMPLE BOOK

# ဒုတိယအကြိမ် ထုတ်ဝေခြင်းအတွက် အမှာ

**နယ်ဘက်ကျေးဘက် ...** ထပ်ပြီး ပုံမနှိပ်သေးခင် ကို မိုးဝေးက **ချင်းတွင်း** စတဲ့ မဂ္ဂဇင်းဟောင်း တချို့ထဲက ဝတ္ထု တချို့ ရှာတွေ့တယ်။ ဝမ်းသာရတယ်။ ကျွန်တော့်မှာ လည်း ပုံမနှိပ်ရသေးတဲ့ ဝတ္ထုတချို့ ရှိဦးမယ်။ ဟိုတုန်းက ရေးအား ကောင်းတယ်။ မဂ္ဂဇင်း နည်းတယ်။ ဒီကြားထဲ ဆင်ဆာက ရင်နာဖို့ ကောင်းတယ်။ မြန်မာတို့ရဲ့ ရသပညာ ကို ရေဆိုးမြောင်းထဲ ချပစ်တဲ့ ... ကစော်သမားက ရေးတဲ့ အရေးအသားမျိုးက ထုတ်ဝေလို့ ရတယ်။ 'ခြင်းကိုင်' ကောင်းစားတဲ့ ခေတ်မှာ မြန်မာ စာပေစိစစ်ရေးဆိုတာ ညဏ်ရည်ညဏ်သွေး ဗလာကျင်းနေလို့ အသုံးမတည့်တဲ့ လူတွေရဲ့ စားကျက်သက်သက်ပဲ။ ဟိုတုန်းက ပုံနှိပ်ဖော်ပြ ခွင့် မရတာတွေ ကျွန်တော့်မှာ ရှိနေသေးတယ်။ ဘယ်မှာ ဘယ်လို သိမ်းမိတယ်တော့ မသိဘူး။ တစ်နေ့တော့ ပြန် တွေ့မယ် ထင်တာပဲ။ အဲဒီကျတော့ အဲဒီအခါပေါ့။ အနာဂတ် ဆိုတာ ဘယ်တုန်းကမှ အာမခံနဲ့ ပြောလို့ရတာမျိုး မဟုတ် ဘူး။

ရိုသေစွာဖြင့်
**မြင့်သန်း**
၂၀၂၄

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အမှတ်တရ စကား

၁။

တလောက ကျွန်တော် ရန်ကုန်သို့ရောက်သွားရာ မုံရွေး ဆရာတာက ... 'ကိုမြင့်သန်းက သူ့ဝတ္ထုတိုတွေကို စုပြီး ထုတ်မလို့တဲ့။ အဲဒီမှာ ဆရာနဲ့ ကျွန်တော်က တစ်ခုခု ရေးပေးပါလို့ ပြောတယ်။ ကျွန်တော်တော့ ရေးနေပြီ။ ဆရာလည်း ရေးတော့'ဟု ပြောပါသည်။ ထိုအခါ ကျွန်တော်က 'ကျွန်တော် အခု ရန်ကုန် ဆင်းလာတာ မျက်စိခွဲဖို့ လာတာပါ။ မျက်စိက အတော့်ကို ဒုက္ခ ပေးနေတယ်။ စာရေး၊ စာဖတ် မလုပ်နိုင်တာ အတော်ကြာသွားပြီ။ မျက်စိ ခွဲပြီးတော့မှပဲ ရေးရတော့မှာပဲ။ ကိုမြင့်သန်း ဖုန်းဆက်ရင်လည်း အကျိုး အကြောင်း ပြောပြလိုက်ပါ'ဟု ပြောခဲ့ပါသည်။

၂။

မျက်စိခွဲပြီး၍ တစ်လပြည့်သောအခါ ခွဲပြီး မျက်စိအခြေအနေကို ဆရာဝန် အား ပြရန် ကျွန်တော် ရန်ကုန်သို့ ရောက်ရပြန်ပါသည်။ ရန်ကုန် ရောက်သခိုက် ကြာသပတေးနှင့် တိုက်ဆိုင်နေသဖြင့် ရန်ကုန်တက္ကသိုလ် ပရိဝုဏ်အတွင်း

mgyoe.com SAMPLE BOOK

ကုံကော်ရိပ်၌ ဆုံလေ့ရှိကြသော ကြာသပတေး စာပေဝိုင်းသို့ ရောက်သွားခဲ့ရာ ကြာသပတေးစာပေဝိုင်း အဖွဲ့ဝင်တစ်ဦးဖြစ်သော ကိုမိုးဝေးက 'ဦးမြင့်သန်း ဝတ္ထုတိုစာအုပ်အတွက် ဆရာ တစ်ခုခု ရေးမယ်လို့ ပြောတယ်။ ရေးပြီးပြီလား' ဟု မေးပါသည်။ ထိုအခါ ကျွန်တော်က 'အခု စာဖတ်လို့ ရပါပြီ။ စာရေးလို့လည်း ရပါပြီ။ ပြည်ကို ပြန်ရောက်တာနဲ့ တစ်ခုခုရေးပြီး ကိုမိုးဝေးဆီ ပို့ပေးပါ့မယ်'ဟု ပြောခဲ့ရပါသည်။

၃။

ကျွန်တော်နှင့် ကိုမြင့်သန်းတို့သည် ၁၉၇၂ ခုနှစ်လောက်မှ စ၍ ရင်းနှီး ခင်မင်ခဲ့ကြပါသည်။

ကျွန်တော်သည် ၁၉၇၂ ခုနှစ်တွင် ၅ နှစ်နီးပါး ဒဿနိကဗေဒ နည်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့သော ပုသိမ် ဒီဂရီကောလိပ် (ယခု ပုသိမ်တက္ကသိုလ်) မှ ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ် (ယခု ရန်ကုန်တက္ကသိုလ်) သို့ ပြောင်းရွှေ့ခွင့်ရသဖြင့် ပြောင်းရွှေ့လာခဲ့ပါသည်။ ကျွန်တော်သည် ရန်ကုန် ဝိဇ္ဇာနှင့် သိပ္ပံတက္ကသိုလ်သို့ ပြန်ရောက်သောအခါ မဟာဝိဇ္ဇာတန်းကို တက်ပါသည်။ မဟာဝိဇ္ဇာတန်းသို့ တက်သောအခါ ကိုမြင့်သန်းနှင့် ဆုံရပါတော့သည်။

မဟာဝိဇ္ဇာတန်း တက်စဉ်ကပင် ကိုမြင့်သန်းသည် စာခံရှိသူတစ်ယောက် ဖြစ်ကြောင်း ကျွန်တော် သတိပြုမိပါသည်။ ဒဿနိကဗေဒနှင့် စပ်လျဉ်း၍ ဖတ်သင့်ဖတ်ထိုက်သော စာအုပ် အတော်များများကိုလည်း ဖတ်ထားပြီးသူ ဖြစ်ကြောင်း သတိပြုမိပါသည်။ ထိုသို့ ဖတ်နိုင်ရန်လည်း အင်္ဂလိပ်စာ အခြေခံကောင်းကို ရထားသူဖြစ်ကြောင်းကိုလည်း သတိပြုမိပါသည်။

ထို့ပြင် ကိုမြင့်သန်းသည် လွတ်လပ်မှုကို မြတ်နိုးသူဖြစ်ကြောင်း၊ လွတ်လပ်စွာ တွေးခေါ်တတ်သူ ဖြစ်ကြောင်း သီးခြား လူသား၏ဘဝ၊ သီးခြား လူသား၏ ခံစားမှုကို အလေးထားသူ ဖြစ်ကြောင်းကိုလည်း သတိပြုမိပါသည်။ တစ်ခါသော် ကိုမြင့်သန်းသည် မဟာဝိဇ္ဇာတန်း အတူတက်နေသူ သူငယ်ချင်း ကိုကျော်စိန်၏ အော်တိုစာအုပ်တွင် 'Try to be an atheist.' ဟု ရေးခဲ့လေသည်။ ကိုမြင့်သန်း ထိုသို့ ရေးသည်ကို ကထိက ဆရာမကြီး ဒေါ်

mgyoe.com

mgyoe.com SAMPLE BOOK

ခင်ဆက်ရီ ကြားသိသောအခါ ကျွန်တော့်ကို သူ့ရုံးခန်းသို့ ခေါ်၍ 'မောင်မြဝင်း ရယ်၊ မောင်မြင့်သန်း တစ်ယောက် atheist ဖြစ်နေပြီလား'ဟု မေးပါသည်။ ထိုအခါ ကျွန်တော်က 'ကိုမြင့်သန်းက လွတ်လပ်စွာ တွေးခေါ်တတ်ပါတယ်။ သူ့ကို ချုပ်နှောင်မယ့် အတွေးအခေါ် အယူအဆတွေကို လက်မခံတတ်ပါဘူး။ သူ အခုလို ရေးတာ သူ့သူငယ်ချင်း ကိုကျော်စိန်ကို လွတ်လပ်စွာ တွေးခေါ် စေချင်လို့ ဖြစ်မှာပါ'ဟု ပြောခဲ့ပါသည်။ ကျွန်တော်သည် ကိုမြင့်သန်းအား ထိုအကြောင်းကို ပြောပြသောအခါ ကိုမြင့်သန်းက 'ကျွန်တော့်ကို ဆရာမကြီး ခေါ်ရင် ဦးမြဝင်းလည်း လိုက်ခဲ့ပါဦး'ဟု ပြောပါသည်။

မဟာဝိဇ္ဇာတန်း တက်၍ နှစ်ဝက်သို့ ရောက်လာသောအခါ ကျွန်တော်တို့သည် Term Paper ရေးကြရပါသည်။ ထိုစဉ်က မဟာဝိဇ္ဇာတန်းတွင် ကထိက ဆရာမကြီး ဒေါ်ခင်ဆက်ရီက Japanese Philosophy သင်ကြားပို့ချနေလေရာ ကျွန်တော်သည် Japanese Philosophy သင်ရိုးတွင် အပါအဝင်ဖြစ်သော Zen Buddhism အကြောင်းကို Term Paper ရေးပါသည်။ ထိုသို့ ရေးနေစဉ် တစ် နေ့တွင် ကိုမြင့်သန်းက ခေါ်သဖြင့် သူ့အိမ်သို့ လိုက်သွားခဲ့ရာ ကိုမြင့်သန်း၏ စာကြည့်ခန်းတွင် Zen Buddhism နှင့် စပ်လျဉ်းသောစာအုပ် အတော်များများကို တွေ့ရသည်။ ကျွန်တော် မတွေ့ဖူးသော စာအုပ်များလည်း ပါပါသည်။ ကျွန်တော်သည် စာအုပ်ပုံထဲမှ Daisetz T. Suzuki ရေးသော Zen and Japanese Culture စာအုပ်ကို ဆွဲယူပြီး ကြည့်လိုက်ပါသည်။ ထိုအခါ ကိုမြင့်သန်းက 'Zen က အတော် ကျယ်ပြန့်တယ်ဗျ။ ဂျပန် ယဉ်ကျေးမှုမှာ Zen မရောက်တဲ့ နေရာရယ်လို့ ရှိမယ် မထင်ဘူး။ ယုတ်စွအဆုံး လက်ဖက်ရည်ကြမ်း သောက်တဲ့နေရာမှာတောင် Zen ရောက်နေတယ်။ အခု ဆရာဦးမြဝင်း ကြည့်တဲ့ စာအုပ်ထဲမှာ Zen and the art of tea ဆိုတာ ပါတယ်။ ကျွန်တော်တို့ မြန်မာတွေလည်း လက်ဖက်ရည်ကြမ်း သောက်ကြတယ်။ လက်ဖက်ရည်ကြမ်း ဝိုင်းဖွဲ့ကြတယ်။ ကျွန်တော်တို့ လက်ဖက်ရည်ကြမ်း သောက်တာနဲ့ ဂျပန်တွေ လက်ဖက်ရည်ကြမ်း သောက်တာ ဘယ်လို ကွာသလဲဆိုတာ သုတေသနပြုဖို့ ကောင်းတယ်။ နောက်ပြီးတော့ ဒီစာအုပ်ထဲမှာ The Love of Nature ဆိုတာလည်း ပါတယ်။ ဂျပန်တွေက ဖူဂျီယာမာကို အကြောင်းပြုပြီး

mgyoe.com  SAMPLE BOOK 

သဘာဝကို ချစ်မြတ်နိုးကြတယ်။ ဆရာဦးမြဝင်းတို့လည်း ပုပ္ပားတောင်ကို အကြောင်းပြုပြီး သဘာဝကို ချစ်မြတ်နိုးကြမှာပါ။ သုတေသနပြုဖို့ ကောင်းတယ်'ဟု ပြောပါသည်။ ကျွန်တော်သည် ကိုမြင့်သန်း ပြောပြသည်ကို နားထောင်ရင်း ကိုမြင့်သန်း တစ်ယောက် ဘယ်အချိန်ကများ Zen and Japanese Culture စာအုပ်ကြီးကို ဖတ်ထားပါလိမ့်ဟု တွေးနေမိပါသည်။

၄။

အချို့ကလည်း ကိုမြင့်သန်းကို အစွန်းရောက်သည်ဟု ထင်တတ်ကြသည်။ တကယ်တော့ ကိုမြင့်သန်းသည် ကျွန်တော် စောစောက ပြောခဲ့သလို လွတ်လပ်စွာ တွေးခေါ်တတ်သူ ဖြစ်ပါသည်။ မဟာဝိဇ္ဇာဘွဲ့အတွက် လိုအပ်ချက် တစ်စိတ်တစ်ဒေသအဖြစ် ကျမ်းတင်သွင်းရသောအခါ ကိုမြင့်သန်းက 'သေခြင်း၌ မွေ့လျော်ခြင်း' အမည်ရှိသော ကျမ်းကို တင်သွင်းခဲ့ပါသည်။ ထိုကျမ်း၏ အမည်ကို ကြည့်၍ ကိုမြင့်သန်းသည် အစွန်းရောက်သွားပြီ။ Existentialism ကို လေ့လာရာမှာ Existentialism အယူအဆတွေထဲ နစ်မွန်းသွားပြီဟု ဆိုကြပါသည်။ ဆရာ၊ ဆရာမ အတော်များများကလည်း ထိုသို့ထင်ခဲ့ကြပါသည်။ ကိုမြင့်သန်းသည် ထိုအကြောင်းနှင့် စပ်လျဉ်း၍ သူကိုယ်တိုင်ဘာသာပြန်၊ သူကိုယ်တိုင် မှတ်ချက်ရေး၊ သူကိုယ်တိုင် တည်းဖြတ်ထုတ်ဝေခဲ့သော 'ယောန်–ပေါလ်ဆာ(ရ)ထာ လက်ရွေးစင်' စာအုပ် အမှာစာ၌ ရှင်းပြထားခဲ့ပါသည်။

စင်စစ်အားဖြင့် 'သေခြင်း၌ မွေ့လျော်ခြင်း'ဟု ဆိုရာ၌ ကိုမြင့်သန်း ဆိုလိုသည်မှာ သေခြင်းတရားကို ဆင်ခြင်ကြည့်ရန် ဖြစ်ပါသည်။ ၁၉၇၄ တွင် ဒဿနိကဗေဒအသင်းက ထုတ်ဝေခဲ့သော ဒဿနစာစဉ် အတွဲ ၁၊ အမှတ် ၂ တွင် ကိုမြင့်သန်း၏ 'သေခြင်း၌ မွေ့လျော်ခြင်း' ဆောင်းပါး ပါခဲ့လေသည်။ ထိုဆောင်းပါး၌ ကိုမြင့်သန်းက ဤသို့ ရေးခဲ့လေသည်။

*'သေဆုံးရခြင်း ဆိုသည်ကို ထိတ်လန့် ကြောက်ရွံ့နေ၍ မရပါ။ သေခြင်းတရားကို မှန်ကန်စွာ ရှုမြင်ကာ မွေ့လျော်ကြည့်ဖို့ ကြိုးစားကြရပါလိမ့်မည်။ ဘာသာရေးရှုထောင့်မှ ကြည့်*

mgyoe.com

mgyoe.com SAMPLE BOOK


လျှင်လည်း သေခြင်းအား ကြောက်ရွံ့တုန်လှုပ်နေ၍ မရကြောင်း တွေ့ရပါမည်။ စင်စစ် သေခြင်းဆိုသည် ချစ်စရာတစ်ခုသာ ဖြစ်သည်။ အနောက်တိုင်း ဘာသာရေးအရဆိုလျှင် 'ရှင်ပြန်ထမြောက်ခြင်း'ကို မယုံမကြည် ဖြစ်သူများသာလျှင် သေခြင်းကို အကောင်းတစ်ခုအဖြစ် မမြင်နိုင်ကြပေ။ ရှင်ပြန်ထမြောက်ခြင်းအား ယုံကြည်မှု၌ သေခြင်းကို စစ်မှန်မှုတစ်ခုအဖြစ် လက်ခံထားပါသည်။ တစ်နေ့သောအခါတွင် ထာဝရ ဘုရားသခင်၏ ရှေ့၌ အဆုံးအဖြတ် ခံယူကြရန် သေခြင်းမှ ပြန်လည်ကာ ရှင်ပြန်ထမြောက်ကြရပေမည်။ သို့အတွက် လူအများ၏ မျက်မှောက်ဘဝ၌ သေရမည့်အဖြစ်သည် အဆိုးမြင်ရှုထောင့်မှ ရှုမြင်ကာ နေရန် မသင့်ချေ။ အရှေ့တိုင်း၏မဟာ်ိုင် ဘာသာရေး၌ တွေ့ရသော နိဗ္ဗာန်သည် သေခြင်း၏ အခြားတစ်ဖက်၌ တည်၏။ ယခု ဖြစ်တည်၍နေသော လူသား၏ ဘဝ၌ နိဗ္ဗာန်ဟူသော အာရုံကို ရနိုင်သော်လည်း ယင်းသဘောမှာ အကြွင်းရှိသော သဘော ဖြစ်သည်။ ရုပ်ခန္ဓာသည် အကြွင်း ရှိနေသေးသည်။ ရုပ်ဓာတ် နာမ်ဓာတ်ကင်းသည့် ငြိမ်းအေးရာ နိဗ္ဗာန်၊ တစ်နည်းအားဖြင့် အကြွင်းမဲ့သော နိဗ္ဗာန်ကား သေခြင်း၏ အခြားမဲ့သော အဖြစ်၌ တည်၏။ နိဗ္ဗာန်၌ သေဆုံးရခြင်း အဖြစ်လည်း ကင်း၏။ သို့အတွက် သေခြင်း ကင်းရာသို့ သွားလိုသည်ရှိသော် သေဆုံးရခြင်းအဖြစ်ကို ရှုမြင်ကာ ဖြတ်သန်းသွားလာရန် ဝန်မလေးသင့်ပေ။

သို့ဖြစ်လျှင် သေခြင်းသည် မုန်းတီး ကြောက်ရွံ့နေစရာ မဟုတ်။ ပူပင်နေစရာ မဟုတ်။ သေခြင်းတရားကို ရှုမြင်ကြရသည်မှာ ပျော်စရာတစ်ခုပင် ဖြစ်သည်။ မအိုချင်၍ မဖြစ်သော၊ မနာချင်၍ မဖြစ်သော၊ မသေချင်၍ မဖြစ်သော လူသား၏ အတ္တဘဝကို အနီးစပ်ဆုံး လေ့လာနိုင်သည်မှာလည်း သေခြင်း၏ မျက်နှာစာပင် ဖြစ်ပါသည်။

mgyoe.com

mgyoe.com

စင်စစ် သေဆုံးရခြင်း အဖြစ်သည် မွေ့လျော်ဖွယ်ပါတကား။ ဤသည်မှာ 'သေခြင်း၌ မွေ့လျော်ခြင်း' အမည်ရှိ ဆောင်းပါးလာ ကိုမြင့်သန်း၏ ရေးသားချက်ကို စာဖတ်သူတို့ လေ့လာနိုင်ကြစေရန် အမြည်းသဘော တင်ပြခြင်းဖြစ်ပါသည်။

၅။

၁၉၇၇ ခုနှစ်တွင် မြန်မာနိုင်ငံ ပညာရေးလောက၌ အပြောင်းအလဲတစ်ခု ဖြစ်ပေါ်လာခဲ့ပါသည်။ ထိုအပြောင်းအလဲမှာ အခြား မဟုတ်။ ဒေသကောလိပ်များ ဖွင့်လှစ်လာခြင်းပင် ဖြစ်ပါသည်။ ကျွန်တော်သည် မဟာဝိဇ္ဇာဘွဲ့အတွက် ကျမ်းပြုနေဆဲမှာ ရေနံချောင်းမြို့၊ ရေနံချောင်း ဒေသကောလိပ်သို့ ထွက်ခဲ့ရပါသည်။ ကိုမြင့်သန်းလည်း နိုင်ငံခြားသို့ ထွက်သွားသည်ဟု ကြားရပါသည်။

ကိုမြင့်သန်းသည် နိုင်ငံခြားသို့ ရောက်သွားသော်လည်း သူ တက်ရောက်ခဲ့သည့် ရန်ကုန် ဝိဇ္ဇာ သိပ္ပံ တက္ကသိုလ်ကြီးကို မမေ့ပါ။ သူ့အပေါင်းအသင်းများကိုလည်း မမေ့ပါ။ အပေါင်းအသင်းများဆီသို့ မကြာမကြာ စာရေးပါသည်။ မကြာမကြာလည်း ဖုန်းဆက်ပါသည်။ စာရေးသောအခါ၌ ဖြစ်စေ၊ ဖုန်းဆက်သောအခါ၌ဖြစ်စေ 'နေကောင်းအောင် နေပါ'ဟု အဆုံးသတ်လေ့ ရှိသည်။

နောက် သိရသည်မှာ ကိုမြင့်သန်းသည် သူ ရောက်နေသော ဩစတြေးလျနိုင်ငံရှိ ဆစ်ဒနီတက္ကသိုလ်နှင့် ဆစ်ဒနီအနောက်ဘက် တက္ကသိုလ်များသို့ တက်ရောက်၍ ပညာ ဆက်လက်ဆည်းပူးနေသည်ဟူ၍ ဖြစ်ပါသည်။ ကိုမြင့်သန်းသည် ထိုတက္ကသိုလ်များ၌ တက်ရောက်ရင်း ကလောင်စွဲကိုင်လာပါသည်။ ဆောင်းပါးများ ရေးလာပါသည်။ ဆောင်းပါးများထဲတွင် ဝေဖန်ရေးဆောင်းပါးများလည်း ပါပါသည်။ ကိုမြင့်သန်း၏ ဝေဖန်ရေးဆောင်းပါးများသည် စူးရှလှသည်ဟု အများက မှတ်ချက်ပြုကြပါသည်။ ကိုမြင့်သန်းက ဝေဖန်ရေးကို အတတ်ပညာတစ်ရပ်ဟု မြင်ပါသည်။ ဆောင်းပါးတစ်စောင်ကို ဝေဖန်သည်ဖြစ်စေ၊ ကဗျာတစ်ပုဒ်ကို ဝေဖန်သည်ဖြစ်စေ ပေါ့ပေါ့တန်တန် မဝေဖန်ဘဲ ဝေဖန်ရေး အတတ်ပညာ နှုန်းစံများဖြင့် ဝေဖန်သင့်သည်ဟု ကိုမြင့်သန်းက

mgyoe.com

ယူဆခဲ့ပါသည်။

ကျွန်တော်သည် ကိုမြင့်သန်း ရန်ကုန်ကို ပြန်လာသခိုက် ကိုမြင့်သန်းနှင့် ဆုံရသောအခါ 'ဝေဖန်စာတွေလည်း ရေးပါ။ တစ်ချိန်က ပါမောက္ခ ဆရာကြီး ဦးခင်မောင်ဒင် ပြောခဲ့သလို ဒဿနိကဗေဒအတွက် လိုအပ်တဲ့ စာတွေကိုလည်း ဘာသာပြန်ပါ'ဟု တိုက်တွန်းတတ်ပါသည်။ 'ဘာသာပြန်တဲ့အခါမှာလည်း ဒဿနကျမ်းတွေကိုချည်း ဘာသာမပြန်ပါနဲ့ဗျာ။ အပြင်စာဖတ်သူတွေလည်း စိတ်ဝင်တစား ဖတ်ကြမည့် ဝတ္ထုတို့၊ ကဗျာတို့ကို ဘာသာပြန်ပါ။ ကျွန်တော်တို့ တက္ကသိုလ်တွေမှာ Existentialism ကို သင်ကြား ပို့ချနေကြသော်လည်း Existentialism နဲ့ ပတ်သက်တဲ့ စာတွေကို ဖတ်ခွင့်မသာကြဘူး။ အဲဒီတော့ က(ဖ)ကာတို့၊ အလ်ဘတ်ကမူးတို့၊ ဆာ(ရ)ထာတို့ရဲ့ ဝတ္ထုတွေကို ဘာသာပြန်ပါ'ဟု မေတ္တာရပ်ခံခဲ့ပါသည်။

ကျွန်တော်တို့ မေတ္တာရပ်ခံခဲ့သည့်အတိုင်းပင် ကိုမြင့်သန်းသည် က(ဖ)ကာ၊ အလ်ဘတ်ကမူး၊ ဆာ(ရ)ထာတို့၏ ဝတ္ထုများကို ကိုယ်တိုင် မှတ်ချက်ရေး၊ ကိုယ်တိုင် တည်းဖြတ်၍ ဘာသာပြန်ဆိုခဲ့ပါသည်။ ဒဿနိကဗေဒအတွက် ကြီးမားသော ထည့်ဝင်မှုတစ်ရပ်အဖြစ် မှတ်တမ်းတင်ရမည် ဖြစ်ပါသည်။

ဤသို့ဆိုလျှင် ကိုမြင့်သန်းသည် ဒဿနိကဗေဒအတွက် လိုအပ်သော စာများကို ဘာသာပြန်ရင်း ဝတ္ထုတိုများကိုလည်း ရေးလာခဲ့ပါသည်။ ကိုမြင့်သန်း၏ ဝတ္ထုတို အတော်များများတွင် မြန်မာ့သဘာဝ၊ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုတို့က အရိပ်ထိုးနေတတ်ပါသည်။

စာဖတ်သူတစ်ဦးကမူ 'ကိုမြင့်သန်းက နိုင်ငံရပ်ခြားမှာလည်း နေသေးရဲ့။ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုကိုတော့ အတော် ပိုင်နိုင်တယ်ဗျ။ ဘုန်းကြီးကျောင်းဓလေ့ကို ရေးပြီဆိုရင် ကျက်သရေခန်းကနေ ကုဋီအထိ မြင်ယောင်ယောင် ဖြစ်လာအောင် ရေးတတ်သဗျ'ဟု ပြောပါသည်။ ထိုအခါ ကျွန်တော်က ကိုမြင့်သန်းရဲ့ စာအုပ်တွေထဲမှာ သူ့ဘဝဖြစ်စဉ်အကျဉ်း ပါပါတယ်။ အဲဒီဘဝဖြစ်စဉ်အကျဉ်းကို ဖတ်ကြည့်ရင် ကိုမြင့်သန်း ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွေမှာ မွေ့လျော်ခဲ့တာကို တွေ့ရလိမ့်မယ်။ အဲဒီလို မွေ့လျော်ခဲ့လို့လည်း ဘုန်းတော်ကြီးကျောင်း ယဉ်ကျေးမှု အစဉ်အလာတွေဟာ သူ့ရင်ထဲမှာ

mgyoe.com

mgyoe.com

SAMPLE BOOK


ကိန်းနေမှာပေါ့။ နောက် ကိုမြင့်သန်းဟာ မြန်မာမှု၊ မြန်မာစာပေမှာ အင်မတန် နှံ့စပ်တဲ့ ဆရာကြီးတွေထံမှာလည်း ပညာသင်ယူခဲ့တယ်။ အဲဒီဆရာကြီးတွေ ထဲ ဆရာကြီးသျှင်သန်းမေလည်း ပါတယ်။ ဆရာကြီးသျှင်သန်းမေဟာ ကဗျာ ဖွဲ့ဆိုမှုမှာ အင်မတန် နိုင်နင်းတယ်။ ဒါကြောင့်မို့ ကိုမြင့်သန်းဟာ မြန်မာ့ဓလေ့၊ မြန်မာ့ယဉ်ကျေးမှုတို့ကို မြင်ယောင်ယောင် ဖြစ်လာအောင် ရေးနိုင်တာပါ'ဟု ပြောခဲ့ပါသည်။

အခြား စာဖတ်သူတစ်ဦးကမူ 'ကျွန်တော်တော့ 'ရောရောယောင်ယောင် မောင်ဘမောင်နှင့် ရပ်ထဲရွာထဲက ဝတ္ထုများ'စာအုပ်ထဲမှာ ပါတဲ့ 'ပြန်ချင်ပြီ ညီမောင်လှရဲ့'ဆိုတဲ့ ဝတ္ထုကို သိပ်ကြိုက်တယ်။ အဲဒီဝတ္ထုဟာ Existentialism ကို နားလည်အောင် ရေးထားတဲ့ ဝတ္ထုလို့ ထင်မိတယ်။ ကိုယ် ရှိနေတာကလေး ကလည်း အရေးကြီးတယ်။ ကိုယ် ရှိနေတော့ ကိုယ်ကပဲ ဆုံးဖြတ်နိုင်တယ်။ ကိုယ်ကပဲ ပစ်ချခံထားရသလို နေနေ၊ ကိုယ်ရှိနေဖို့က လိုနေတယ်လို့ ကိုမြင့်သန်း က ရေးထားတယ်။ အဲဒါ Existentialism အကြောင်းကို ရေးထားတာလို့ ကျွန်တော် ထင်ပါတယ်'ဟု ပြောပါသည်။

အခြား စာဖတ်သူတစ်ဦးကလည်း 'ကိုမြင့်သန်းက စကားပြော ကောင်း တဲ့သူဗျ။ သူ ပြောတဲ့ အကြောင်းအရာတွေက ကျွန်တော်တို့ ပတ်ဝန်းကျင်မှာ မြင်နေကျ၊ တွေ့နေကျ အကြောင်းအရာတွေဗျ။ အဲဒီအကြောင်းအရာတွေကို ပြောပြရင်း ကိုမြင့်သန်းက ကျွန်တော်တို့ကို စဉ်းစားစရာ ပေးသွားသဗျ။ သူ့ အရေးအသားက ကျွန်တော်တို့ကို အဲဒီ စဉ်းစားစရာဆီ ရောက်အောင် ခေါ်မှန်း မသိ ခေါ်သွားသဗျ။ သူ့စာတွေ ဖတ်ခါစမှာတော့ သူ့အရေးအသားကို သည်းခံ ပြီး ဖတ်ရတယ်။ နောက်တော့ အလေ့အကျင့်ရသွားသလား၊ ကြိုက်သွားတာ လား မပြောတတ်ဘူး။ ကိုမြင့်သန်း ရေးတာ တွေ့ရင် ဖတ်ချင်စိတ် ပေါ်လာ တော့တာပဲ'ဟု ပြောပါသည်။

ထိုအခါ ကျွန်တော်က 'ကိုမြင့်သန်းမှာ ပြောစရာတွေ အများကြီး ရှိတယ်။ အစမှာတော့ အဲဒီ ပြောစရာတွေကို ဘယ်လိုပြောရမလဲဆိုတာ အတော် ရုန်းကြံ ခဲ့ရပုံ ပေါ်တယ်။ အတော် စမ်းသပ်ခဲ့ရပုံ ပေါ်တယ်။ အခုတော့ ကိုမြင့်သန်းအနေ နဲ့ အဲဒီ ပြောစရာတွေကို ဘယ်လိုပြောရမယ်ဆိုတာ ပြောပြပုံ၊ ပြောပြနည်းတွေ

mgyoe.com

 SAMPLE BOOK 

ကို တွေ့သွားပြီ။ အဲဒီ ပြောပြပုံ၊ ပြောပြနည်းဟာလည်း ကျွန်တော်တို့ မြန်မာ စာပေလောကမှာ နေရာတစ်ခု ရနေပြီ'ဟု ပြောခဲ့ပါသည်။

ထိုအခါ ထိုစာဖတ်သူက 'ဆရာပြောတာ ကျွန်တော် လက်ခံပါတယ်။ ဟုတ်ပါတယ်။ ကိုမြင့်သန်းရဲ့ အရေးအသားဟာ မြန်မာစာပေလောကမှာ နေရာတစ်ခု ရနေပါပြီ'ဟု ပြောပါသည်။

၆။

ကိုမြင့်သန်းရေ ...

ကိုမြင့်သန်းနဲ့ ပတ်သက်လို့ ပြောစရာတွေ အများကြီး ရှိနေပါသေးတယ်။ ပြောခွင့်သာသလောက် ပြောခဲ့ပါပြီ။

ကိုမြင့်သန်း နေကောင်းအောင် နေပါ။

**မြဝင်း (ဒသသန)**

၂၀၊ ၁၀၊ ၂၀၁၆။

mgyoe.com

mgyoe.com SAMPLE BOOK

mgyoe.com

mgyoe.com SAMPLE BOOK

## အမှာစာ
## (ကို) မြင့်သန်း၊ ပါရမီရှိသူ၊ မြန်မာချစ်သူ

ကျွန်တော့် အရေးအသားကလေးတွေ စုပေါင်းပြီး မိုးဝေးက စာအုပ်ထုတ်မလို့တဲ့။ ခင်ဗျားနဲ့ ရိုက်တာကြီးတို့ အမှာစာ ရေးပေးကြပါလို့ ကိုမြင့်သန်းက ဖုန်းဆက်ပြီး ပြောတယ်။ ဩ ... ခင်ဗျားကတော့ ကျုပ်တို့ အမှာရေးမှလူသူလေးပါး သိကြမှာကိုးလို့ ကျွန်တော်က ပြန်ပြောတော့ သဘောကျပြီး တဟဲဟဲ ရယ်တယ်။ ကဗျာဆရာတွေကတော့ ခင်ဗျားကို အသည်းစွဲပဲ။ ခင်ဗျား ဝတ္ထုတွေတင် မကဘူး။ ခင်ဗျားရဲ့ တခြားအရေးအသားလည်း ပါမယ်ထင်တယ်။ မောင်ဒေးရဲ့ မင်္ဂလာဧည့်ခံပွဲ ညမှာ တွေ့ပြီး ပြောဖြစ်ကြတော့ သူတို့က အတော့်ကို နှစ်သက်ကြတာကိုးလို့ ကျွန်တော်က ထပ်ပြောတယ်။ ဟုတ်လို့လားလို့ ကိုမြင့်သန်းက ပြန်ပြောတယ်။

အမှာစာရေးဖို့ သူ (ကိုမြင့်သန်း) ရဲ့ စာအုပ်လေးတွေကို ကျွန်တော် ပြန်ဖတ်ကြည့်တယ်။ စတိုင်သစ်၊ ချင်းတွင်းမှာ ပါလို့ ဖတ်ပြီးတာတွေ ဖြစ်သော်လည်း ခုလည်း ဖတ်လို့ ကောင်းတုန်းပဲ။ ဖတ်လို့ ကောင်းတယ်ဆိုတာ

mgyoe.com

mgyoe.com

အရသာ တွေ့တယ်။ ငြီးမသွားဘူးလို့ ဆိုလိုတာ။ ဩ ... သူက စကားလုံးတွေကို သုံးစွဲတဲ့နေရာမှာ နေသားတကျပါကလား။ အလောတော်ကလေး၊ အနေတော်ကလေးပါကလား။ ဒါကြောင့် ထင်ပါရဲ့။ တောင်ရွာက မောင်တာလို့ ဖတ်ရတိုင်း ပြုံးမိတယ်။ မူလတန်း ကျောင်းဆရာကြီး ဆရာမြတော့ ဘယ်လိုရှိမလဲ မပြောတတ်ဘူး။

ဆရာမြရော၊ မောင်တာရောဟာ တောသားအစစ်တွေ၊ ရေတစ်စက်မှ မရောတဲ့သူတွေ။ ရေမရောတဲ့ တောသားတွေဖြစ်တဲ့ အားလျော်စွာ ဘုန်းတော်ကြီး၊ ဦးဇင်း၊ ကပ္ပိယ၊ ကာလသားခေါင်း၊ တံတားထိပ် ကားဆိပ် ... အဲဒါတွေ သိသပေါ့။ သို့သော် အဲဒါတွေကို ဖော်ရာမှာ ကျွန်တော့်ထက် ကိုမြင့်သန်းက ပိုပိုင်တယ်လို့ ဆိုရမယ်။ ရိုက်တာကြီး ဦးမြဝင်းဟာလည်း တောအကြောင်း ကဗျာဖွဲ့ရာမှာ ပိုင်လို့၊ ကျွန်တော်တို့ထက်လို့ မဆိုဘဲ ကျွန်တော့်ထက်လို့ ဆိုတာပါ။ 'ဖော်'တဲ့နေရာမှာ ပိုင်တယ်။ သူ့လို ဘယ်သူ ရေးတတ်မလဲ။ အညာက ရွာ၊ ရွာက ရွာသားတွေ၊ ရွာသူတွေ ပြောကြဆိုကြတာ၊ လုပ်ကြကိုင်ကြတာဟာ ကျွန်တော့်ဆီတော့ ရောက်တယ်။ ကဗျာဆရာတွေဆီကိုလည်း ရောက်တယ်။ 'ရွာ၏ အခြားတစ်ဖက်က ချောင်းရေ နောက်ကျိရသည့် အကြောင်း'ကို ဖတ်ကြည့်သောသူ မည်သူ့မဆိုဆီလည်း ရောက်မယ်။ လွန်လွန်ကဲကဲ ပြောတယ်ရယ်လို့ မဟုတ်ဘူး ထင်ပါတယ်။ ကိုမြင့်သန်းဟာ ဝတ္ထုရေးရာမှာ ပါရမီရှိသူ ဖြစ်မယ်။

သူနဲ့ သန်းသန်းရည်ဟာ ဝေးတစ်မြေက ဆစ်ဒနီ တောင်ပြာပေါ်မှာ နေတယ်။ ဆစ်ဒနီ တောင်ပြာကြီးပေါ်မှာ နေပေတဲ့ ရေတိမ်ကန်ရွာ သူကြီးတူမောင်မူ၊ ကာလသားခေါင်း သောင်းစိန်၊ တိုက်အုပ်ကိုယ်တော် ဗိုလ်ဉာဏ်စသည်ဖြင့် စိတ်ကူးကွန့်မြူးတယ်။ ကိုမြင့်သန်းဟာ ငယ်ငယ်က မန္တလေး ဆူးခါးကျောင်းမှာ နွေကျောင်းပိတ် နေရတယ်ဆိုပေတဲ့ ခုထိအောင် မှတ်ဉာဏ်ထဲမှာ ဒါတွေကို ဘယ်လို သိမ်းဆည်းထားသလဲ။ မြန်မာပြည်နဲ့ ဝေးတာကြာပြီပဲ။ သို့သော် မြန်မာပြည်ကြီးက သူ့အထဲထဲမှာ ရှိနေတုန်းကိုး။ လွမ်းလို့ပဲပေါ့။ ဒါနဲ့ပဲ အတိတ်ဆီ အတွေးကြော ဆက်နိုင်တာ။ သူ့မှာ မြန်မာတောရွာကို နှစ်လိုတဲ့ စိတ်လည်း ရှိသကိုး။ မနှစ်လိုရင် မတည်ရှိနိုင်။

mgyoe.com

mgyoe.com  SAMPLE BOOK 

သို့သော် တလောတုန်းက ကျွန်တော့်ဆီ သူ ရေးတဲ့ စာတစ်စောင်ထဲမှာ သလို ပါလာတယ်။

*ဆရာတာ ခင်ဗျား*

*ဖုန်းဆက် စကားပြောလိုက်လို့ ကျေးဇူးတင်ရပါတယ်။ မနေ့ကတော့ နေသာတယ်။ အေးတော့ အေးတယ်။ ငါးဒီဂရီ လောက်ဆိုတော့ နေသာထိုင်သာ ရှိတယ်။ တစ်နေ့ခင်းလုံး လိုလို ကျွန်တော်တို့လည်း ခြံနောက်ဖေးဘက် ထွက်ထိုင်နေ ကြရင်း ခင်ဗျားတို့ကို သတိရနေတယ်။ မြန်မာပြည်က ရင်းနှီး တဲ့သူတချို့ကို လွမ်းမိတယ်။ မြန်မာပြည်တော့ဖြင့် မလွမ်း တော့ဘူး။ မုန်းတီးစိတ်တောင် ပေါ်လာတယ်။ မြန်မာတွေကို ဒီရွေ့ဒီမျှ ညံ့ကြပါကလားလို့ တွေးမိတယ်။ ညံ့တယ် ဆိုတာ ကလည်း naive ကို ပြောချင်တာပါ။ ဒါပေတဲ့ ကိုယ်လည်း ဘာမှ မတတ်နိုင်။ ဟိုတုန်းက တရားဝန်ကြီးချုပ် လုပ်ခဲ့တဲ့ အန်ကယ်ဦးမြင့်သိန်းက ပြောဖူးတယ်။ တို့လူမျိုးက ယုံစရာ ရှိရင် မျက်စိမှိတ် ယုံတတ်တယ်တဲ့။ အဲဒီတုန်းက ကျွန်တော် သိပ်သဘောမပေါက်ဘူး။ ခုတော့ အတော် သဘောပေါက် လာတယ်။ ပေါက်ဆို ကျွန်တော်တို့ မြန်မာတွေဟာ လူကို ကိုးကွယ်တဲ့ အလေ့အထ ရှိတာကိုး။ … … …*

*အဲဒီအကြောင်းကို တစ်လလောက်က ကျွန်တော့် သူငယ် ချင်း ဖေသန်းဦး (ခင်ဗျား တွေ့ဖူးပါတယ်) ကို ရေးပြလိုက် မိသေးတယ်။ လွန်ခဲ့တဲ့ ဆယ်နှစ်ကျော်က ဆွေးနွေးပွဲတစ်ခု အပြီးမှာ တစ်ယောက်က မေးတယ်။ မြန်မာပြည်မှာ စစ်အစိုးရ မရှိတော့လို့ အရပ်သားက တက်လာရင် ဘယ်လို ဖြစ်မယ် ထင်သလဲတဲ့။ သူက ESCAP မှာ လုပ်လာတဲ့သူ။ ကျွန်တော် ကတော့ ပြောလိုက်မိတယ်။ ကျွန်တော်က မြန်မာအိပ်စပတ် မဟုတ်ဘူး။ အရပ်သား တက်လာရင်တော့ အရပ်သား အာဏာရှင်စနစ်ပဲ ဖြစ်မယ်လို့ ဖြေတော့ သူက သိပ်မကြိုက်*

mgyoe.com

mgyoe.com
SAMPLE BOOK

ဘူး။ ဒါနဲ့ပဲ ဒေါ်လာတစ်ရာကြေး လောင်းတယ်။ မတ်လ ကုန်ခါနီးမှာ ရှန့်ဟိုင်မှာ တွေ့ကြတော့ သူက ကျွန်တော့်ကို ငွေတစ်ရာ လာပေးတယ်။ အရက် သောက်လိုက်ကြတယ်။ အဲဒီနောက် တိုးတိုးတိတ်တိတ်နဲ့ ကျွန်တော့်ကို သူ လုပ်နေတဲ့ အရှေ့အာရှရဲ့ နိုင်ငံရေး အကဲဖြတ်ဌာနမှာ အလုပ်လုပ်ဖို့ ပြောတယ်။ ကျွန်တော်ကတော့ သာသာပဲ ငြင်းလိုက်တယ်။ တစ် – ကျွန်တော် မြန်မာအိပ်စပတ် မဟုတ်ဘူး။ နှစ် – ကျွန်တော် စိုက်ထားတဲ့ ခရမ်းချဉ်ပင်တွေ ပိုးမကျအောင် လုပ်ရဦးမယ်လို့။ ခက်နေတာ တစ်ခုက ခုခေတ်ကျခါမှ NLD နဲ့ ပတ်သက်သမျှ ရှောင်ရေးရမယ်ဆိုသလို ဖြစ်နေတယ်။

... ...

ချင်းတွင်းကို ခင်ဗျား မွေးနေ့တိုင်း ဒီဇင်ဘာမှာ တစ်နှစ် တစ်အုပ်လောက် ထုတ်ပါလား။ အမှတ်တရလည်း ဖြစ်တာ ပေါ့။ အရင်လူတွေ ပြန်စု၊ စာဟောင်းတချို့ ပြန်ထည့်။ ဥပမာ၊ ဆရာပါတို့၊ ဦးညိုမြတို့ စာမျိုးလေးတွေနဲ့ ဖြည့်။ သိမ်းထားရမယ့် စာတစ်အုပ် ဖြစ်လာမှာလို့ ကျွန်တော် ယုံ တယ်။ သန်းသန်းကလည်း ပြောတယ်။ နိုဝင်ဘာလောက် ကျရင် ဆုံကြဦးစို့တဲ့။ ခင်ဗျားတို့ နှစ်ယောက်စလုံးကလည်း အလုပ်များနေတတ်ကြတော့ မေးကြည့်ဦးမယ်လို့ပဲ ပြော ထားတယ်။ အချိန်ရရင်ပေါ့ဗျာ။ မနှစ်ကလို ရေကလေး စိမ်လိုက်၊ လေပစ်လိုက်၊ အထုပ်ကလေး ဆွဲလိုက်ပေါ့။ ...

... ...

ခင်ဗျားတို့၊ ဝင်းကျော်တို့၊ အွယ်ပီးတို့နဲ့ တွေ့ချင်တာတော့ အမှန်ပဲ။ လေပစ်ချင်တယ်။ ဒါပေတဲ့ ခုနေတော့ မလာတာပဲ ကောင်းမယ်။ အရင်က စစ်အစိုးရရဲ့ အာဏာ အလွဲသုံးစားမှု ကြောင့် အစိုးရကို မုန်းတာ။ ခုတော့ လူတွေကို မုန်းလာတာ။ ဘာဖြစ်လို့ ဒီရွှေ့ဒီမျှ ညံ့ကြရတယ်ဆိုတာ နားမလည်နိုင်ဘူး။

mgyoe.com

m g y o e . c o m  SAMPLE BOOK 

*ကျွန်တော်တို့ လူမျိုးက တလွဲ ဆံပင်ကောင်းမှာ တော်လွန်းတယ်။ ပက်ပုံလမ်း ယဉ်ကျေးမှုကို ပုံတူကူးချလိုက်ဖို့ ဝန်မလေးဘူး။ ပေါ်ပင်လိုက်တယ်။ ထင်ပေါ်ချင်လွန်းတယ် ဆိုတာက များလွန်းတယ်။ ဥပမာ၊ ပွဲထိုင်တွေမှာ အမျိုးသမီးတွေ ဝတ်တဲ့ အရောင်ကိုပဲ ကြည့်။ အရောင်တောက်တောက်ကို အပေါ်အောက် ဝတ်စုံ ဝတ်ထားတတ်ကြတယ်။ ဟိုစဉ်က ပွဲထိုင်ဆိုရင် ရွှေဝါရောင်နုနုကလေး၊ ပန်းနုရောင်၊ မိုးပြာရောင်နုနု စတဲ့ အရောင်နုနုညက်ညက်ကလေးနဲ့ ဂုဏ်တင် မကဘူး၊ သိက္ခာကိုပါ ဖော်တတ်တဲ့ ဂုဏ်သရေရှိ မြန်မာအမျိုးသမီးတွေဟာ ကနေ့ကာလမှာတော့ တောက်တဲ့ အာခေါင်နီကို မိတ်ကပ်လိမ်းပေးထားသလိုမျိုး တွေ့လာရတာသာ ကြည့်။ မဝတ်ရဘူးလို့ မဆိုလိုဘူး။ ပေါ်လွင်ချင်လွန်းတော့ အသားမည်း အရဲဆင်ဆိုတာမျိုးတွေ ဖြစ်လာတာကို ဆိုလိုတာ။ ပိုမိုယဉ်ကျေးတဲ့ အရပ်တွေမှာ B wears B, L wears L ဆိုတာတွေ ရှိတယ်။ ဆိုချင်တာက Bawd wears Bright, Lady wears Light ပဲ။ ဒီလိုမျိုးတော့ အတုယူကြရမှန်း မသိဘူး။ အသေးအမွှားလို့ ပြောချင် ပြောကြမယ်။ အက်ကမင်းရဲ့ စရိုက်လက္ခဏာကို လေ့လာပုံအရ ပြောရရင်တော့ ပိတ်ဆို့ ကျပ်ညှပ်ထားခြင်းကနေ တစ်မုဟုတ်ချင်း လွတ်မြောက်သွားတဲ့ မြန်မာတွေရဲ့ စိတ်ထားကို ပေါ်ပေါ်လွင်လွင် မြင်နေရတယ်။ ထိမ်ငုပ်နေခဲ့တဲ့ အတွင်းစိတ်ထဲမှာ ကနေ့ မြန်မာပြည်က လူအများစုဟာ ထင်ပေါ်လိုတာဟာ အဓိကပဲ။ မိန်းမတွေ ဆိုတာကတော့ အထူးပြောနေစရာ လိုမယ် မထင်ဘူး။ ပြောချင်တာတွေကတော့ အများကြီးပဲဗျာ။ ပြောလို့လည်း ပြီးမယ် မထင်ဘူး။ ခင်ဗျားတို့၊ ကျွန်တော်တို့လည်း ကြီးလာပြီ။ ကိုယ့်အရိုးကို ကိုယ့်ဘာသာ မသယ်ချင်လောက်တဲ့ အရွယ်အထိ ရောက်မသွားသေးခင်တော့ လောကကြီးရဲ့ ဖြစ်ပျက်နေခြင်းနဲ့ ရည်ငံ*

m g y o e . c o m

mgyoe.com  SAMPLE BOOK 

*နေနိုင်အောင်တော့ ရှာကြံ ကြိုးစားရဦးမှာပဲ။ ရှေးက ပညာရှိမင်းများ ဆိုခဲ့ကြသလို အရာရာကို သွားဟာနဲ့ ဆုံးကြရမယ်ဆိုတာမျိုး ကြုံရကောင်းချည်သေးရဲ့။ နေထိုင်ကောင်းအောင်သာ နေဗျာ။ ဆရာမကြီးလည်း နှုတ်ဆက်လိုက်ပါ။*

ကျွန်တော်ကတော့ သူ့စာကို အောက်ပါအတိုင်း အနက်ကောက်တယ်။

တကယ်တော့ အနေသာချည်းပဲ။ မြန်မာပြည်မှာ ဖြစ်ပျက်နေတာတွေနဲ့ သူ့ရဲ့ဘဝဟာ ပတ်သက်လှတာလည်း မဟုတ်ဘူး။ နိုင်ငံရပ်ခြားမှာ နေတဲ့မြန်မာများထဲမှာ မြန်မာပြည်အရေးမှာ တော်သလို လျော်သလိုသာ နေလိုက်ကြတဲ့ လူတွေလည်း ရှိတယ်။ မြန်မာပြည်ကြီးကို ကိုယ်က (ကိုယ်ကာယအားဖြင့်) ခွာသော်လည်း စိတ်က မခွာတဲ့လူတွေလည်း ရှိတယ်။ ဒုတိယ အမျိုးအစားထဲမှာ ကျွန်တော်တို့ရဲ့ ကိုမြင့်သန်း ပါတယ်။

ပါလို့ပဲ မကျေနိုင် မချမ်းနိုင် ဖြစ်နေတတ်တာ။ 'နာ' နေတတ်တယ်။ သူ့နယ်ပယ်ဖြစ်တဲ့ ယဉ်ကျေးမှုရေး၊ အနုပညာရေးမှာပါ။ ဥပမာ၊ 'စသည်စသည်ဖြင့် ...' ဆိုတဲ့ မြင့်သန်း၏ စာပေ၊ ဘာသာစကား၊ ယဉ်ကျေးမှု၊ သမိုင်း၊ ရသပညာ စသည့် အရေးအသားများ စာအုပ်ကိုသာ ဖတ်ကြည့်ပါ။

*'ဤသို့ တင်ပြရသည်မှာ စာတမ်း အမည်ခံ စာတမ်းတချို့ကြောင့် မြန်မာပညာရှင်များအပေါ် (မကြာမကြာ ကြားရတတ်သော) အထင်အမြင်သေး ခံရမှုများ နည်းပါးစေချင်သောကြောင့် ဖြစ်ပါသည်။ ထိုသို့ အထင်သေးခံရမှုများမှာ တစ်မျိုးသားလုံးအပေါ် ပညာရပ်ဆိုင်ရာ နယ်ပယ်တွင် မလိုအပ်ဘဲပေါ်ပေါက်လာတတ်ပါသည်။ ယနေ့ခေတ်ကာလမှာ ပညာရပ်ဆိုင်ရာ ခေတ်ကာလ၊ ဘာဘာညာညာ ခေါ်ကြသည်ကိုအားလုံး သိနှင့်ကြပြီးဖြစ်၍ အကျယ် မရှင်းတော့ပါ။ ထိုထိုသော ကာလမျိုးတွင် လေကို ဖမ်း၍ ဝါးတန်းချည်ပြနေချင်၍မဖြစ်တော့ပါ။ ပညာရပ်တစ်ခုနှင့် တစ်ခုမှာလည်း နွယ်ငင်*

mgyoe.com

*ဆက်စပ်နေမှုများ ရှိနေကြသဖြင့် တစ်ခုနှင့်တစ်ခု၏ ဆက်စပ်နေမှုများလည်း သိရန် လိုအပ်ပါသည်။ ပညာရပ်ဆိုင်ရာစနစ်များကိုလည်း သိရန် လိုပါသည်။ အဆိုးဝါးဆုံးမှာ မသိသည်ကို သိသလိုလိုဖြင့် ဝင်ရော၊ ဝင်ဖြီးနေ၍ မသင့်တော့ဟုထင်ပါသည်။ ထို့ပြင် ယနေ့ မြန်မာနိုင်ငံ၏ အနေအထားမှာ ကမ္ဘာကြီးနှင့် တိုက်ရိုက်ထိတွေ့နေသော အနေအထားမျိုးဖြစ်နေသဖြင့် ကမ္ဘာအရပ်ရပ်မှ ပညာရှင်များ၊ သုတေသနပြုသူများ၊ လေ့လာသူများက အမြဲလိုပင် စိတ်ဝင်တစားနှင့် လေ့လာနေကြသော အနေအထားမျိုး ဖြစ်ပါသည်။ ရှေးကကဲ့သို့ တံခါးပိတ်ဝါဒဖြင့် ရပ်တည်နေသည် မဟုတ်တော့။ တက္ကသိုလ်နှင့် ပညာရပ်ဆိုင်ရာ အဆောက်အအုံများက ဘွဲ့လွန်ပညာရှင်များ၊ ပါရဂူများ အများအပြား ထုတ်လုပ်ပေးနေပါပြီ။ ပညာရှင်များက သိကြပါသည်။ ထိုသို့ ခေတ်သစ်ကာလအတွင်းမှ မြန်မာ၏ အနေအထားကိုမျှ မငဲ့ကွက်ဘဲ မိမိအပေါ် ဆားလူကအထင်ကြီးရေးကို ရှေ့တန်းတင်ကာ မရေမရာ၊ ဦးတည်ရာမဲ့စာတမ်းမျိုး ရေးသားခြင်းဖြင့် တစ်မျိုးသားလုံးအပေါ် အထင်အမြင်သေးရန် စေ့ဆော်မှုပေး ရေးသားနေခြင်းများမှာ ရပ်သင့်ပြီဟု ထင်မိသောကြောင့် ဤအရေးအသားကို ရေးရပါသည်'*

သူ့ရဲ့ လောကအမြင်တွေကိုတော့ 'လှေကားထစ်တွေ၊ မြစ်၊ နံရံ' စတာတွေနဲ့ ရေးတယ်။ သူ့စကားအရဆိုရင် ဖန်တီးနိုင်ခြင်းအတွင်းကို တိုးဝင်သွားတာပဲ။ ဖေတော့ မောင်တော့ကြိုက် စာဖတ်ပရိသတ်အတွက် စာတွေတော့မဟုတ်ဘူးပေါ့။ စာထဲမှာ ပါတာတွေက လှသော အသောဖောက်မှုများ၊ ပြီးတော့ လူ၏ ပြောင်းလဲတတ်သော အမြင်များ၊ ထိုတစ်ပုဒ်တလေ၌ ကြည်နူးစရာများ၊ လွမ်းစရာများ။ နောက် တစ်ပုဒ်တလေမှာတော့ စိတ်ကူးယဉ်တတ်ခြင်းကိုအမွှမ်းတင်ခြင်း (စိတ်ကူးယဉ်တယ်ဆိုတာ လွတ်လပ်မှုအားလုံးရဲ့ ဖခင်ကြီးပဲ။ စိတ်ကူးယဉ်တတ်မှ ဘဝဆိုတာကို တည်ဆောက်လို့ရတာ စသဖြင့် ...)။

mgyoe.com

mgyoe.com


ကျွန်တော် ဖတ်စရာ အရသာရှိတဲ့ ဝတ္ထုတွေ၊ ကျိုးကြောင်းရှိတဲ့ ဝေဖန်စာတွေ ရေးသမို့ ကျွန်တော်ကတော့ဖြင့် ကိုမြင့်သန်းကို ကျေးဇူးတင်တယ်။ သူများကိုတော့လည်း ကျွန်တော် မသိဘူးပေါ့။ သို့သော် ကဗျာဆရာများကတော့လည်း ကျွန်တော့်လို ကျေးဇူးတင်ပုံရတယ်။ အမှာစာကိုတော့ ဒီမှာ ရပ်ချင်တယ်။

ဒီအမှာစာမှာ သူ့ (ကိုမြင့်သန်း) ရဲ့ စာအကြောင်းဆိုပေတဲ့ 'ရောတိရောရာ ငါလည်းပါ၊ ပါပါလျက်သား ငါက များ'ဆိုသလို ဖြစ်ချင်ဖြစ်မယ်။ အဲသလို မဖြစ်စေနဲ့လို့ အဲဒီသဘောမျိုး ဆုံးပါးသွားတဲ့ ဒေါက်တာသန်းထွန်း ကျွန်တော့်ကို ပြောခဲ့ဖူးပေတဲ့ (ဆက်နွှယ်နေသော အကြောင်းကြောင့်) ကျွန်တော့် အကြောင်းက ပါနေတာကို ခွင့်လွှတ်ပါ။ ကျွန်တော် မြင်သမျှကတော့ 'စိတ်တိုင်းကျသမား ကိုမြင့်သန်း'ဟာ အရေးအသားမှာ ပါရမီရှိတယ်။ ပြီးတော့ မြန်မာတို့မှာ ဂရုစမ္မစိုက်တယ်။ မြန်မာများကို ချစ်တဲ့၊ လွမ်းတဲ့စိတ် အရင်းခံ ရှိတယ်။ အဲသလို မြင်ပါတယ်။

ရိုးသားစွာဖြင့်
**မောင်တာ**

mgyoe.com

mgyoe.com SAMPLE BOOK

## လင်းတ မမိ၊ ဒေါင်း မိရသည့်အကြောင်း

ရေတိမ်ကန်ကျောင်းက ဘုန်းကြီး ပျံလွန်တော်မူသွားကတည်းက ကျောင်းထိုင်မယ့်သူ မရှိဘူး ဖြစ်နေတယ်။ ကျောင်းထိုင် ကိုယ်တော်ကလေး ပျံလွန်ပြီး သူ့မယ်တော်ပါ ကွယ်လွန်သွားတော့ ဟိုပြောဒီပြော ပြောကြရင်းက ကျောင်းမှာ ကျောင်းထိုင်မယ့် ကိုယ်တော် ရှာလို့မရတော့ဘူး။ ရေတိမ်ကန်ဘက်က လူတွေ ခုဆို ဒီဘက်ကျောင်းကို လာတဲ့အခါတိုင်း ဆရာတော်ကြီးကို သူတို့ကျောင်းမှာ ကျောင်းထိုင်မယ့်ဘုန်းကြီး ရှာပေးဖို့ အပူကပ်ကြတယ်။ ရေတိမ်ကန်နဲ့နီးတဲ့ တာလမ်းပေါ်က ကုန်စုံဆိုင်ပိုင်ရှင် ထောင်ကဲကြီး ဦးအကွေးကများဆိုရင် 'ကျောင်းထိုင်မယ့်ဘုန်းကြီး မရရင် ကိုယ်တော့် တိုက်အုပ်ဘုန်းကြီးကို တပည့်တော် ခိုးပြေးရလိမ့်မယ်'လို့ ရယ်သလို နောက်သလိုနဲ့ ပြောလေ့ ရှိတယ်။ ခက်လာတာ တစ်ခုက ဒီနှစ်က ရေတိမ်ကန် ဘုရားပွဲနှစ်။ ဘာကြောင့်မှန်းတော့ မသိဘူး။ ရေတိမ်ကန်ဘုရားပွဲက နှစ်နှစ်မှ တစ်ခါ လုပ်ကြတာ။ ဒီတော့ ဘုန်းကြီးက ဒီအရပ်မှာ ငါ ရှိလျက်နဲ့ ရေတိမ်ကန်ကျောင်းမှာ

mgyoe.com

mgyoe.com  SAMPLE BOOK 

ကျောင်းထိုင်ဖို့ ဘုန်းကြီး ရှာမရလို့ ဘုရားပွဲ မဖြစ်ရင် မကောင်းလှဘူးလို့ တွေးမိတယ်။ ဒီတော့ ဘုန်းကြီးက သူ့တိုက်အုပ်နဲ့ ညစဉ်လို သူတို့ကျောင်းထွက်တွေ၊ ငယ်တပည့်တွေစာရင်း ပြန်စဉ်းစားရတယ်။ စဉ်းစားရသမျှကလေး ဆက်သွယ်ကြည့်တော့ စာချလုပ်နေတဲ့ ကိုယ်တော်တွေက များနေလို့ စာသင်သားတွေကို ပစ်ပြီး လာလို့ မဖြစ်နိုင်ကြဘူး။ နောက်ဆုံး ဘုန်းကြီးကပဲ ကိုယ်တော်ကလေး တစ်ပါးကို သတိရလိုက်မိတယ်။ 'မောင်ဉာဏ်၊ မောင်အဂ္ဂ ရှာစမ်း။ မနှစ်က ဒီဝင်လာတုန်း တစ်နှစ်၊ နှစ်နှစ်စာလောက် စာချတာ နားဦးမယ်လို့ ငါ့ကို လျှောက်ဖူးတယ်။ သူနဲ့ဆို အတော်ပဲ။ သူလည်း နားနားနေနေ ဖြစ်ရတာပေါ့'လို့ ဆိုလိုက်တယ်။

ဒီတော့ တိုက်အုပ်က 'အရှင်ဘုရား၊ ဦးအဂ္ဂနဲ့ ဖြစ်ပါ့မလား။ သူက အတော် မြို့ဆန်တယ်'လို့ တစ်ခွန်း ပြန်ပြောလိုက်မိတယ်။ 'မြို့နေတော့ မြို့ဆန်သပေါ့ကွာ။ မြို့လို တွေးရသပေါ့ကွာ။ မင်းလည်း မြို့မှာ ကျောင်းသွားထိုင်ရင် မြို့ဆန်သွားမှာပေါ့'လို့ ပြောရင်း ပြုံးတယ်။ တိုက်အုပ်လည်း ဘုန်းကြီးလေး ဦးအဂ္ဂနဲ့ ရအောင် ဆက်သွယ်ရင်း အဆုံးမှာတော့ ဦးအဂ္ဂကို ရေတိမ်ကန်ကျောင်းမှာ ကျောင်းထိုင်ဖြစ်အောင် တိုက်တွန်းနိုင်ခဲ့တာပေါ့။ ဘုန်းကြီးလေး ဦးအဂ္ဂကတော့ ဆရာတော်ကြီးနဲ့ တိုက်အုပ်ကို ခပ်ရှင်းရှင်း လျှောက်ထားတယ်။ 'တပည့်တော် ဘုရားပွဲပြီးတဲ့အထိတော့ ကြိုးစားနေပါ့မယ်ဘုရား'လို့ လျှောက်ထားတယ်။

'တို့လည်း နီးနီးနားနား ရှိသားပဲကွာ၊ မင်း လိုတာသာ ပြော'လို့ ဆရာတော်ကြီးနဲ့ တိုက်အုပ်က ကိုယ်တော်ကလေးကို အားပေးကြရှာတယ်။ ဒီလိုနဲ့ပဲ ရေတိမ်ကန်ကျောင်းမှာ ဘုန်းကြီးကလေး ကျောင်းထိုင်ဖြစ်သွားတယ်။ ကိုယ်တော်ကလေးနဲ့ အတော်သပ္ပာယဖြစ်တယ် ပြောရမယ်။ ကိုယ်တော်ကလေး ရောက်လာကတည်းက ဇည့်ကို ပြတ်တယ် မရှိသလောက်ဘဲ။ ဆွမ်းကွမ်းက လိုလေသေး မရှိဘူး။ ကိုယ်တော်ကလေး ကြွလေရာပါတဲ့ ရေဒီယိုကလေးကလည်း တယ်ပြီး ဆွဲဆောင်နိုင်တာကိုး။ ညနေဆို ဘုန်းကြီး ဦးအဂ္ဂက ခုနစ်နာရီ နိုင်ငံခြားသတင်း၊ ရှစ်နာရီ ပြည်တွင်းသတင်း နားထောင်လေ့ရှိတယ်။ အဲဒါတွေပြီးရင် ရေဒီယိုကလေးကို ကျောင်းအောက် ချပေးတော့

mgyoe.com

 SAMPLE BOOK 

ရေတိမ်ကန်က လူတွေ ဓာတ်သဘင် ဖျော်ဖြေခန်းတို့၊ ဘာတို့ နားထောင်ရ သပေါ့။ ခုလို ရေတိမ်ကန်ကျောင်းမှာ စည်စည်ကားကား ဖြစ်လာတော့ ထောင်ကဲကြီး ဦးအကွေးက သဘောကျလွန်းလို့ ဘုန်းကြီးလေး ရေဒီယိုမှာ သုံးဖို့ အဲဗာရဲဒီ လေးလုံးတောင် လှူတယ်။

ဒီဘက်ကျောင်းက တိုက်အုပ် ဦးညဏိန္ဒ ပြောသလို ဘုန်းကြီးလေး ဦးအဂ္ဂက မြို့ဆန်တယ် ဆိုတာကတော့လည်း ဖြစ်နိုင်တယ်။ ရေတိမ်ကန် ဘက်က လူတွေ တဖြည်းဖြည်း ရိပ်မိလာတယ်။ ပြာသိုမှာလုပ်မယ့် ရေတိမ်ကန် ဘုရားပွဲအတွက် ပထမဝါဆို မတိုင်ခင်ကတည်းက ဘုန်းကြီးကျောင်းအောက် မှာ ညဘက် အစည်းအဝေး လုပ်ကြတယ်။ နောက်တော့ နှစ်ပတ် တစ်ခါ စနေနေ့ညတိုင်း အစည်းအဝေး လုပ်ကြတယ်။ အဲဒီအခါ ပင်စင်စား ဆရာကြီး ဦးလှမောင်က ဘုန်းကြီးလေးနား ထိုင်ပြီး ပြောတာဆိုတာတွေ လိုက်မှတ် ရတယ်။ ဦးလှမောင်ကြီးကို ဘုန်းကြီးကလေးက အဲဒီတာဝန် ပေးထားတာကိုး။ အစတော့ ဦးလှမောင်ကြီး ဘုန်းကြီးကလေးနား ထိုင်ပြီး မြောက်ကြွ မြောက် ကြွရယ်။ အတော်ကလေး ကြာလာတော့ သိပ်သဘောကျပုံ မပေါ်တော့ဘူး။ ဒီတော့ ဖင်နာ၊ ခေါင်းကိုက် စတာတွေ အကြောင်းပြပြီး ရှောင်တော့တာပဲ။ ဘယ် ဒီလိုရမှာတုံး။ ဘုန်းကြီးကလေးက လူလွှတ် အခေါ်ခိုင်းပြီး ဦးလှမောင် ကြီး ရောက်တာနဲ့ ‘ပြောစမ်း၊ ခင်ဗျား ရောဂါ။ ဟောဒါက ကိုဒါနင်၊ ဟောဒါက ဘတ်စ်ပရို၊ ဟောဒါက နှာစေး ချောင်းဆိုး ကောင်းတဲ့ ဘာမီတုံ။ ကိုင်း ... ဘာဖြစ်သတုံး၊ ပြောစမ်း’လို့ ပြောတာနဲ့ ဦးလှမောင်ကြီးလည်း ဘုန်းကြီးကလေး ဆေးပုလင်းတွေ ကြည့်ပြီး တစ်ချီတည်း အနာမျိုး ကိုးဆယ့်ခြောက်ပါး ပျောက် တော့တာ။

အရင်ကဆို ရေတိမ်ကန်ဘုရားပွဲလုပ်ဖို့ ဝါကျွတ်မှပဲ တစ်ခါလောက် စုပြီး ပြောဆိုကြရတာ။ ဘုရားပွဲကြီးကို ဘုန်းကြီးတွေက ဦးစီး ကြပ်မတ်ရတာ ဆိုတော့ များသောအားဖြင့် ဒီတစ်ကြောက ဘုန်းကြီးတွေစုတဲ့ ပဝါရဏာ ပြီးရင် အရပ်က လူတွေနဲ့ ပြောကြဆိုကြတာ။ ခုတော့ ဘုန်းကြီးကလေးက နှစ်ပတ် တစ်ခါ အစည်းအဝေးလုပ်ပြီး အစည်းအဝေးတိုင်းမှာ ဘယ်သူက ဘာတွေ လုပ်နေတယ်၊ ဘာတွေတော့ လုပ်ပြီးပြီ စတာတွေ ပြောရတယ်။

mgyoe.com

mgyoe.com

ဦးလှမောင်ကြီးကတော့ ထိုင်ပြီး မှတ်ရတယ်။ ဒီလောက်နဲ့ ဘယ်ပြီးမှာတုံး။ နောက်တစ်နေ့ ဘုန်းကြီးလေး ထုတ်ပေးတဲ့ စက္ကူဖြူဖြူပေါ်မှာ ဖောင်တိန်နဲ့ အချောပြန်ရေးရတယ်။ ပြီးမှ ဘုန်းကြီးကလေးက ဖတ်ကြည့်ပြီး စာရွက်ထောင့်မှာ တံဆိပ်တုံး နှိပ်တယ်။ တံဆိပ်တုံးနှိပ်တယ် ဆိုတာက ဒီလို ...။ ဘုန်းကြီးကလေးမှာ သူ့ဘွဲ့တံဆိပ် ရာဘာတုံး ရှိတယ်။ အဲဒီတံဆိပ်တုံးကို အစည်းအဝေးအကြောင်း ဦးလှမောင်ကြီး ရေးတဲ့ စာရွက်ထိပ်ထောင့်မှာ ရိုက်တယ်။ ပြီးမှ ရက်စွဲတပ်၊ လက်မှတ်ထိုးတယ်။ ဦးလှမောင်တို့၊ ထောင်ကဲကြီး ဦးအကွေးတို့လည်း ထိုးရတယ်။ ဒီဘက်ကျောင်းက ဆရာတော်ကြီးတို့၊ တိုက်အုပ်တို့ စကားစပ်မိတဲ့အခါ ထောင်ကဲကြီးက 'သောက်ကျိုးနည်း စနစ်ကျတဲ့ ကိုယ်တော်'လို့ မှတ်ချက်ချတယ်။

အဖိတ်နေ့၊ ဥပုသ်နေ့တွေမှာ ရေတိမ်ကန်ကျောင်း လာတဲ့သူတွေ၊ ဘာတွေက နဝကမ္မပြုဖို့ ဝတ္ထုလေး၊ ဘာလေး လှူတဲ့အခါ ဘုန်းကြီးလေးက စာရင်းနဲ့ အသေအချာမှတ်ပြီး ကျောင်းနဲ့ ဘုရားအတွက် ပစ္စည်းဝယ်တယ်။ ကြည့်လေ ...၊ ခုဆို ဘုရားဝင်းစည်းရိုးက အစိမ်းရောင် သုတ်ထားတယ်။ အရင်ကတော့ တစ်သက်လုံး ကားထောင်ဆရာ ကိုမြ အလကားပေးတဲ့ အင်္ဂျင်ဝိုင်အဟောင်းနဲ့ ရေနံချေး ရောသုတ်နေတာ။ ခုတော့ အစိမ်းရောင် ဖြစ်ကုန်ပြီ။ ကျောင်းခပ်လှမ်းလှမ်းက ဖုန်းမြေလည်း ညှိလိုက်ပြီး ကျောင်းသားတွေကို ဘောလုံးအကန်ခိုင်းတယ်။ အရင်ကတော့ ကျောင်းနောက်နားက သစ်ပင်အုပ်အောက်မှာ ခြင်းခတ်နေကြတဲ့ ကောင်တွေ၊ အခု ညနေတိုင်း ဘောလုံးကန်နေကြတယ်။ ဘောလုံးကို ဘုန်းကြီးကလေးကိုယ်တိုင် မြို့သွားတုန်း ဝယ်လာတာဆိုတော့ ဘယ်သူကမှ မပြောရဲကြဘူး။ ဒါတောင် ဦးလှမောင်ကြီးက မနေနိုင် မထိုင်နိုင် 'သူတို့ဘာသာသူတို့ ခြင်းခတ်နေတာ အကောင်းသား ကိုယ်တော်ရာ'လို့ ပြောမိလို့ 'ကောင်းတော့ ကောင်းသပေါ့ဗျာ၊ လူဆိုတာ တစ်ဆင့်ထက်တစ်ဆင့် မြင့်သထက် မြင့်ကြလေအောင် ...' အစချီပြီး ဘုန်းကြီးလေးက နှစ်နာရီသာသာလောက် ကြာအောင် ဦးလှမောင်ကြီးကို ပြန်ရှင်းပြလိုက်လို့ ဦးလှမောင်ကြီးလည်း အဲဒီညက ကံကောင်းလို့ ညစာ မလွတ်တယ်။ အဲဒီကစလို့ ဦးလှမောင်ကြီးလည်း သိပ်လျှာမရှည်ရဲတော့ဘူး။

mgyoe.com

တစ်နေ့တော့ ဘုန်းကြီးလေးက အမှတ်မထင် ပြက္ခဒိန်ကြည့်ရင်း ဘုရားပွဲလုပ်မယ့်နေ့က လကွယ်နေ့ဖြစ်နေတာ တွေ့လိုက်ရတယ်။ ဒီတော့ ချက်ချင်း ကျောင်းဆရာ ဦးလှမောင်ကို အခေါ်လွှတ်ပြီး မေးရတော့တာပေါ့။ ဦးလှမောင်ကြီးက ဘုရားပွဲရက်ကတော့ အမှန်ပဲ။ ဒီလို ပွဲလုပ်လာတာကလည်း အစဉ်အလာပဲလို့ ပြောဆိုရှင်းပြပေတဲ့ ဘုန်းကြီးကလေးက သိပ်မကျေနပ်ဘူး။ ဦးလှမောင်ခမျာ ကြားဖူးနားဝ ပါးစပ်ရာဇဝင်တွေ၊ ဘာတွေကို ကိုးကားပြော ပေတဲ့ ဘုန်းကြီးကလေးက သိပ်မကျေနပ်ဘူး။ ဒီတော့ ဦးဉာဏိန္ဒတို့ ဆရာ တပည့် ရှိရာကျောင်းကို သွားပြီး လျှောက်တယ်။ ဆရာတော်ကြီးကော တိုက်အုပ်ကပါ ရေတိမ်ကန်ဘုရားပွဲက လမိုက်ညမှသာ လုပ်လေ့ရှိကြောင်း ရှင်းပြပြီး အစဉ်အလာဖြစ်နေလို့ ဘုရားပွဲရက်ကိုတော့ ပြောင်းလို့ မဖြစ်ဘူး ဆိုတာ အတော် ရှင်းလိုက်ရတယ်။ ဘုန်းကြီးလေးကတော့ သိပ်မကျေနပ်ဘူး။ ဒါကြောင့် ပြန်ခါနီး ဝတ်ဖြည့်ရင်း 'တပည့်တော် တစ်မျိုးတစ်မည် စဉ်းစား ကြည့်ပါဦးမယ်ဘုရား'လို့ ဆရာတော်ကြီးနဲ့ တိုက်အုပ်ကို လျှောက်ထား လိုက်တယ်။

အဲဒီကစလို့ ဘုန်းကြီးလေး ဦးအဂ္ဂဟာ ရေတိမ်ကန်ဘုရားပွဲအကြောင်း တတ်နိုင်သမျှ စုံစမ်းတယ်။ ပါးစပ်ရာဇဝင်အရတော့ မင်းသားကြီး ဘယ်သူ ဆိုလား၊ အိမ်ရှေ့ကိုယ်တော်ကလေး ဘယ်သူဆိုလား၊ သူက ဒီ ရေတိမ်ကန် ဘုရားနား လမိုက်ညတွေမှာ လာလာပြီး သူ့တပည့်တွေနဲ့အတူ ခားရေး လေ့ကျင့်တယ် ဆိုပဲ။ အဲဒီအစွဲနဲ့ ဘုရားပွဲကို လမိုက်ညတွေမှာ လုပ်ကြသတဲ့။ အဲဒီအစွဲနဲ့ပဲ ဘုရားပွဲလုပ်တိုင်း အနီးအနားက ကာလသားတွေ ရိုက်ကြ သတဲ့။ ဒါကြောင့်လည်း ရေတိမ်ကန်ဘုရားပွဲမှာ ခဲလံကျည်တောက်က စားဖို့ ရောင်းတာ မဟုတ်ဘူးတဲ့။ တချို့ ခဲလံကျည်တောက်သည်တွေ ရောင်းတာ မျိုးဆို အထဲမှာ ကောက်ညှင်းက ဆိတ်စာကလေးတောင် မပါဘူးတဲ့။ ရိုက်ဖို့ ရိုက်လို့ကောင်းအောင် လုပ်ထားတာကိုး။ ရွာလယ်ရပ်က မမယ်ညွန့်ကြီး ကတော့ ခုလို ပြောင်ပြောင်ပဲ ပြောတယ်။ 'ဘုန်းကြီးကို လျှောက်ရမှာ သိပ် မကောင်းဘူး၊ ဘုန်းကြီးက ပြောဆိုလို့သာ ပြောရတာ။ ကျုပ်တို့ ဘုရားပွဲကြီး စည်ဆို အရပ်ရပ်က အပျိုတွေ၊ တစ်ခုလပ်တွေ အကုန် လာကြတာကလား။

mgyoe.com

mgyoe.com

ဘုရားပွဲ လမိုက်ရက်ဆိုတော့ ကာလသားတွေကလည်း ပေါ်သကိုး။ အဲဒီမှာ ကောင်မတွေက ဖင်အဆိတ်ခံရတာပေါ့။ အဲဒါကိုက အစဉ်အလာတစ်ခု ဆို တော့ တချို့များ ခရီးတစ်သောင်းလောက်က လာကြတာ'တဲ့။

ဒီကစလို့ ဘုန်းကြီးလေးက အချိန်ရသရွေ့ စဉ်းစားနေတော့တာပဲ။ 'ဒီကိစ္စဟာ တယ်နေရာမကျဘူး။ ဘာအစဉ်အလာကြီးပဲ ပြောပြော ငါ ဦးစီးတဲ့ ဘုရားပွဲမှာ ဒါမျိုးတွေ မရှိစေရဘူး၊ ဒီတော့ ဘယ်လိုလုပ်ရမလဲ'ဆိုတာ ခေါင်း ထဲမှာ အမြဲရှိနေတယ်။ အဲဒီလို အမြဲစဉ်းစားနေတော့လည်း ပြဿနာရှင်းရန် နည်းပေါ်လာတော့တာပဲ။ 'အဓိကဟာ လမိုက်ရက်မှာဆိုတော့ မှောင်လို့ ဖြစ် တာ။ မမှောင်အောင် ဘယ်လိုလုပ်မလဲ။ လင်းအောင် လသာရက်ကို ပြောင်း လို့တော့ မဖြစ်ဘူး။ ဘယ်သူကမှ လက်ခံမှာ မဟုတ်ဘူး၊ တရားပွဲလာတဲ့ လူ တိုင်းလည်း လင်းလင်းကျင်းကျင်းနဲ့ ပိုလာကြမယ်' ဘုန်းကြီးလေးက အဲဒီလို တွေးတာကိုး။ အဲဒါ အဖြေပဲ။

ခက်တာက မီးစက်ကိစ္စ။ မီးစက်က ငှားမယ့်သူ မရှိဘူး။ ဝယ်မှ ရမယ်။ ဘုရားဝင်းတစ်ခုလုံး လင်းဖို့ စက်က စက်ကြီး လိုတယ်။ ဘုန်းကြီးလေး ကိုယ်တိုင် မြို့တက်ပြီး ကြည့်ပြီးပြီ။ မီးစက်ရောင်းတဲ့ အာဇစ်မောင်မြကတော့ စက်ရော မီးကြိုး၊ မီးလုံးပါ ခုနစ်ရာ့ငါးဆယ် ကျမယ်တဲ့။ ဘုန်းကြီးလေးကို ရိုသေသမှုမို့ ခြောက်ရာ့ငါးဆယ်နဲ့ ပေးမယ် ဆိုရုံမကဘူး။ သူကိုယ်တိုင် မီး လိုက်ဆင်ပေးဦးမတဲ့။ ဒါတင်မကဘူး။ ကိုယ်တော်လေး ဆွမ်းစားချိန် နီးနေ လို့ဆိုပြီး သူ့ဆိုင်နားက မွတ်စတာဖာကြီးဆိုင်မှာ ဒံပေါက်တောင် ကပ်လိုက် သေးတယ်။ ဒီတော့ ဘုန်းကြီးလေးအဖို့ ငွေခြောက်ရာ့ငါးဆယ်ပဲ ရှိဖို့ လိုတော့ တယ်။ ကျောင်းမှာရှိတဲ့ ဝတ္ထု၊ ဘုရားပွဲကြီးအတွက် အားလုံး လှူကြတန်းကြမယ့် ငွေအားလုံး တွက်လိုက်တော့ နှစ်ရာ့ငါးဆယ်သာသာပဲ ရှိတယ်။ သူ့ဆရာ ဘုန်းကြီးကြီးတွေနဲ့ တိုင်ပင်တော့လည်း ဒီကိစ္စက သူတို့ တတ်နိုင်တဲ့ကိစ္စမှ မဟုတ်ဘဲ။ ဒါပေတဲ့ ဖြစ်များဖြစ်ချင်တော့ ကံစပ်တယ်ပဲ ခေါ်မလား၊ ပစ္စည်း စပ်တယ်ပဲ ခေါ်မလား မသိဘူး။ သီတင်းကျွတ်လမှာဖွင့်တဲ့ အောင်ဘာလေမှာ ထောင်ကဲကြီး ဦးအကွေးက နှစ်သောင်းဆု ပေါက်တယ်။ ဒီတင် အကုန် အဆင်ချောသွားတော့တာပဲ။

mgyoe.com

 SAMPLE BOOK 

ဒီလိုနဲ့ ထောင်ကဲကြီး ဦးအကွေးလည်း မီးစက်ဒကာ ဖြစ်သွားတယ်။ ဒီလို ဆိုပြန်တော့လည်း ရေတိမ်ကန်ကျောင်းမှာ ဘုရားပွဲအတွက် ရန်ပုံငွေက နှစ်ရာ့ငါးဆယ်သာသာ၊ သုံးရာလောက် ပိုနေပြန်တယ်။ ဘုန်းကြီးလေး ဦးအဂ္ဂ ကတော့ ဒီနှစ် ဘုရားပွဲကြီးကို အဆင့်မြင့်မြင့် လုပ်မယ်လို့ စိတ်ကူးရှိတော့ ခါတိုင်းလို ဘုရားပွဲဖွင့်တဲ့ မနက်၊ ဒီအနီးအနားက ကိုယ်တော်တွေကို ဆွမ်းကပ်၊ အရပ်က လူတွေကို ထမင်းကျွေးရာမှာ ကြက်သားဆီပြန်နဲ့ ငရုတ်သီးထောင်း မကျွေးတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်။ အရပ်က လူတွေ ချက်ရပြုတ်ရနဲ့ တာဝန်မများကြရအောင်ပေါ့။ ဒီတော့ မြို့က မွတ်စတာဖာကြီးကို ဒံပေါက် ချက်ခိုင်းပြီး ကိုယ်တော်တွေကို ဒံပေါက်ကပ်၊ အရပ်က လူတွေကို တစ်အိမ် ဒံပေါက် နှစ်ထုပ်တန်သည် အပို့ခိုင်းမယ်။ ဒီအစီအစဉ်၊ ဒီစိတ်ကူးကလည်း တကယ်တော့ ကောင်းတာပဲ။

ဘုရားပွဲနေ့မှာတော့ ဘုန်းကြီးရဲ့စိတ်ကူးတွေ အကုန် အကောင်အထည် ပေါ်တယ်။ ဒံပေါက် မစားဖူးတဲ့သူလည်း ဒံပေါက် စားဖူးသွားကြတယ်။ ဘုရားပွဲလုပ်တိုင်း ချက်ပြုတ်နေကျ အဖွဲ့သူ အဖွဲ့သားတွေသာ လုပ်နေကျ အတိုင်း လုပ်စရာ မရှိတော့လို့ ဘာလုပ်ကြရမှန်းမသိ ဖြစ်နေကြတယ်။ ညဘက်ရောက်တော့လည်း ဘုရားပွဲလုပ်တဲ့ ဝင်းကြီးက မီးထိန်ထိန်သာကိုး။ စောစောပိုင်းတော့ မီးထိန်ထိန်သာတာကိုပဲ အထူးအဆန်းဖြစ် လာကြည့်ရင်း ပွဲဈေးလျှောက်တဲ့သူတွေ ရှိတယ်။ မိုးချုပ်ပိုင်းမှာ လူမရှိတော့ဘူး။ ခဲလံ ကျည်တောက်သည်တွေ မရောင်းရဘူး။ မီးလင်းလင်းကြီး အောက်မှာဆိုတော့ ကာလသားတွေလည်း မရိုက်ရဲကြဘူး။ အပျိုတွေလည်း ဖင်အဆိတ်မခံကြ ရဘူး။ မြို့က ပွဲကြပ်ဖို့လာတဲ့ ပုလိပ်သားကလေး နှစ်ယောက်လည်း ဘုရားပွဲ မှာ ဘာမှ ထွေလီကာလီ မဖြစ်တော့ စောစော ပြန်သွားကြတယ်။ အရင်ကဆို တစ်ညလုံးလိုလို ရေတိမ်ကန် ဘုရားကြီးကျောင်း အောက်ထပ်မှာ အရပ်ထဲက လူကြီးတွေ အလှည့်ကျ ပွဲကြပ်ရင်း၊ ရေနွေးသောက်ရင်း တဟားဟားနဲ့ နေကြ တာ။ ခုတော့ တိတ်လို့။ မီးကြီး ထိန်ထိန်လင်းနေတော့ ဘာမှ အကြောင်းကြီး ငယ် ရှိမှာ မဟုတ်ဘူးလို့ တွက်ပြီး ကိုယ့်အိမ်ကိုယ် ပြန်အိပ်ကြတာပေါ့။

ဘုန်းကြီးလေး ဦးအဂ္ဂ တစ်ပါးပဲ ကျောင်းအထက်ထပ်ကနေ ပွဲခင်းကို

mgyo.com

 mgyoe.com SAMPLE BOOK 

လှမ်းလှမ်းကြည့်နေတယ်။ လမိုက်ညမှာ ထိန်ထိန်လင်းနေတဲ့ ပွဲခင်းကြီး။ ဒီတော့လည်း ဦးလှမောင်ကြီး ပြောလေ့ရှိတဲ့ ရေတိမ်ကန်ဘုရားပွဲဟာ လမိုက်ညမှာ လုပ်တာ အကြောင်းရှိပါတယ်ဘုရား ဆိုတဲ့စကားကို ဘုန်းကြီးလေးနားထဲမှာ ကြားလို့သာ နေတော့တယ်။ ဘုရားပွဲကြီးပြီးလို့ တစ်ပတ်လောက်ကြာတော့ ဘုန်းကြီးလေးလည်း ဆရာတော်ကြီးနဲ့ တိုက်အုပ်ကို သွားတွေ့ပြီး အတော်ကြာကြာ စကားပြောတယ်။ အဆုံးမှာတော့ ကိုယ်တော်လေးလည်း ခွင့်ပန်ပြီး မြို့ကို ပြန်ကြွသွားတော့တယ်။ ဘာတွေ အသေးစိတ် ပြောကြမှန်းတော့ မသိဘူး။ ခပ်လှမ်းလှမ်းက ကြားလိုက်ရတဲ့ ကျောင်းသားတစ်ယောက် အပြောကတော့ ဘုန်းကြီးလေး ထပြီး ကြွခါနီးမှာ 'စေတနာသာ အဓိကပါ မောင်အဂ္ဂ၊ စေတနာသာ အဓိကပါ'လို့ ဆရာတော်ကြီးက ပြောသံ ကြားလိုက်ရတယ် ဆိုတာပဲ။

ခုတော့ ရေတိမ်ကန်ကျောင်းမှာ မီးစက်ကြီးတစ်လုံး အဖတ်တင် ကျန်ခဲ့တယ်။ ဘုန်းကြီးလေးက ဘုရားပွဲ ဖြစ်မြောက်ရေး အစည်းအဝေး မှတ်တမ်းတွေကို သူ ကျိန်းတဲ့အနားက စာအုပ်စင်ပေါ်မှာပဲ ထားခဲ့တယ်။ ဒီတော့လည်း နောက်ပိုင်းမှာများ ရေတိမ်ကန် ကျောင်းလာထိုင်တဲ့ ကိုယ်တော်လေးတွေ ဘုရားပွဲ လုပ်မယ်ဆိုရင် အဲဒီမှတ်တမ်းတွေက အတော့်ကို အထောက်အကူ ပေးလိမ့်မယ် ထင်တယ်။

■

ရောရောယောင်ယောင် မောင်ဘမောင်နှင့်
ရပ်ထဲရွာထဲက ဝတ္ထုများ ... မှ။

mgyoe.com

mgyoe.com SAMPLE BOOK

## ခေါင်းကောင်းကောင်း တစ်လုံး

တကယ်တော့ ဆည်ပေါက်သူကြီး ဦးကံ့ရနဲ့ လုံးလုံးကြီးဆိုင်တဲ့ ကိစ္စလို့ မပြောနိုင်ဘူး။ ဒါပေတဲ့ ဦးကံ့ရကြီးက စိတ်ရင်း ကောင်းကောင်း ရှိတယ်။ သူ့ရွာနဲ့ ဆိုင်ဆိုင်၊ မဆိုင်ဆိုင် သူ လုပ်နိုင်တာ ဝင်လုပ်ပေးတာပဲ။ ဒါကြောင့်လည်း အောင်မင်္ဂလာကျောင်းက ကိုယ်တော်တွေက အားကိုးကြတယ်။ သူတို့လိုတာရှိလည်း ဦးကံ့ရကိုပဲ ပြောကြတယ်။ တကယ်ဆိုတော့ အောင်မင်္ဂလာကျောင်းက စမ်းတွင်းဘက်မှာ ပါတယ်။ စမ်းတွင်းက ဟိုဘက် သူကြီးအပိုင်မှာ ပါတယ်။ ဟိုဘက်က သူကြီးကလည်း လူကောင်းပါ။ ဒါပေတဲ့ ဟိုဘက်သူကြီး အပိုင်ရွာက လေးငါးရွာဖြစ်နေတော့ သူကြီးက ဒီဘက် သိပ်မလာနိုင်ဘူး။ သူ နေတဲ့ ရွာနဲ့ကလည်း လှမ်းတာကိုး။ ကြည့်ရတာ စမ်းတွင်းကို ဦးကံ့ရကြီးနဲ့ အပ်ထားပုံရတယ်။

အောင်မင်္ဂလာကျောင်းက လှမ်းကြည့်ရင် ဆည်ပေါက်က သချိုင်းကို လှမ်းမြင်ရတယ်။ ဒီဘက်တစ်ကြောက သချိုင်းတွေထဲမှာတော့ ဒီသချိုင်းက

mgyoe.com

mgyoe.com

ဇရပ်က အကောင်းဆုံးပဲလို့ ပြောရမယ်။ အုတ်ခံ ဇရပ်ကိုး။ တခြားက ဇရပ်တွေက ရိုးရိုးဇရပ်တွေ များတယ်။ အဲဒါကလည်း သူကြီး ကောင်းမှုပဲ ပြောရမယ်။ ဆည်ပေါက် ဘုန်းကြီးကျောင်းနဲ့ စမ်းတွင်းက ဘုန်းကြီးကျောင်းတွေမှာ ရေလှောင်ကန်တွေ ဆောက်ကြတော့ ပိုတဲ့ သဲတွေ၊ ဘိလပ်မြေတွေ သူကြီးက ပြန်ဝယ်ပြီး ဆည်ပေါက်သင်္ချိုင်းက ဇရပ်ကို ပြန်ပြင်ထားတာပဲ။ တချို့ နွမ်းပါးတဲ့သူတွေဆို အဲဒီမှာပဲ သရဏဂုံတင်ကြရတာ။ ဒါတင် ဘယ်ကမလဲ။ စမ်းတွင်းက လူတွေတောင် ဆည်ပေါက်က သင်္ချိုင်းမှာ လာချတတ်တယ်။

အရင်ကတော့ နယ်ကျော် မချရဘူးတို့၊ ဘာတို့ ပြောကြတာပဲ။ ဒါပေတဲ့ အောင်မင်္ဂလာကျောင်းကို ကျောင်းထိုင်ဖို့ ရောက်လာတဲ့ ဘုန်းကြီးကလေး ဦးပညာသာမိ လက်ထက်မှာ ပြောင်းသွားတယ်။ ဘုန်းကြီးလေးက ဦးကံရကို 'သူကြီး သဘောတူရင် ရပါသော်ကော ...'လို့ ပြောတယ်ဆိုပဲ။ အမှန်တော့ စမ်းတွင်းက လူတွေ သေရင် ဖုန်းမြေကို ဖြတ်ပြီး ဟိုးဘက်က ညောင်ကန်နဲ့ ညောင်ပင်ဝန်းအကြားက သင်္ချိုင်းမှာ သွားချကြရတတ်တယ်။ ခက်တာက အသုဘလိုက်ပို့တဲ့ လူတွေက ဖုန်းမြေပေါ်က ဖြတ်မသွားချင်ကြဘူး။ နောက်တစ်ချက်က ညောင်ကန်က ကောင်တွေက ဖြစ်သလို မြှုပ်ပစ်တတ်တယ်လို့ ပြောကြတယ်။ ဆည်ပေါက်မှာက ချမ်းသာအိုး ရှိတာကိုး။ ဆည်ပေါက်မှာ မြှုပ်ရင် ချမ်းသာအိုးက မြေကြီးတူးတာတောင် သပ်သပ်ရပ်ရပ် တူးတာ။ ပါးစပ်ကလည်း ပြောလေ့ ရှိတယ်။ 'အနေမလှခဲ့ကြပေတဲ့ ချမ်းသာအိုး လက်ထဲမှာတော့ အသေလှကြရမယ်'တဲ့။

ချမ်းသာအိုးဆိုတာ အရင်ကတော့ ဆည်ပေါက်ထိပ်က ဘုန်းကြီးကျောင်းက မောင်ရွှေပဲ။ မောင်ရွှေက ပေါသွပ်သွပ်လို့ ပြောရမယ် ထင်တယ်။ တချို့ကလည်း သူငယ်နာ မစင်ဘူးလိုလို ပြောကြတယ်။ အရင်ကတော့ ဘုန်းကြီးကျောင်းနောက်က ထင်းထားတဲ့တဲမှာ အိပ်တယ်။ ကျောင်းက ကပ္ပိယကြီးတွေနဲ့ ဝိုင်းလုပ်။ အရပ်ထဲမှာ ခိုင်းစရာရှိရင် ခေါ်ခိုင်းကြ။ အရွယ်ရောက်လာတော့ ထန်းတောတဲတွေ၊ ဘာတွေမှာ သွားလုပ်ကိုင်ပေးရင်း ထန်းရည်စွဲလာတယ်။ အဲဒါကို ဘုန်းကြီး ဦးသုဇာတက သိသွားတော့ ကျောင်းကနေ နှင်ထုတ်လိုက်တယ်။ အဲဒီကစလို့ မောင်ရွှေလည်း ကြုံရာအိပ်၊ ကြုံရာစား ဖြစ်သွားတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


များသောအားဖြင့်တော့ မြူအိုး မီးဖုတ်တဲ့ နေရာတွေနားမှာ ထန်းပလပ်ကို ဖျာခင်းအိပ်တာ များတာပဲ။ နောက်တော့ ဆည်ပေါက်ရဲ့ တစ်ဦးတည်းသော သုဘရာဇာ မောင်ဆိတ်နဲ့ အပေါင်းအသင်းဖြစ်ပြီး မောင်ဆိတ်ကြီး တဲမှာ အိပ်တယ်။ သင်္ချိုင်းမှာ မြေတူး၊ အလောင်းမြှုပ် စတာတွေ လုပ်လာတယ်။

မောင်ရွှေတစ်ယောက် ဇာတာစန်း တက်ချင်လို့ပဲလား မသိဘူး။ တစ်ညနေ အရပ်ထဲမှာ မောင်ရွှေက အလောင်းတစ်လောင်းကို ရေမိုးချိုးပေးနေတုန်း မောင်ဆိတ်တဲ မီးလောင်တယ်။ အဲဒီတော့ မိုးအတော်ကလေး ချုပ်နေပြီ။ အရပ်ထဲက လူတွေကလည်း သင်္ချိုင်းဘက်က မီးရောင်တွေ့တယ် ဆိုပေတဲ့ ညဆိုတော့ ထန်းသမားတွေ မီးမြှိုက်ကြတာလည်း ဖြစ်ချင်ဖြစ်မှာလို့ ထင်ပြီး သိပ်ဂရုမစိုက်ကြဘူး။ အောင်မင်္ဂလာကျောင်းက ကျောင်းသားကလေးတွေက သွားကြည့်တော့မှ မောင်ဆိတ်တဲ မီးလောင်တာ။ အထင်နဲ့ ပြောကြပုံက မောင်ဆိတ်တစ်ယောက် မူးမူးနဲ့ အိပ်ပျော်သွားတုန်း တဲဝမှာ မွှေးထားတဲ့ မီးက လွင့်ပြီး တဲမီးလောင်သွားတဲ့ပုံပဲ။ အသေအချာတော့ မပြောတတ်ဘူး။ ဒါပေတဲ့ ပြဿနာက မီးထဲ မောင်ဆိတ် ပါသွားတာပဲ။ အတိုချုံး ပြောရရင်တော့ မောင်ဆိတ် မီးထဲပါသွားတဲ့အတွက် မောင်ရွှေ အလိုလိုနေရင်း ဆည်ပေါက်ရဲ့ သုဘရာဇာ ဖြစ်သွားတော့တယ်။

တကယ်တော့လည်း မောင်ရွှေ သုဘရာဇာ တရားဝင်ဖြစ်သွားရတဲ့ ကိစ္စမှာ ဘုန်းကြီး ဦးပညာသာမိတို့၊ သူကြီး ဦးကံရတို့ တိုက်တွန်းတာတွေလည်း ပါတယ်။ ဘုန်းကြီးလေးက ဆည်ပေါက်ထိပ်က ကျောင်းက ဦးသုဇာတလို မဟုတ်ဘူး။ ဦးသုဇာတက ဒွါရက၊ အင်မတန် စည်းကမ်းကြီးတယ်။ ကျပ်တယ်။ ဦးပညာသာမိကတော့ ရွှေကျင်ထွက်ပေတဲ့ ခေတ်မီတယ်။ မောင်ရွှေ့ကို ဆုံးမတာတောင် 'သုရာမေရယ ... မူးယစ်မေ့လျော့ခြင်းကို မဖြစ်စေနဲ့၊ ကြားလား၊ ဘုရား တရားဆိုတာ မမေ့ရဘူး'စသဖြင့် နားခံသာအောင် ပြောတတ်တယ်။ တစ်ခါတလေ မောင်ရွှေ ကျောင်းနားက ဖြတ်ပြီး သီချင်းကလေး တအေးအေး လျှောက်ပြန်သွားတာ ကြားရရင် ဘုန်းကြီးလေးက 'တောင်လေ မြူးတော့ မောင်ရွှေလည်း မူးရောပေါ့'လို့ အနားမှာရှိတဲ့ တစ်ယောက်ယောက်ကို ပြောတတ်တယ်။ နေစောင်းရင် တောင်ဘက်က လေချိုလာတတ်တာကိုး။

mgyoe.com

mgyoe.com  SAMPLE BOOK 

မောင်ရွှေ့ကို ဆည်ပေါက်က သင်္ချိုင်းအတွက် တရားဝင် သုဘရာဇာ ခန့်ရတာ လွယ်တော့ မလွယ်လှဘူး။ မောင်ရွှေက ရှူးပေါပေါဆိုပေတဲ့ ဘုန်းကြီး ကျောင်းထွက်ဆိုတော့ စာလေး၊ ဘာလေးက တတ်တယ်။ ကြားဖူးနားဝလေး တွေကလည်း ရှိတယ်။ မောင်ဆိတ်ကို မြှုပ်ပြီးတာနဲ့ ဘုန်းကြီးလေးနဲ့ ဦးကံရ ကြီးက ဇရပ်ကလေးပေါ်မှာ ထိုင်ရင်း မောင်ရွှေ့ကို သင်္ချိုင်းကုန်းကိစ္စ၊ အသုဘ ကိစ္စတွေ မင်းပဲ တာဝန်ယူတော့ကွာဆိုတော့ မောင်ရွှေက ခုလိုပြောသတဲ့။

'ဘုန်းကြီးနဲ့ သူကြီးရဲ့ကျေးဇူးက ရှိနေတော့ ကျွန်တော် လုပ်ပါ့မယ်။ လူတွေတော့ ကျွန်တော့်ကို စဏ္ဍာလလို့ မခေါ်ကြပါစေနဲ့'

'ဘာလို့တုံး ဟကောင်ရ ...'

'ဟာ ... သူကြီးမင်းနှယ်၊ စဏ္ဍာလဆိုတာက အမျိုးတွေ၊ ဇာတ်တွေ နိမ့်တဲ့လူကို ခေါ်တာ။ ကျုပ်က မျိုးကောင်းရိုးကောင်းထဲက လာတာဗျ'လို့ မောင်ရွှေက ဖြေတယ်။ ဒီတော့ ဦးကံရကြီးက ထပ်မေးပြန်တယ်။ 'ဒီလိုဖြင့် မင်းကို ဘယ်လို ခေါ်စေချင်တာတုံး' မောင်ရွှေက သူကြီးကို ကြည့်ပြီး စိတ်ပါ အားရနဲ့ ပြန်ဖြေတယ်။ 'သုဘရာဇာပေါ့၊ ကျုပ်က အသုဘရဲ့ ရာဇာပေါ့။ သုဘရာဇာဆိုတာ ရာဇာတစ်မျိုးပဲ၊ ကျုပ်အတွက် ဂုဏ်ရှိတယ်ဗျ' ဘုန်းကြီး လေးကတော့ 'ဟုတ်ပါ့ကွာ၊ ဟုတ်ပါ့ကွာ'လို့ ပြောရင်း အသံထွက်အောင် ရယ်တော့တာပဲ။ သူကြီးကလည်း မျက်ရည်များထွက်အောင် ရယ်ရင်း 'မင်း သဘောကျ ဖြစ်စေရမယ်ကွာ'လို့ ပြောရင်း အာမခံတယ်။ အဲဒီကစပြီး မောင်ရွှေ လည်း ဇရပ်ကလေးပေါ် ညတိုင်း အိပ်တယ်။ ပြာသို၊ တပို့တွဲလောက်ကျရင် သာ သူ အိပ်တဲ့ နေရာကလေးမှာ ထန်းပလပ်ကလေးတွေ ကာအိပ်လေ့ ရှိတယ်။ အဲဒီကျ အေးတာကိုး။ မောင်ရွှေတစ်ယောက် တရားဝင် သုဘရာဇာ ဖြစ်လာခါမှ ချမ်းသာအိုးလို့ နာမည်တွင်လာတာပဲ။ အဲဒါက ဒီလို။

တစ်နေ့ ညနေဘက် အောင်မင်္ဂလာကျောင်းထဲ မောင်ရွှေ ရောက်လာ တယ်။ ဘာရယ်တော့ မဟုတ်ပါဘူး။ ဘုန်းကြီးလေးကလည်း ကျောင်းသား ကလေးတွေနဲ့ ထင်းရှုံးနားက အုတ်ခုံပေါ် ထိုင်စကားပြောနေကြတုန်း ဆိုတော့ အခန့်သင့်ပဲ မောင်ရွှေလည်း ဘုန်းကြီးလေးကို ဝတ်ချပြီး တောပြော တောင် ပြောတွေ ဝင်ပြောတယ်။ အဲဒီတုန်း ဘုန်းကြီးလေးက 'မောင်ရွှေ ... အခု

mgyoe.com

mgyoe.com

မင်းက သုဘရာဇာကြီး ဖြစ်နေတော့ နာမည်တော့ ပြောင်းမှ။ နာမည်ကောင်းကောင်း ခန့်ခန့်ညားညားပေါ့ကွာ'လို့ ပြောတယ်။ ဒီတော့ မောင်ရွှေက 'တပည့်တော် တနလ်ာသား ဘုရား'လို့ ပြောတယ်။ အဲဒီတုန်း အနားမှာရပ်နေတဲ့ ဦးဇင်းကလေး ဦးခေမာက ခုလို ဝင်ပြောသတဲ့။

'မောင်ရွှေ့ဘဝက အတော်ချမ်းသာတာ ဘုရား။ နေတော့ ဇရပ်မှာ၊ စားတော့ အရပ်တကာ၊ သွားတော့ ဖိနပ်မပါ၊ ဘယ်လောက်များ အပူအပင်ကင်းသလဲ'

အဲဒါကို နားထောင်နေတဲ့ ဦးပညာသာမိက မောင်ရွှေ့ကို ခုလို ပြောတယ်။ 'မောင်ရွှေ ... ဦးဇင်း ပြောတဲ့အတိုင်းဆို မင်းက ချမ်းသာတာပဲ၊ နေ့နံလည်း သင့်တယ်၊ မင်းနာမည် ချမ်းသာလို့ ပြောင်းကွာ။ ချမ်းသာသမှ မကုန်မခန်းနိုင်အောင် ချမ်းသာတော့ ချမ်းသာအိုးလို့ ခေါ်မကွာ'လို့ ပြောတယ်။ မောင်ရွှေလည်း အတော်ကြီး ဝမ်းသာသွားပုံရတယ်။ ချက်ချင်းပဲ ဘုန်းကြီးလေးကို ဝတ်ချပြီး 'ဘုန်းကြီး ... ကျုပ် သူကြီးကို ပြေးပြောရဦးမယ်'လို့ ပြောပြီး ထပြေးပါလေရော။ အဲဒီနေ့ကစပြီး မောင်ရွှေဟာ ချမ်းသာအိုး ဖြစ်သွားရုံတင်မကဘူး။ လူတွေ့ရင် 'ကျုပ်နာမည် ချမ်းသာအိုး၊ နေတော့ ဇရပ်မှာ၊ စားတော့ အရပ်တကာ၊ သွားတော့ ဖိနပ်မပါ'လို့ ရွတ်ပြလေ့ ရှိတယ်။

အဲဒီလိုနဲ့ အားလုံး အဆင်ပြေနေကြတာ၊ ဖြစ်ချင်တော့ တစ်နေ့ သူကြီးဦးကံရ ယောက္ခမကြီး ကျွဲခတ်ခံရလို့ သေပါလေရော။ သေတာကတော့ သိပ်အကြောင်းမထူးဘူး။ သူ့သူ့ကိုယ်ကိုယ် သေတတ်ကြတာမျိုးကိုး။ တစ်ခု ထူးသွားတာက ကျွဲခတ်ခံရတော့ ဗိုက်တွေ၊ ဘာတွေ ပေါက်၊ အူတွေ၊ ဘာတွေတောင် အပြင်ထွက်သွားတယ်တဲ့။ ဒီတော့ ဒီဘက်က အသုဘချတဲ့အခါမှာ ချရိုးချစဉ်အတိုင်း ဖျာလိပ်နဲ့ ပတ်ချတာမျိုး လုပ်လို့ မဖြစ်ဘူး။ ဒီမှာတင် အကြောင်းက ဆုံချင်တော့ စမ်းတွင်းက လက်သမားဆရာ ကိုအောင်စိန်က အိမ်တစ်လုံး သွားဆောက်ရင်း ထုပ်တက်ရိုက်ရာက ပြုတ်ကျထားတာမို့ တခြား လက်သမားအလုပ်တွေ လိုက်မလုပ်နိုင်တာနဲ့ တိုးနေတယ်။ ဒီကိစ္စကတော့ နည်းနည်း ရှင်းဦးမှ။ မဟုတ်ရင် ရှုပ်ကုန်ကြမယ်။

လက်သမားဆရာ ကိုအောင်စိန် တစ်ယောက် ထုပ်တက်ရိုက်ရာက

mgyoe.com

mgyoe.com


ပြုတ်ကျတော့ တင်ပါးဆုံအရိုးက ဘာဖြစ်သွားတယ် ဆိုလားပဲ။ ဒီတော့ အရင်ကလို အိမ်တွေ၊ ဘာတွေ မလိုက်နိုင်တော့ဘူး။ တခြားလည်း ဘာမှ မလုပ်တတ်ဘူး။ ညနေတိုင်းတော့ ဘုန်းကြီးလေး ဦးပညာသာမိဆီ လာပြီး စကားစမြည် ပြောတတ်တယ်။ တစ်ခါတော့ စကားစပ်မိရင်း ကိုအောင်စိန် လက်သမား ပညာသင်ဘဝ အစက ခေါင်းလုပ်တာ။ ခေါင်းလုပ်တယ် ဆိုတာက လူတွေက ခပ်လွယ်လွယ် ထင်ကောင်း ထင်မှာပဲ။ ကိုအောင်စိန် ပြောပြသရွေ့တော့ ဘယ်လွယ်လို့တုံး။ 'သစ်ဟောင်းမှ ခေါင်း ကောင်းသတဲ့'။ 'သစ် သစ်ရင် ထစ် ပစ်ရသတဲ့'။ ဒါ ဘာဟုတ်သေးလို့တုံး။ 'ခေါင်းမှန်ရင် လှုံ ခံနိုင်ရတယ်' တဲ့။ သစ်ဟောင်းတော့ အသားကျစ်နေတော့ လှုံနဲ့ ထိုးတောင် မပေါက်နိုင်ဘူး လို့ ဆိုတာ။

အဲဒီတုန်းက ဘုန်းကြီးလေး ဦးပညာသာမိက 'ဒကာကြီးရာ ... ခင်ဗျား အလုပ်မရှိတုန်း ခေါင်း လုပ်ပါလား'လို့ ပြောဖူးတယ်။ ဒါပေမဲ့ ကိုအောင်စိန်က 'ဘုန်းကြီးရာ ဒီကလူတွေက ဖျာလိပ်နဲ့ ပတ်ချနေကျ၊ ဘယ်သူက ခေါင်း ဝယ်မှာတုံး'လို့ ပြောဖူးတယ်။ ဒီမှာတင် အကြောင်းဆုံလာတဲ့ ကိစ္စပဲ။ သူကြီး ယောက္ခမ ကွဲခတ်ခံရတော့ အူတွေ၊ ဘာတွေ ထွက်နေတော့ ဘုန်းကြီးလေးကပဲ သူကြီးကို ပြောတယ်။ ချရိုးချစဉ် ဖျာလိပ်နဲ့ချမယ့်အစား ခေါင်းသွင်းဖို့ သူကြီး ကလည်း သဘောတူတယ်။ ဒီလိုနဲ့ လက်သမားဆရာ ကိုအောင်စိန်တစ်ယောက် ဆည်ပေါက်တစ်ကြောမှာ ခေါင်းလုပ်ငန်းနဲ့ အတော် စီးပွားဖြစ်လာတယ်။ ဒီမှာတင် သူ့စီးပွားဖက်က ချမ်းသာအိုး ဖြစ်လာတယ်တောင် ပြောရမယ်။ ချမ်းသာအိုးက မြေကြီး တူးရတာကိုး။ ခေါင်း ခါးပန်းမတင်းလို့ တွင်းထဲ အချခက်တယ်ရယ်လို့ ညစ်ထားရင် မခက်ပေဘူးလား။ ဒီလိုတော့ ချမ်းသာအိုး က မညစ်ပတ်ပါဘူး။ လိုရင်း ပြောရရင်တော့ ကိုအောင်စိန်နဲ့ ချမ်းသာအိုး အတော် မိတ်ဖက်ဖြစ်သွားတယ် ပြောရတော့မှာပဲ။

ဒီတော့ စမ်းတွင်းတစ်ကြောမှာ သူကြီးယောက္ခမ ကွဲခတ်ခံရပြီးကတည်းက ဘာမှ ပြဿနာမရှိဘူး။ နေသူနေ၊ သေသူသေလောက်ပဲ ရှိတယ်။ ဒီတော့လည်း လောကကြီးက ပျင်းဖို့တောင် ကောင်းနေတယ်။ ဖြစ်ချင်တော့ ကိုအောင်စိန် ကြီး ဆုံးပါးသွားလေရော။ အစကတော့ လေဖြန်းသလို ဖြစ်တာ။ နောက်တော့

mgyoe.com

mgyoe.com SAMPLE BOOK

လေဖြတ်ရာက ရက်ပိုင်းအတွင်း ဆုံးတာ။ မဆုံးခင်ကတည်းက သူငယ်အိမ်တောင် ပျက်သွားတာတဲ့။ ဆုံးသွားတော့လည်း ထုံးစံအတိုင်း ချလိုက်ရတာပေါ့လေ။ ချတော့လည်း အကြောင်းသင့်တယ်ပဲ ပြောရမလား မသိဘူး။ ခေါင်းအပိုတစ်လုံးက ရှိနေတော့ ချမ်းသာအိုး ကိုယ်တိုင်ပဲ ကိုအောင်စိန်ကြီးရုပ်အလောင်းကို ရေတွေ၊ ဘာတွေ ချိုး၊ ကိုယ်တိုင် အခေါင်းသွင်းတယ်။ လုပ်ရင်းကိုင်ရင်းတော့လည်း ချမ်းသာအိုး ပါးစပ်က ဗျစ်တောက်ဗျစ်တောက်ပြောလိုက်၊ ငိုလိုက် လုပ်နေတယ်လို့ တချို့က ပြောတယ်။ ဘာပြောမှန်းတော့ဘယ်သူမှ ရေရေရာရာ မသိကြဘူး။

ခေါင်း မြေကျသွားပြီးလို့ မြေဖို့တော့ ချမ်းသာအိုးက 'လုပ်ပေါ့ အစ်ကိုရာ ... လုပ်ပေါ့'လို့ ပြောရင်း ငိုကြီးချက်မ ဖြစ်တော့တာ။ ဒီတော့လည်း ဘုန်းကြီးလေးတို့၊ သူကြီးတို့ကအစ ချမ်းသာအိုးကိုကြည့်ပြီး အားလုံးက စိတ်မကောင်းဖြစ်နေကြတယ်။ အားလုံးကတော့ ကိုအောင်စိန်နဲ့ ချမ်းသာအိုး အတွဲများတော့ချမ်းသာအိုးတစ်ယောက် စိတ်မကောင်းဖြစ်ရှာမှာပဲလို့ တွေးကြတယ်။ အဲဒီနေ့က စလို့ ချမ်းသာအိုးတစ်ယောက် သင်္ချိုင်းက ဇရပ်မှာလည်း မအိပ်တော့ဘူး။ ရွာထဲက အသုဘကိစ္စတွေလည်း လိုက်မလုပ်ဘူး။ သင်္ချိုင်းနဲ့ ထန်းတောအကြားက သူ ပုံထားတဲ့ ပျဉ်ပြားအပုံပေါ်မှာ သွားအိပ်နေတတ်တယ်။ ညနေဘက် ထန်းရည်ကလေးများ သောက်ပြီးရင်တော့ ငိုကြီးချက်မနဲ့ ငိုငိုနေတာ။ အောင်မင်္ဂလာကျောင်းက ကျောင်းသားကလေးတွေ ပြောလို့ ဟိုဘက်ရွာဒီဘက်ရွာ နံ့ကရောပဲ။ ဒီကြားထဲ ပေါ်လာတဲ့ အသုဘကိစ္စတွေကို ချမ်းသာအိုးက လိုက်မလုပ်တော့ သူကြီး ဦးကံ့ရကြီးကပဲ အရပ်ထဲက လုပ်ရဲကိုင်ရဲရှိတဲ့လူတွေကို အရက်ဖိုးလေး၊ ဘာလေး ပေးပြီး ချော့မော့ ခိုင်းလိုက်ရသေးတာ။

ဒီအတိုင်း နေလို့တော့ဖြင့် မဖြစ်ဘူးလို့ ဦးကံ့ရကော ဘုန်းကြီး ဦးပညာသာမိကပါ တွေးမိကြတယ်။ ဒီတော့ တစ်ညနေ ဘုန်းကြီးလေးနဲ့ သူကြီးဦးကံ့ရတို့ နှစ်ယောက်သား ဆည်ပေါက်ရဲ့ တစ်ဦးတည်းသော အသုဘတို့ရဲ့ရာဇာ ချမ်းသာအိုးနဲ့ဆွေးနွေးဖို့ ချမ်းသာအိုးရှိရာ သင်္ချိုင်း ထန်းတောအစပ်ကိုသွားကြရတယ်။ ချမ်းသာအိုးကတော့ ထန်းသမားရည်ကျန် အရှိန်ကလေးလည်း ရထားတော့ ပျဉ်ပြားပုံပေါ်မှာ ပက်လက်လှန်အိပ်ပြီး ပါးစပ်ကလည်း

 mgyoe.com SAMPLE BOOK 

တတွတ်တွတ် ပြောရင်း ငိုနေရှာတယ်။ ဘုန်းကြီးလေးတို့ အနားရောက်လာတာတောင် သိပုံမရဘူး။ ဘုန်းကြီးလေးက 'ဟေး ... ချမ်းသာအိုး'လို့ ခပ်သာသာ ခေါ်လိုက်တော့မှ သုတ်သီးသုတ်ပျာ ပုဆိုးဖင်ကျွတ်နဲ့ ထရပ်လိုက်တယ်။ ပြီးတော့ ဘုန်းကြီးလေးကိုရော သူကြီးကိုပါ မြေကြီးမှာ အသာထိုင်ပြီး ဝတ်ဖြည့်လိုက်တယ်။

ဘုန်းကြီးလေးကတော့ ချမ်းသာအိုး အိပ်နေတဲ့ ပျဉ်ပြားပုံပေါ်မှာ အသာပဲ ထိုင်ချလိုက်ပြီး သူကြီးကတော့ ထန်းပလပ်တစ်ခု လှမ်းဆွဲပြီး မြေကြီးပေါ်မှာပဲ အခင်းလုပ် ထိုင်တယ်။ ပြီးတော့မှ လာရင်းကိစ္စကို တည့်တည့်မပြောဘဲ တောင်တောင်အီအီတွေ ပြောနေကြသေးတယ်။ ချမ်းသာအိုးက တဲ့တိုးကြီး ပြောလို့ရမယ့် လူမျိုးမှ မဟုတ်ဘဲကိုး။ နောက်ဆုံးတော့ လာရင်းအကြောင်း ပြောပြကြတယ်။ ဒီတော့လည်း ချမ်းသာအိုးကလည်း တည့်တည့်ပဲ ပြန်ပြောတယ်။ 'တပည့်တော် သုဘရာဇာ မလုပ်နိုင်တော့ဘူး ဘုရား'တဲ့။ ပြောပြီးတော့လည်း ငိုကြီးချက်မနဲ့ ငိုပြန်ပါလေရော။ ဒီတော့ သူကြီးက 'ဟကောင် ... ကိုအောင်စိန်ကြီးအတွက် တို့လည်း စိတ်မကောင်းဖြစ်ကြတာပဲ။ ဒါပေတဲ့ တို့ လုပ်စရာရှိတာတွေတော့ လုပ်ကြရဦးမှာပေါ့၊ ငိုနေလို့ချည်းတော့ ဘယ်ဖြစ်မှာတုံး'လို့ ပြောလိုက်တယ်။

'ကျုပ်မှာ ငိုစရာ အကြောင်းရှိတယ်ဗျ'လို့ ချမ်းသာအိုးက ပြန်ပြောတယ်။ 'သေတာက ငိုစရာ မဟုတ်ဘူး၊ ကျုပ် သေတာတွေ နေ့တိုင်း တွေ့နေကျ၊ ဘာမှ လွမ်းလောက်တာ မရှိဘူး၊ ကျုပ် ဝမ်းနည်းနေတာ၊ ဝမ်းနည်းစရာ ကျုပ်မှာ အကြောင်းရှိတယ်'လို့ ဆိုတယ်။ ဒီတော့ ဘုန်းကြီးက 'ကိစ္စရှိရင် ပြောပြမှပေါ့ကွ၊ မင်းဘာသာ ငိုနေလို့ ငါတို့ ဘယ်သိရမှာတုံး'လို့ ပြောတယ်။ 'ဘုန်းကြီး တတ်နိုင်တဲ့ကိစ္စ ဟုတ်မထင်ပါဘူး'လို့ ချမ်းသာအိုးက ပြန်ပြောတော့ ဘုန်းကြီးက ချက်ချင်းပဲ 'ငါ မတတ်နိုင်ရင် သူကြီး ရှိသကွာ၊ မင့်ကိစ္စသာ ပြော'လို့ ပြန်ပြောတယ်။ ဒီတင် ချမ်းသာအိုးက သူကြီးမျက်နှာ လှမ်းကြည့်လိုက်ပြီး ခုလို ပြောတယ်။

'ကျုပ်က သုဘရာဇာဆိုပေတဲ့ ကျုပ် သေရင်တော့ ခေါင်းကလေးနဲ့ ချစေချင်တယ်၊ ခေါင်းကလည်း အလကားပဲတင်း ခေါင်းမျိုး၊ နို့ဆီသေတ္တာခွံနဲ့

mgyoe.com

အရပ်လက်သမားစပ်တဲ့ ခေါင်းမျိုး မလိုချင်ဘူးဗျာ။ ဒီတော့ အစ်ကိုအောင်စိန်ကို ပြောထားတယ်။ ကျုပ်အတွက် ခေါင်းကောင်းကောင်းတစ်လုံး စပ်ပေးစမ်းပါလို့ ပြောထားတယ်။ အစ်ကိုအောင်စိန်ကလည်း စပ်ပေးမယ် ပြောတယ်။ ဒါကြောင့် ကျုပ်က ရသမျှ ပျဉ်တွေ စုထားတာ။ ခု ဘုန်းကြီး ထိုင်နေတာ ကျုပ်အတွက် ခေါင်းလုပ်ဖို့ ပျဉ်တွေပဲ' ချမ်းသာအိုးက ပြောနေရာက ရပ်လိုက်ပြီး ရှိုက်နေပြန်တယ်။ ဘုန်းကြီးလေးကတော့ ထိုင်ရာက ထရတော့မလို ဖြစ်သွားပေတဲ့ ဣန္ဒြေမပျက် ဆက်ထိုင်နေလိုက်တယ်။ ဒီတော့ ချမ်းသာအိုးက ဆက်ပြောပြန်တယ်။

'ခုတော့ ဘယ်လို လုပ်မလဲ။ ကျုပ်အတွက် ခေါင်း ဘယ်သူ လုပ်ပေးမှာတုံး။ ကျုပ် သေလို့မှ ခေါင်းကောင်းကောင်းနဲ့ မသေရရင် တခြားလူတွေ သေတဲ့ကိစ္စ ကျုပ် ဘာပူစရာ ရှိတော့လို့လဲ'တဲ့။ ဒီတော့ ဘုန်းကြီးနဲ့ သူကြီး တစ်ယောက်ကိုတစ်ယောက် အပြန်အလှန်ကြည့်ရင်း ဘာပြောရမှန်း မသိဘူး။ ချမ်းသာအိုးကတော့ ထမင်းဆီဆမ်းကို ရွှေလင်ပန်းနဲ့ တောင်းမယ်လို့ စိတ်ကူးထားတာ၊ လကွယ်နေ့နဲ့ တိုးလိုက်တဲ့ ကလေးလို ရှိုက်လို့သာ ငိုနေတော့တယ်။ ဒီတုန်း ဘုန်းကြီးလေးကပဲ ဘာမပြော ညာမပြောနဲ့ 'ဟကောင် ... စောစောက ပြောရောပေါ့'လို့ စကားစလိုက်တယ်။ ချမ်းသာအိုးတင် မကဘူး၊ သူကြီး ဦးကံ့ရပါ ဘုန်းကြီးကို လှမ်းကြည့်လိုက်တယ်။ 'သူကြီး ဦးကံ့ရ တစ်ယောက်လုံး ရှိနေတာကွာ၊ ခေါင်းကောင်းကောင်းစပ်တဲ့လူ သူကြီး ရှာပေးမှာပေါ့၊ တို့ သူကြီးက အဆက်အသွယ် ကောင်းတယ်ကွ'လို့ ဘုန်းကြီးက ဆက်ပြောတယ်။

ဦးကံ့ရကြီးလည်း ဘာပြန်ပြောရမှန်း မသိဘူး။ ချမ်းသာအိုးကတော့ ဘုန်းကြီးကို ကြည့်နေရာက သူကြီးဘက် လှည့်ကြည့်လိုက်တယ်။ သူကြီးကတော့ ချမ်းသာအိုးကို ကျော်ပြီး ဘုန်းကြီးကို လှမ်းကြည့်တယ်။ ဘုန်းကြီးကတော့ သူကြီး ဦးကံ့ရကို လှမ်းကြည့်ရင်း 'ဟုတ်တယ် မဟုတ်လား သူကြီး' လို့ လှမ်းပြောရင်း ခေါင်းကို မသိမသာ နှစ်ကြိမ်လောက် ညိတ်ပြလိုက်တယ်။ ဒီတော့လည်း ဦးကံ့ရကြီးခမျာ ယောင်ယောင်ကမ်းကမ်းနဲ့ 'တင်ပါ့ဘုရား၊ တင်ပါ့။ ဟုတ်သပေါ့ ချမ်းသာအိုးရာ။ ငါလည်း ဒီလောက်တော့ စွမ်းပါတယ်' လို့ ပြောလိုက်တယ်။ ချမ်းသာအိုး မျက်နှာဟာ ချက်ချင်း ပြောင်းသွားတယ်။

mgyoe.com

SAMPLE BOOK


အတော် စိတ်ချမ်းသာသွားပုံ ရတယ်။ 'ဒါဖြင့် ပြီးတာပဲ၊ ကျုပ်အလုပ် ကျုပ် လုပ်မယ်၊ သူကြီးအလုပ် သူကြီးလုပ်၊ သူကြီးစကားတော့ တည်ပါစေ'လို့ ပြောလိုက်တယ်။ ဒီတော့ သူကြီးက 'တည်ပါသကောကွာ'လို့ ပြောနေတုန်း ချမ်းသာအိုးက အသာ ထပြီး ဘုန်းကြီး ထိုင်နေတဲ့ ပျဉ်ပြားပုံအစပ်ကို သွားပြီး ပျဉ်ပြားပုံကို လက်နဲ့ သုံးချက် ခေါက်ရင်း 'ကျုပ်အခေါင်းအတွက် ပျဉ်တွေ သက်သေပဲ၊ ကျုပ်အလုပ် ကျုပ် လုပ်မယ်၊ သူကြီးအလုပ် သူကြီးလုပ်၊ ကျုပ် သေလို့များ ခေါင်း ကောင်းကောင်းစပ်တဲ့ လက်သမား မရခဲ့ရင် သူကြီးကိုယ်တိုင် ကျုပ်အတွက် ခေါင်း စပ်ပေးရမယ်'လို့ ပြောလိုက်တယ်။

သူကြီးနဲ့ ဘုန်းကြီးလည်း ဘာပြောရမှန်း မသိဘူး။ ဒီလိုနဲ့ပဲ ချမ်းသာ အိုးဆီက ပြန်လာကြတယ်။ ချမ်းသာအိုးကလည်း သူ့အလုပ် သူ ပြန်လုပ်မယ် ဆိုတော့ သင်္ချိုင်းထဲက ဇရပ်ဆီ ပြန်လျှောက်လာတယ်။ ဘုန်းကြီးနဲ့ သူကြီးက တော့ သင်္ချိုင်းကုန်းဘေးနားက အသာပန်းပြီး ရွာဘက်ကို ပြန်လာကြတယ်။ နေက အတော်တောင်စောင်းနေတော့ နေကျော်ရင် သင်္ချိုင်းဘက်က ပြန်တဲ့အခါ ဒကာနောက်မှ ဘုန်းကြီးကြွဆိုတဲ့ အယူကလေးကလည်း ရှိနေတဲ့အရပ်ဆိုတော့ ဦးကံရကြီးက ဘုန်းကြီးရှေ့က ခပ်သုတ်သုတ် လျှောက်လာတယ်။ ဘုန်းကြီး လေးကတော့ တစ်စုံတစ်ရာ ကိစ္စပြီးမြောက်လာတယ်ဆိုတဲ့ အသိနဲ့ ခပ်အေးအေး ပဲ လျှောက်လာတယ်။ ဦးကံရကြီးကတော့ အပတွေ၊ ဘာတွေ မှီမှာ ကြောက် လို့လား မသိဘူး။ ခပ်သုတ်သုတ် လျှောက်လာရင်း 'ဘုရားသိကြား မ,လို့ ချမ်းသာအိုး အသက်ရှည်ပါစေ'လို့ စိတ်ထဲမှာ ထပ်တလဲလဲ ပြောနေမိတယ်။

တကယ်တော့ သူကြီးဦးကံရနဲ့ လုံးလုံးကြီးဆိုင်နေတဲ့ ကိစ္စလို့ မပြော နိုင်ဘူး။ ဒါပေတဲ့ လောလောဆယ် သူကြီးဦးကံရနဲ့ ဆိုင်တဲ့ ကိစ္စကတော့ ချမ်းသာအိုးတစ်ယောက် အသက်နဲ့ ကိုယ် မြဲနေဖို့ပဲ။ ခုနေ ချမ်းသာအိုး တစ် ယောက် မတော်မတည့်များ တစ်ခုခုဖြစ်ခဲ့ရင် ငါတော့ ခေါင်းစပ်သမား ဖြစ်ရ ချည်သေးရဲ့လို့ တွေးပြီး ပူနေပုံတော့ ရတယ်။

■

စတိုင်သစ်မဂ္ဂဇင်း၊ ဇန်နဝါရီ၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

# မသိ သိသိ၊ သိ သိသိ

ပွင့်ဖူးက နေ့ခင်း အိပ်ရာထတဲ့အခါ ငိုလေ့ ရှိတယ်။ အဲဒီအချိန်မျိုးမှာ သူ့အမေ သန်းမြက ထမင်းအိုး တည်နေကျ။ သူ့အဖေ ကျော်ရင်ကတော့ ယာထဲမှာ၊ ဒိုင်မှာ၊ ဘုန်းကြီးကျောင်းမှာ တစ်နေရာရာမှာ ရှိလိမ့်မယ်။ ပွင့်ဖူး အိပ်ရာက ထလို့ ခြေနှစ်ချောင်းပွတ် ငိုတယ်ဆိုတာနဲ့ သူ့အမေက 'ဟဲ့ ... သားလေး၊ ရွာထိပ်က အဘဒင်ကြီး လာလိမ့်မယ်နော်'လို့ ပြောလေ့ ရှိတယ်။ ဒီတော့ ပွင့်ဖူးက အငိုတိတ်ပြီး 'ကြကြတ်ကြတ်ကြို ဆာကြီးလား'လို့ ပြန် မေးတတ်တယ်။ ဒီတော့ သူ့အမေက 'ဟုတ်တယ်၊ သားလေးရဲ့ ...၊ အဘဒင် ကြီးလေ၊ သတ္တကမ္ဘတ္တုံ ဆရာကြီးလေ'လို့ ပြန်ပြောလေ့ ရှိတယ်။ ဒီတော့ ပွင့်ဖူး လည်း သူ့ရင်ဘတ် ပေါ်မှာ တင်အိပ်လေ့ရှိတဲ့ ဇန်းမော်တာဘက် အပိုင်းကလေး ကို ကောက်ကိုင်ရင်း အသာငြိမ်ပြီး သူ့အမေ ထမင်းအိုးတည်ရာ မီးဖိုဘက် သွားလေ့ရှိတယ်။

အိမ်မှာ ကျော်ရင် ရှိနေတဲ့ နေ့တွေမှာတော့ သူ့မိန်းမက အဲဒီလိုပြောရင်

mgyoe.com

mgyoe.com

ကျော်ရင်က သိပ်မကြိုက်ဘူး။ မကြိုက်ပုံက နှစ်မျိုးလို့တောင် ပြောရမယ်။ 'ကလေးကို အဲသလို မခေါက်ပါနဲ့ဟာ'လို့လည်း ပြောတဲ့အခါ ပြောတယ်။ မဟုတ်ရင် 'သူ့ဘာသာနေတဲ့ အဘဒင်ကို နင်ပြောပုံက သရဲသဘက် ကျနေတာပဲ'လို့လည်း ပြောတတ်တယ်။ ကျော်ရင်က တကယ်တော့ ဒီအရပ်သား မဟုတ်ဘူး။ သူက သက်ကယ်သောင်ဘက်က။ သန်းမြနဲ့ ညားမှ ဒီရောက်တာ ဆိုတော့ ဒီမှာ ငါးနှစ်လောက်ပဲ ရှိသေးတယ်။ လူကောင်းကလေးပါ။ မြို့မှာ အလယ်တန်းအထိ ကျောင်းသွားတက်ဖူးတယ်။ ဒီကောင်က ကျောင်းက ထွက်ပစ်တာ တစ်နှစ် စောသွားလို့။ မဟုတ်ရင် ဟယ်ရီတန် ခုနစ်တန်း အောင်ဦးမှာ။ စာပေလေး၊ ဘာလေး တတ်တော့ အရပ်ကလည်း အားကိုးရတယ်။ မြို့သွားတဲ့အခါလည်း ပေါက်ပေါက်ရောက်ရောက် ရှိသပေါ့။ တိုက်အုပ်ဘုန်းကြီးကဆိုရင် ကျော်ရင် မြို့သွားတဲ့အခါ စာအုပ်တွေ၊ ဘာတွေ မှာနေကျ။ ရွာထိပ်က အဘဒင်တို့၊ သူကြီးဟောင်း စံမြတို့ ဆိုရင်လည်း အဲဒီလိုပဲ။ ကျော်ရင်နဲ့ ဟိုဟာ ဒီဟာ မှာနေကျ။

ကျော်ရင့်စိတ်ထဲမှာ သိပ်ဘဝင်မကျနေတာ တစ်ခုတော့ ရှိတယ်။ အဲဒါ သူ့မိန်းမက သားကလေး ပွင့်ဖူးကို ခေါက်တဲ့အခါမှာ အဘဒင်ကို သတ္တက္ကတ္တံ့ ဆရာကြီးလို့ ခေါ်တဲ့ကိစ္စပဲ။ သူ့မိန်းမကတင် မကဘူး။ အရပ်ထဲမှာလည်း အဲဒီလို ခေါ်ကြ၊ ညွှန်းကြတယ်။ အဘဒင်ကလည်း ဘာလုပ်စားမှန်းတော့ ကျော်ရင်လည်း သေသေချာချာ မသိဘူး။ လယ်ပိုင်ချောင်းပိုင် ရှိပုံတော့ မရဘူး။ ဒါပေတဲ့ ဘုန်းကြီးကျောင်းမှာဖြစ်ဖြစ်၊ အလှူတွေ၊ ဘာတွေမှာဖြစ်ဖြစ် အဘဒင်ကတော့ ထိပ်ဝိုင်းမှာပဲ။ ပါဠိပါဋ္ဌသားတွေလည်း ရွတ်နိုင်တယ်။ စကားစပ်မိလို့ ပြောတဲ့အခါ 'ဟိုစဉ် ငယ်တုန်းက တို့များ ဆရာတော်ကြီး ဦးပဏ္ဍိဆီမှာ စာလိုက်ကြစဉ်က ...'လို့ဆိုပြီး ပြောတတ်ပြုတတ်တာကိုတော့ ကျော်ရင် သတိထားမိတယ်။ ဒါကြောင့်လည်း တစ်ခါက အဘဒင်နဲ့ စကားပြောနေကြရင်း 'အဘက လူပြန်တော်လား'လို့တောင် မေးဖူးတယ်။ အဲဒီတုန်းကတော့ အဘဒင်က ပြုံးပြုံးကြီး လုပ်နေတယ်။ ဘာမှ ပြန်မပြောဘူး။

ဒီအရပ်မှာ စာတွေ၊ ဘာတွေ သိပ်မတတ်ကြတော့ အရင်ကဆိုရင် အကြောင်းကြီးငယ်ရှိရင် အဘဒင်ကြီးနဲ့ ဘုန်းကြီးကျောင်းက တိုက်အုပ်ကိုပဲ

mgyoe.com

အားကိုးကြရတာ။ အဘဒင်ကို တိုင်ပင်ကြတဲ့အခါ ရုံးပြင်ကနားနဲ့ ဆိုင်လာလို့ လျှောက်လွှာတွေ၊ ဘာတွေ ရေးစရာ ချွတ်စရာရှိရင် အဘဒင်က တိုက်အုပ် ဘုန်းကြီးလေးဆီ သွားပြီး အရေးခိုင်းဖို့ ညွှန်းတတ်တယ်။ 'ကိုယ်တော်ကလေး က လက်ရေးလက်သား ကောင်းတယ်၊ ရုံးစာဆိုတာက လက်ရေးလက်သား ကောင်းမှ ရုံးမင်းက ဖတ်တာကလား၊ ကျုပ် ကြီးပြီ၊ လက်တွေက တုန်၊ မျက်စိက မှုန် ဆိုတော့ ရေးလို့ မကောင်းလှဘူး'လို့လည်း ပြောလေ့ရှိတယ်။ တစ်နည်းပြောရရင်တော့ အဘဒင်ဟာ ဒီအရပ်က တစ်ဦးတည်းသော ပညာရှိ ကြီးပဲ။ အရပ်က အားကိုးရတဲ့ စာတတ်ပေတတ် ပညာရှိကြီးပဲ။ ကျော်ရင်က သန်းမြနဲ့ အကြောင်းပါပြီး ဒီရောက်လာတာဆိုတော့ ဒီကလူတွေအကြောင်း ရင်းရင်းမြစ်မြစ် သိပ်မသိသေးဘူး။

တကယ်တော့ ကျော်ရင့် စိတ်ထဲမှာ သိချင်နေတာ နှစ်ခု ရှိနေတယ်။ သတ္တကမ္ဘတ္တံ့ဆိုတာ ဘာလဲ။ အဘဒင်က ဘာကြောင့် သတ္တကမ္ဘတ္တံ့ ဆရာကြီး ဖြစ်ရတာလဲ။ သူ နားလည်ထားတာက ဆရာကြီးဆိုရင် ဆေးဆရာကြီးတို့၊ ကျမ်းရေးတဲ့ ဆရာကြီးတို့ စတာမျိုးကိုး။ အဘဒင် ပြောပုံဆိုပေါက်ကဖြင့် အင်မတန် ကျမ်းတတ်တဲ့ လူမျိုးပဲ။ ဆေးဆရာတော့ ဟုတ်ပုံမရဘူး။ ဒီတော့ လည်း အခွင့်သင့်ရင်ဖြင့် တိုက်အုပ် ကိုယ်တော်ကလေးကို မေးဦးမှပဲလို့ ကြံ ထားတယ်။ ဒီအကြံအစည်ဟာ တစ်ညနေတော့ ပြည့်တော့တာပဲ။ အဲဒီညနေ ကျော်ရင်က ဘုန်းကြီးကျောင်းသွားရင်း နောက်တစ်နေ့ သူ မြို့တက်မယ့် အကြောင်း သွားလျှောက်တယ်။ ဆရာတော်တို့၊ တိုက်အုပ်တို့ မြို့မှာ လိုတာ မှာရအောင်လို့။ ပြောဆိုပြီးတော့ တိုက်အုပ်ကိုယ်တော်က 'ကျုပ် မြစ်ဘက် အညောင်းပြေ လမ်းလျှောက်ဦးမယ်ဗျာ'လို့ ပြောတော့ ကျော်ရင့်အတွက် အခွင့်အရေးတစ်ရပ် ဖန်ဆင်းပေးလိုက်သလိုပဲ။ ဒီတော့ 'တပည့်တော်လည်း လိုက်ခဲ့မယ်'လို့ ကျော်ရင်က ပြောလိုက်တယ်။ ဘုန်းကြီးကလည်း 'ကောင်း သပေါ့ဗျာ၊ စကားလေး ဘာလေး ပြောရတာပေါ့'လို့ ဆိုတယ်။

ဒီလိုနဲ့ မြစ်ဘက်လျှောက်လာကြရင်း လမ်းမှာ ကျော်ရင်က သူ သိချင် တာကို ဘုန်းကြီးကို မေးတယ်။ ဒီတော့ ဘုန်းကြီးက ခုလို ပြန်ဖြေတယ်။

'သတ္တကမ္ဘတ္တံ့ဆိုတာတော့ ကျုပ် နည်းနည်းပါးပါး ကြားဖူးတယ်၊

mgyoe.com

အင်္ဂုရတ်ကျမ်းတွေမှာ ပါတယ်ဗျ။ စိန်၊ ဆေး၊ ဒန်း၊ ဇဝက်သာ၊ ဒုတ္ထာ၊ ဟင်းရိုင်း၊ လက်ချား ခုနစ်မျိုးကို ပေါင်းထိုးတာပဲ။ ဘယ်လို ထိုးမှန်းတော့ ကျုပ် မသိဘူး။ အဲဒီက ရတဲ့ ပြာကို ပုံမှန်စားရင် သိဒ္ဓိမြောက်ဆိုပဲ။ ဒါလောက်ပဲ ကျုပ်လည်း သိတယ်။ ဒကာကြီး ဦးဒင်ကို ဘာလို့ သတ္တက္ခတ္တုံ ဆရာကြီးလို့ ခေါ်မှန်းတော့ ကျုပ် မသေချာဘူး။ တစ်ခါတလေ သူ ပြောဆိုနေတဲ့အခါ ကျုပ် နားစွင့်မိတာကတော့ သတ္တက္ခတ္တုံကျမ်းထဲမှာ ဘာဆိုတယ်၊ ညာဆိုတယ် လို့ သူက ညွှန်းတာကိုး။ ဒါကြောင့် သတ္တက္ခတ္တုံ ဆရာကြီးလို့ ခေါ်ဆိုကြတာ ထင်ပါရဲ့'

ဘုန်းကြီး ပြောတာက မယုတ်မလွန်ပါ။ ဒါပေတဲ့ ကျော်ရင်က သိပ် ဘဝင်မကျဘူး။ ဘာမှ ထပ်မပြောဘူး။ ဒါကို ဘုန်းကြီးက ရိပ်မိလိုက်ပုံ ရတယ်။ ဒီတော့ ဘုန်းကြီးကပဲ ဆက်ပြီး ပြောပြန်တယ်။ 'ဒီလိုလုပ်ဗျာ၊ ခင်ဗျား မနက်ဖြန် မြို့သွားတဲ့အခါ မြို့တောင်ဖျားက သုသာန်ဟောင်းထိပ်မှာ ဣစ္ဆိတရာမကျောင်းဆိုတာ ရှိတယ်။ အဲဒီကို ဝင်၊ တိုက်အုပ်က ကျုပ်နဲ့ စာလိုက်ဖက်။ ဝါကတော့ ကျုပ်တို့ထက် ကြီးတယ်။ သူက ရှေ့မီ နောက်မီ၊ ဒီဘက်အရပ်ကိုလည်း ကျွမ်းတယ်။ အဲဒီက အရင် ပထမ ဆရာတော်ကြီး က ဒီအရပ်ကပဲ။ အဲဒီဆရာတော်ကြီး လက်ထက်ကိုလည်း မီလိုက်တယ်။ ကိုယ်တော်ကြီးက ဘုရားကိစ္စ၊ ဘုန်းကြီးကိစ္စသာ မကဘူး၊ ရပ်ကိစ္စ၊ ရွာကိစ္စ စသဖြင့် အကုန် နှံ့စပ်တယ်။ ကုန်ကုန်ပြောရရင် တစ်လောကလုံး သူ မသိ သလောက်ပဲ။ အင်မတန် 'စွမ်း' နိုင်သကိုး။ ဘွဲ့ကတော့ ဦးစန္ဒိမာတဲ့'

ဒီတော့မှ ကျော်ရင်လည်း အတော်ကလေး ကျေနပ်လိုက်တယ်။ နောက် တစ်နေ့ မြို့တက်တော့ အဲဒီက တိုက်အုပ် ဦးစန္ဒိမာနဲ့ တွေ့ရအောင် မြို့မှာပဲ ညအိပ်လိုက်တယ်။ ဘုန်းကြီးနဲ့တွေ့လို့ လျှောက်တဲ့အခါမှာတော့ ဦးစန္ဒိမာက တကယ့်ကို ရှေ့မီနောက်မီ၊ မသိတာ မရှိလောက်အောင် စွမ်းတာ သူ တွေ့ရ တော့တယ်။ တိုက်အုပ် ဦးစန္ဒိမာက ခုလို ရှင်းပြတယ်။

'သတ္တက္ခတ္တုံ ဆိုတာကတော့ ခင်ဗျားတို့ဘုန်းကြီး ပြောပြသလိုပဲ။ ဒကာကြီး ဦးဒင်ကို သတ္တက္ခတ္တုံဆရာကြီးလို့ ခေါ်ကြတာကတော့ အကြောင်း ရှိတယ်။ ဒီလိုဗျ၊ ခင်ဗျားပြောတဲ့ ဒကာကြီး ဦးဒင်ကို ငယ်ငယ်က မာဒင်လို့

mgyoe.com

ခေါ်ကြတယ်။ ကျုပ် ဒီကျောင်းကို စာချဖို့ ပြောင်းလာတော့ သူက ဒီမှာ ရှိတယ်။ သူ့ဒကာမ ပိုးထိလို့ အနိစ္စရောက်သွားတော့ကာ သူ့မှာ စိတ်လေနေဆို ထင်ရဲ့။ ငယ်ငယ်နဲ့ မုဆိုးဖို ဖြစ်သွားတာကိုး။ အဲဒါကလည်း ခင်ဗျားတို့ဆီက သူကြီး ဦးစံမြရဲ့အဖေ ဦးစံထားကြီးက ခေါ်လာပြီး ဆရာတော်ကြီးကို အပ်ထားတယ်။ ဦးစံထားနဲ့ အရင်က ဒီက ဆရာတော်ကြီးတွေက တစ်ရပ် တည်းသားတွေ။ ဒီတော့ မာဒင်က ကျောင်းမှာပဲနေ၊ ကျောင်းမှာပဲ စားပေါ့။ ကပ္ပိယ သဘောမျိုးပေါ့ဗျာ။ အဲဒီတုန်းက ကျောင်းကြီးပေါ်မှာက ကပ္ပိယ ဒကာကြီး ဦးကျော်ကလည်း ရှိနေသေးတော့ မာဒင်ကြီးက အောက်ကျောင်းတို့၊ ဆွမ်းစားဆောင်တို့မှာ လုပ်ရကိုင်ရတယ်။ ခက်တာက မာဒင်မှာ ပညာပါရမီ မပါဘူးဗျ၊ စာသင်လို့ မတတ်ဘူး။ ဘုန်းကြီးက ခိုင်းလို့ ကျုပ် အတော် သည်းခံ သင်ကြည့်သေးတယ်'

ဒီတော့ ကျော်ရင် မျက်လုံးပြူးသွားတယ်။ ဘုန်းကြီး မျက်နှာကို အံ့အားသင့်တဲ့အနေနဲ့ လှမ်းကြည့်လိုက်ပေတဲ့ ဘာမှ ဝင်မပြောဘဲ ဆက် နားထောင်နေလိုက်တယ်။ ဒီတော့ ဦးစန္ဒိမာက ဆက်ပြောတယ်။

'ခင်ဗျား ဒီကနေ လှမ်းကြည့်လိုက်စမ်း။ ဟိုက ဆွမ်းချက်ရုံနဲ့ စည်းရိုး အကြားက တဲကလေး တွေ့လား။ အခုတော့ ထင်းရုံပေါ့ဗျာ။ အရင်ကတော့ ဖိုရုံကလေးပဲ။ အဲဒီမှာ ကျောင်းဆရာ ကိုမောင်ခန့်တို့၊ ဆေးကိုယ်စားလှယ် ကိုအေးမောင်တို့၊ တစ်ခါတလေ မြို့ထဲက ရွှေကုန်သည် ဦးဟန်စိန်ကြီးတောင် ပါသေးသဗျာ။ သူတို့က အဲဒီမှာ ဖိုထိုးကြတာကိုး။ ဘာဖြစ်အောင်၊ ညာဖြစ် အောင် ထိုးကြပုံတော့ မရပါဘူး။ လူကြီးတွေ အပျင်းပြေသဘောလောက် ထင်တယ်၊ ရေနွေးကြမ်းသောက်ရင်း အဂ္ဂိရတ် စာလေး၊ ဘာလေး ထိုင်ငြင်း ကြတာပေါ့။ အဲဒီဖိုရုံကလေးက မာဒင်ကြီး အလုပ်ရုံပဲ။ အဲဒီမှာ မာဒင်က မီးသွေးထည့်၊ ဖားဖိုကြီးကို ဆွဲ၊ ပြာကျုံး စသဖြင့်ပေါ့ဗျာ၊ လုပ်ရရှာတယ်။ ဆရာတော်ကြီးကတော့ နေ့လယ်နေ့ခင်း မကျိန်းတဲ့အခါ အဲဒီသွား စကား ပြောတတ်တယ်။ သတ္တုက္ခတ္တံ့ဆိုတဲ့ စကားလုံးကို အဲဒီဖိုရုံကလေးက မာဒင် နားယဉ်သွားတာပဲ။ အဲဒီက ရတာပဲ'

ဘုန်းကြီးက ပြောနေရာက ခဏနားတော့ ကျော်ရင်က စိတ်ရှင်းသွား

mgyoe.com

mgyoe.com SAMPLE BOOK

အောင် ခုလို မေးလိုက်မိတယ်။

'ဒီလိုဖြင့် အဘဒင်က စာတွေ၊ ဘာတွေ မတတ်ဘူးလား ဘုရား'

ဒီတော့ ဦးစန္ဒိမာက ကျော်ရင့်ကို 'မင်း ဒီလိုတော့ဖြင့် ငါ့ကို မေးမယ် ဆိုတာ ငါ အသိသားပဲ'ဆိုတဲ့ အကြည့်မျိုးနဲ့ ကြည့်ရင်း 'မတတ်ပေါင် ငါ့လူရာ' လို့ ဖြေလိုက်တယ်။ ပြီးမှ ဆက်ပြောပြန်တယ်။

'မာဒင်ကြီးက စာသင်လို့သာ မတတ်တာ၊ မှတ်ဉာဏ်ကောင်းတဲ့ နေရာ မှာတော့ အကောင်းသားဗျ။ လူရိပ်လူကဲလည်း သိတယ်။ ဒကာကြီး သတိထား မိသလား။ ဘုရားရှိခိုးတွေ၊ ငါးရာ့ငါးဆယ်ထဲက ဟာတွေကို မာဒင်က လက်တန်း ရွတ်တတ်တယ်။ အဲဒါ ဒီက ဦးဇင်းတွေ၊ ကိုရင်တွေဆီက အကြားနဲ့ မှတ်ပြီး ရွတ်တာပဲ။ သူ ရွတ်တဲ့အထဲ ဟုတ်တာလည်း ပါတယ်၊ မဟုတ်တာ လည်း ပါပေါ့ဗျာ။ ဥပမာ၊ အာကာမှိုင်းဝေလိုဟာမျိုးကို ဘုရားရှိခိုးအနေနဲ့ မာဒင်ကြီး ရွတ်တာ ကြားဖူးတယ် မဟုတ်လား။ တစ်ခုက ခင်ဗျားတို့အရပ်မှာ သူလို ရွတ်နိုင်တဲ့လူ မရှိတော့လည်း သူ ရွတ်သမျှ အဟုတ်ထင်နေကြတာ ပေါ့ဗျာ။ မဟုတ်ဘူးလား ...'

ကျော်ရင့်အဖို့တော့ 'တင်ပါ့ဘုရား'လို့ပဲ ပြောနိုင်တယ်။

'ဒကာကြီး ဦးစံမြ သူကြီး ဖြစ်လာတော့ သူ့ကို လက်တိုလက်တောင်း ခိုင်းရအောင် ရွာပြန်ခေါ်သွားတာ။ အဲဒီကစလို့ မာဒင် ရွာမှာ အခြေကျသွားတယ် ထင်တယ်။ အခု သူ နေတဲ့အိမ် နေရာကလေးက အရင်က ဖုန်းမြေဗျ။ ဘယ်သူ မှ မနေကြဘူး။ ဦးစံမြက သူ့အိမ်ကလေးတစ်လုံး ဆောက်ပေးထားတာ။ သူကြီးလူ ဆိုတော့လည်း ဘယ်သူကမှ ပြန်ပြု မမေးရဲဘူးပေါ့ဗျာ။ သူ့ပါးစပ်က ရွတ်သမျှ အဟုတ်ထင်နေကြတာ'

ဘုန်းကြီးက နားလိုက်ပြန်တယ်။ ဒီတုန်း ကျော်ရင့်ပါးစပ်က 'သတ္တက္ခတ္တုံ ဆရာကြီး ဆိုတာက ...'လို့ ထွက်သွားတော့ ဘုန်းကြီးက 'ဟ ... ဒကာရဲ့၊ ခင်ဗျားတို့အရပ်က ယာသမား၊ ကိုင်းသမားတွေ နေတဲ့အရပ်။ ဘယ်သူကများ ဖိုထိုးလို့တုံး။ သူ ထင်ရာကို သတ္တက္ခတ္တုံ လုပ်ပစ်နေတာပေါ့ဗျ'လို့ ဖြတ်ပြီး ပြောလိုက်တယ်။ ဒီတော့ ကျော်ရင်လည်း 'တင်ပါ့ဘုရား'ဆိုကာ သုံးခါလောက် ပြန်ပြောရင်း ဦးစန္ဒိမာကို ဝပ်ချလိုက်မိတော့တယ်။ အဲဒီတုန်း ဘုန်းကြီးက

mgyoe.com

သူ့အနားမှာရှိတဲ့ ဗန္ဒုလတိုက်ထုတ် ဗလာစာအုပ်ထဲက စာရွက်တစ်ရွက်ကို ဆုတ်ပြီး ဖောင်တိန်နဲ့ စာတစ်ကြောင်း ရေးလိုက်တယ်။ ပြီးတော့ ကျော်ရင့်ကို လှမ်းပေးလိုက်တယ်။

'ကြုံတဲ့အခါ အဲဒါလေး ဖတ်ကြည့်ခိုင်းဗျာ။ ဒကာလည်း စိတ်ရှင်းသွားအောင်ပေါ့'လို့လည်း ပြောလိုက်သေးတယ်။ ဘုန်းကြီးကို လှမ်းကြည့်လိုက်တော့ ဘုန်းကြီးကလည်း သူ့ကို ပြုံးကြည့်နေတယ်။ ဒီလိုနဲ့ ကျော်ရင် ရွာပြန်ရောက်တယ်။ ရောက်တာနဲ့ ခါတိုင်းလို ရွာအပြင်ဘက်က အသာ ပန်းပြီး အိမ်နဲ့နီးတဲ့ဘက် မသွားတော့ဘူး။ အဘဒင်အိမ်ရှိတဲ့ ရွာအဖျားဘက်ကို သက်သက် လျှောက်လာလိုက်တယ်။ အဘဒင်အိမ်နား ရောက်တော့ အဘဒင်ကို လှမ်းရှာလိုက်မိတယ်။ အခန့်သင့်ပဲ။ အဘဒင်က ကပြင်မှာ ထိုင်နေတယ်။ ကျော်ရင်က လှမ်းနှုတ်ဆက်ရင်း မြို့က ပြန်လာတဲ့အကြောင်း ဟိုပြော ဒီပြော ပြောလိုက်တယ်။ အဘဒင်ကပဲ 'ရေနွေးကြမ်းလေး သောက်ဦးလေကွာ'လို့ လှမ်းပြောတာနဲ့ ကျော်ရင်လည်း အဘဒင် ထိုင်နေတဲ့ ကပြင်မှာ ဝင်ထိုင်လိုက်တော့တယ်။

စပ်မိစပ်ရာ တစ်ခု နှစ်ခု ပြောနေရင်း ကျော်ရင်က အိတ်ထောင်ထဲက စာရွက်ကလေး ထုတ်ပြီး 'အဘရာ ... ကြုံတုန်း ဒါလေး ကြည့်ပေးစမ်းပါ။ အဘ ပြောနေကျ သတ္တက္ခတ္တုံထဲက ဓာတ်ခုနစ်ပါး သိချင်လို့ မြို့ရောက်တုန်း သိတဲ့ ကိုယ်တော်တစ်ပါးကို ရေးခိုင်းလာတာ၊ မှန် မမှန်ကလေး ကြည့်ပေးစမ်းပါ'လို့ ပြောလိုက်တယ်။ အဘဒင်ကလည်း ခပ်လွယ်လွယ်ပဲ စာရွက်ကို လှမ်းယူပြီး ကြည့်လိုက်တယ်။ ပြီးတော့မှ 'မှန်ပါတယ်ကွာ။ မြို့က ကိုယ်တော်တွေက တော်ပြီး တတ်ပြီးသားတွေပဲဟာ'လို့ ပြောရင်း ကျော်ရင့်ကို စာရွက်ပြန်ကမ်းလိုက်တယ်။ ကျော်ရင်က စာရွက်ကို ဘာမှမကြည့်ဘဲ အသာခေါက်ပြီး အိတ်ထောင်ထဲ ထည့်လိုက်ရင်း 'ဒီလိုဖြင့် အဘရေ ... ကျွန်တော် ပြန်ဦးမယ်' လို့ ပြောပြီး ထိုင်ရာက ထလိုက်တယ်။ ပြီးတော့ အသာပဲ အဘဒင်အိမ်က ထွက်လာခဲ့တယ်။

အိမ်ဘက်ကို လျှောက်လာရင်း ကျော်ရင့် ခေါင်းထဲမှာ တွေးစရာတွေ ပေါ်လာတယ်။ လူတွေ အားလုံး လက်ခံထားတာက အမှန်လား၊ ငါ သိတာက

mgyoe.com

mgyoe.com

SAMPLE BOOK


အမှန်လား၊ ငါသိတာကို တခြားလူတွေ သိဖို့ လိုသလား၊ တခြားလူတွေ သိထားတာနဲ့ ငါသိထားတာရဲ့ အကြားမှာ ဘယ်လို ညှိမလဲ စတဲ့ အတွေး သဗ္ဗရန်ပေါင်း ဝင်လာတယ်။ အိမ်ရောက်ခါနီး ချောင်းကူးတံတား ကလေးကို ကျော်မယ် လုပ်တုန်း၊ ဗြုန်းဆို အိတ်ထောင်က စာရွက်ကလေး သတိရမိတယ်။ ဒီတော့ ထုတ်ပြီး ကြည့်လိုက်မိတယ်။ ဦးစန္ဒိမာ ရေးပေးလိုက်တာက 'ဘူး၊ သီး၊ နု၊ နု၊ မ၊ ခူး၊ ရ' တဲ့။ သူ့ဘာသာ အသာ ပြုံးလိုက်မိတယ်။ စိတ်ထဲမှာတော့ ကိုယ်က သိလို့ ပြောလိုက်မိတာ သောမနဿဖြစ်ကြရင် ကောင်းရဲ့။ မတော် ကိုယ်က အကောင်း ပြောလျက်နဲ့ သမ္ဗပ္ပလာပလို့ ထင်ကြရင် ငါလည်း အလကား ဒေါသဖြစ်ရမယ်လို့ တွေးလိုက်မိတယ်။ ဒီတော့ ငါ သိတာကို ဘယ်သူ့မှ မပြောတာ အကောင်းဆုံးပဲလို့ တွေးလိုက်ပြန်ရင်း လက်ထဲက ဦးစန္ဒိမာ ရေးပေးလိုက်တဲ့ စာရွက်ကလေးကို အသာချေပြီး ချောင်းထဲ ပစ်ချ လိုက်တော့တယ်။

အိမ်ဘက်ကို ဆက်လျှောက်လာရင်း ဟုတ်ဟုတ်၊ မဟုတ်ဟုတ် သတ္တက္ကတွဲ့ ဆရာကြီး အားကိုးနဲ့ ငါ့သားလေး ပွင့်ဖူးကို အငိုတိတ်အောင်တော့ ခြောက်လို့ ရနေတာပဲလို့ ကျော်ရင်က တွေးလိုက်မိတယ်။

■

ရောရောယောင်ယောင် မောင်ဘမောင်နှင့်

ရပ်ထဲရွာထဲက ဝတ္ထုများ ... မှ။

mgyoe.com

mgyoe.com SAMPLE BOOK

## မှာကဆစ်တစ္ဆေ

လည်ပေါ်ကျောင်းက ဘုန်းကြီး ဦးပညာဝံသက ကျောက်လမ်း ဟိုဘက် စာသင်တိုက်က တိုက်အုပ် ဦးခေမာနဲ့ ညီအစ်ကိုတော်တယ်လို့ ပြောကြတယ်။ ဒါကလည်း သတင်းစုံ ကြားရတတ်တဲ့ အငြိမ်းစား မူလတန်းကျောင်းအုပ် ဆရာကြီး ဦးအေးမောင်ဆီက ကြားရတာ။ လည်ပေါ်ကျောင်းမှာ ကျောင်းထိုင် မယ့်သူ မရှိတာ အတော်ကလေး ကြာသွားတယ်။ တစ်ဝါဆို မကဘူး ထင် တယ်။ ဒီဘက်က ဒကာတွေက ဟိုဘက်က စာသင်တိုက်က ဆရာတော်ကြီး နဲ့ တိုက်အုပ်ကို အပူကပ်ရာက ဆရာတော်ကြီးကပဲ 'ကိုယ်တော့် ညီအစ်ကို တော် စာချတစ်ပါး ရှိရဲ့မဟုတ်လား'လို့ စလိုက်ရာက လိုရင်းပြောရရင်တော့ လည်ပေါ်ကျောင်းမှာ ဦးပညာဝံသ တစ်ပါး ကျောင်းထိုင်ဖြစ်သွားတော့တာပဲ။

အဲဒီတုန်းကတော့ ဦးခေမာက ဆရာတော်ကြီးကို ဦးပညာရဲ့ အခြေ အနေ ရှင်းပြသတဲ့။ အဲဒါကို ဆရာကြီး ဦးအေးမောင် ကြားလိုက်တာ နေမှာ။ ဘုန်းကြီး ဦးပညာက ငယ်ဖြူတော့ မဟုတ်ဘူးတဲ့။ တောထွက်တဲ့။ အရင်က

mgyoe.com

mgyoe.com

ကျောင်းဆရာတွေ၊ ဘာတွေ လုပ်လာတာ။ ရဟန်းဝတ်ပြီးတော့လည်း စာချတာမှာ နာမည်ရသတဲ့။ ဒါကြောင့် ဦးခေမာက ဆရာတော်ကြီးကို လျှောက်ရာမှာ 'တပည့်တော် ကံသေကံမတော့ မပြောနိုင်ဘူး ဘုရား၊ မောင်ပညာက စာချတာ အားသန်တယ်ဘုရား၊ ဒီတော့ ကျောင်းထိုင်ချင်မှ ထိုင်မှာ'လို့ ပါသတဲ့။ ဒီတော့လည်း ဆရာတော်က အမြော်အမြင်ရှိလေတော့ 'ကိုယ်တော့် ညီကို လျှောက်သာ ကြည့်စမ်းပါ။ ကျုပ်တို့မလည်း အတန်းကြီး စာလိုက်တဲ့ ကိုယ်တော်တွေ ရှိနေတာ၊ သူ့ဆီ ဖွဲ့ပေးနိုင်သားပဲ။ လည်ပေါ်ကျောင်းနဲ့ ဒီနဲ့က ဆယ့်ငါးမိနစ်၊ နာရီဝက်လောက်ပဲ ဝေးသဟာ'လို့ ဆိုတယ်။

ဟုတ်တော့လည်း ဟုတ်တယ်။ လည်ပေါ်ကျောင်းနဲ့ စာသင်တိုက်ကြီးနဲ့က တော်ရုံ ခြေလှမ်းနဲ့ဆို နာရီဝက်ထက် ပိုမဝေးဘူး။ သို့ပေသိ လည်ပေါ်ကျောင်းက လူကုံထံအရပ်ထဲက ကျောင်းလို ပေါက်ပေါက်ရောက်ရောက် ရှိတဲ့လူ အနေများတဲ့ ကျောင်းမျိုးလို ဖြစ်နေတယ်။ ဖြစ်ဆို ကျောက်လမ်းဟိုဘက်က အိမ်ကြီးအိမ်ကောင်းနဲ့ ဝင်ငွေကောင်းတဲ့လူတွေ များတယ်။ ကျောင်းကြီးကိုက အရင် အဲဒီအရပ်မှာနေခဲ့တဲ့ ဒကာကြီးတစ်ဦးက မြို့မှာ လုပ်ငန်းကိုင်ငန်းကောင်းလို့ ရှေးကျောင်းကြီးကို ပြန်ပြုပြင်ထားတာ။ ဒီဘက်မှာ အဲဒီလို လည်ပေါ်နဲ့ ဘာနဲ့ ကျောင်းမျိုးက ရှားတယ်။ သို့ပေသိ ကျောင်းထိုင်မမြဲဘူး။ မမြဲရတာကလည်း ဦးအေးမောင်ကြီး ပြောပုံကဖြင့် အဲဒီအရပ်ထဲက ကြေးရတတ်တွေ၊ ပညာတတ်တွေနဲ့ သိပ်အဆင်မပြေတတ်တာက အကြောင်းရင်းပဲတဲ့။ အထူးသဖြင့်တော့ ပညာတတ်ဆိုတဲ့ ကောင်တွေကြောင့်ပဲတဲ့။ ပညာတတ် ဆိုတာကလည်း မာ့ကဆစ်ဆိုတဲ့ အကောင်တွေတဲ့။

လည်ပေါ်ကျောင်းဘက်နားဆီမှာ နေတဲ့သူတွေထဲမှာ ဆရာကြီး ဦးအေးမောင် အပါအဝင် ကျောင်းဆရာ လူထွက်ချည်း ခုနစ်ယောက်၊ ရှစ်ယောက်လောက် ရှိတယ်။ အဲဒီအထဲမှာ အေးကျော်ဆိုတာက မာ့ကဆစ် ခေါင်းဆောင်ကြီးပဲ။ တချို့ကတော့လည်း ဒီမာ့ကဆစ် ဆိုတာတွေကို ကွန်မြူနစ်လို့ ပြောကြတယ်။ အေးကျော်တို့တစ်တွေကတော့ ကွန်မြူနစ်ဆိုရင် တယ်မကြိုက်ကြဘူး။ မာ့ကဆစ်မှ မာ့ကဆစ်ပဲတဲ့။ အရပ်ထဲမှာကတော့ ဒီကိစ္စကို အကြောင်းကြီးငယ်လုပ်ပြီး ပြောမနေကြပါဘူး။ တစ်ခုတော့ ရှိတယ်။ ကွန်မြူနစ်ဆိုရင်

mgyoe.com

mgyoe.com SAMPLE BOOK


တော့ သိပ်မကြိုက်ကြဘူး ဆိုပေသိ အေးကျော်ကြီးအိမ် တောင်ဘက်က ကျောင်းဆရာလူထွက် ကိုသာဒင်ဆိုရင်တော့ အရပ်ထဲမှာ ကွန်မြူနစ်ရယ်လို့ တွင်တယ်။ သူက ဘာပြောပြော ဒေါင်းတည်မောင်းတည် ပြောတတ်တယ်။ ရပ်ရှင်ထဲက ရာဘကြီးလိုမျိုး 'ဟဲဟဲ ... ဟဲဟဲ ...'လည်း လုပ်တတ်တယ် ဆိုပဲ။ ပြီးတော့ ပုဆိုးက တိုတို၊ ဂတိမ်းတိုနဲ့တဲ့။ ဒီဘက်အရပ်က စံနဲ့ ပြောရရင်တော့ ဒါ ကွန်မြူနစ်ပဲ။

ကိုအေးကျော်ကတော့ အဲဒီလို မဟုတ်ဘူး။ လူကောင်က ကြီးပေတဲ့ ပြောတာဆိုတာ ညင်သာတယ်။ စကားကို တတိတိနဲ့ ပြောတတ်တယ်။ သူ မကြိုက်တာများဆိုရင် တည့်တည့်မပြောဘဲ တတိတိနဲ့ အကြာကြီး ပြောတတ်တော့ ကျောင်းဆရာကြီး ဦးအေးမောင်တို့ကဆိုရင် 'အေးကျော်က တယ်အရစ်ရှည်တယ်၊ ဂျာမနီလုပ် ဝက်အူများလိုပဲ'လို့တောင် ပြောတယ်။ ဘာလို့ ဂျာမနီ ဝက်အူက အရစ်ရှည်ရတယ် ဆိုတော့လည်း ဘယ်သူမှ မသိကြဘူး။ တချို့ ကတော့လည်း ပျော့ပျော့နဲ့ နံတဲ့ ကြောင်ချေးများလိုပဲလို့ ပြောကြတယ်။ ဘယ်လိုပဲဖြစ်ဖြစ် သူက မာ့ကဆစ်တော့ ပီသတယ်လို့ ပြောကြတယ်။ ဒီလို သူက သိပ်ပြီး တခြား မာ့ကဆစ်တွေလို ဘာသာရေးဆိုင်ရာ ကိစ္စတွေမှာ မပတ်သက်ချင်ဘူး။ သူများတွေကိုတော့ ဘာဘာညာညာ မပြောပေတဲ့ သူက ဟက်ဟက်ပက်ပက် မရှိဘူး။ ဒီတော့လည်း တစ်မျိုး ထင်ကြဦးမယ်။ အစ ကတည်းက ရှင်းရှင်း ပြောဦးမှ။

သူက လမ်းတံတားဆောက် ကိစ္စတွေမှာ ဦးဆောင်ရုံ မကဘူး၊ ဘုန်းကြီးလေး ဦးပညာ ရောက်စကတောင် သွားတွေ့ပြီး ဝပ်ချရင်း ဘုန်းကြီးကလေးကို နဝကမ္မပါဘုရားဆိုပြီး ဝတ္ထုတွေ ဘာတွေ ကပ်သေးတယ်။ ပြီးတော့ ဝပ်ချခါနီး 'အရှင်ဘုရားကို ရိုသေသမှုနဲ့ ကန်တော့ပါတယ်'လို့ ပြောသေးတယ်။ ဒီအချက်က အခရာပဲ။ အေးကျော်ကြီးက မာ့ကဆစ်ကြီးဆိုတော့ ဘုန်းကြီးကို ဘုန်းကြီးအဖြစ်နဲ့ ရိုသေတာပဲလို့ ပြောချင်တာ။ သူက တခြား ဘာအယုံအကြည် အမျှော်အကိုးမှ မရှိဘူးလို့ ဆိုချင်တာ။ အရင် ကိုယ်တော်တွေတုန်းက သိပ်သတိမထားမိကြဘူး။ ဘုန်းကြီး ဦးပညာနဲ့ကတော့ အဲဒီလို ပြောတာနဲ့ 'ဒကာကြီးက မာ့ကဆစ်လား'လို့ တန်းမေးတော့တာ။ အဲဒီတုန်းက အေးကျော်

mgyoe.com

 mgyoe.com SAMPLE BOOK 

ကြီးက ဘာမှမဖြေဘဲ ပြုံးပြုံးကလေး လုပ်နေပေတဲ့ ကျောင်းဆရာကြီး ဦးအေးမောင်ကပဲ 'ဟောဒီအကောင်တွေ အားလုံး မှာ့ကဆစ်တွေ ဘုရား'လို့ ဝင်လျှောက်လိုက်တယ်။ ဒီတော့ ဘုန်းကြီး ဦးပညာက 'ကောင်းသပေါ့ဗျာ၊ လူမျိုးစုံနဲ့ နှောရတာပေါ့'လို့ ပြောလိုက်သတဲ့။

ဟုတ်တော့လည်း ဟုတ်သား။ ဘုန်းကြီး ဦးပညာက လူမျိုးစုံနဲ့ သင့်တယ်။ တခြား မပြောနဲ့။ တံတားထိပ်က ကားဆိပ်မှာဆို ဘုန်းကြီးကလေးကို လူတိုင်း သိတယ်။ မြို့ထဲ ကြွစရာရှိလို့ ကားဆိပ်မှာ ကားစောင့်နေတဲ့အခါများ ဦးပညာကို ဆွမ်းကပ်ချင်တဲ့လူက အပုံကြီး။ ကားဆိပ်မှာ တာယာပြင်၊ ဘက်ထရီရောင်း စတာတွေ လုပ်နေတဲ့ ခင်မောင်ကြီး၊ ခင်မောင်လေးတို့ အဖေ ကာဆင်ဘိုင်ကြီးဆိုရင် ဘုန်းကြီးလေးကို တွေ့တာနဲ့ ဇီးကြဲတစ်ခွက်ဝယ်ကပ်တော့တာပဲ။ ကာဆင်ဘိုင်ကြီးက မြို့ကလာတဲ့ ဂါးဒယန်း ဆိုလားပဲ၊ အဲဒီ အင်္ဂလိပ်သတင်းစာ ဖတ်တော့ ခုဆို တစ်ပတ်စာ သူ ဖတ်ပြီးသား သတင်းစာတွေကို ဘုန်းကြီး ဦးပညာ ဖတ်ဖို့ လူကြုံနဲ့ ပို့ပေးနေသေးတယ်။ ဒါတင် ဘာဟုတ်သေးသလဲ။ လမ်းဟိုဘက်က ပေါက်ဖော်ကြီး အာ့စိန်ကများ တွေ့ရင် လမ်းကူးလာပြီး 'ဘုန်းကြီး ... ခေါက်ဆွဲ လာစားချေ'လို့ အမြဲလျှောက်သေးတယ်။

လည်ပေါ်ကျောင်းမှာ ဦးပညာ ကျောင်းထိုင်ကတည်းက ကျောင်းလည်း အတော်ကလေး စည်ကားတယ်တောင် ပြောရမယ်။ လမ်းဟိုဘက်က စာသင်တိုက်ကြီး ရောက်တုန်းကတောင် ဆရာတော်ကြီးက 'မောင်ပညာ၊ စာမချရလို့ပျင်းနေရင် ငါတို့မှာ စာသင်သားတွေ အသင့်ရှိတယ်ကွဲ့'လို့ မိန့်ဖူးတယ်။ ဒီတော့ ကိုယ်တော်လေးက 'ဆရာတော်တို့က တပည့်တော်ကို ကျောင်းအထိုင်ခိုင်းထားတော့ ကျောင်းထိုင်ဆိုတော့လည်း တပည့်တော်မှာ ရွာအရေး၊ ရပ်အရေးတွေကလည်း ရှိသေးတယ် ဘုရား'လို့ ပြန်လျှောက်တယ်။ အဲဒီတုန်းအနားမှာ ရှိနေတဲ့ ဦးပညာရဲ့နောင်တော် ဦးခေမာက တစ်ခု ဝင်ထောက်လိုက်သေးတယ်။ 'မင်း ကွန်မြူနစ်တွေနဲ့ တွေ့ပြီးပလား'တဲ့။ 'တွေ့ပြီးပါပြီဘုရား၊ တပည့်တော်နဲ့ အဆင်ပြေပါတယ်'လို့ ပြန်လျှောက်တယ်။ ဒီတော့ဆရာတော်ကြီးနဲ့ ဦးခေမာက တစ်ပါးကိုတစ်ပါး အသာလှမ်းကြည့်ရင်း မသိ

mgyoe.com

mgyoe.com


မသာ ပြုံးလိုက်တယ်။

ဦးပညာက ရွာအရေး၊ ရပ်အရေးတွေလည်း အတော်ကြည့်တယ်။ ကျောင်း တောင်ဘက်က လက်ဆည်ကန်ကြီးကိုသာ ကြည့်။ ခုဆို ကန်ပေါင်ပေါ်မှာ ထိုင်စရာ တန်းလျားတွေ၊ ဘာတွေနဲ့တောင် ဖြစ်လာတယ်။ ဘုန်းကြီးကိုယ်တိုင်ကလည်း ညနေတိုင်းဆို ဣရိယာပုဒ်မျှအောင် အဲဒီဘက်ဆီ စင်္ကြံလျှောက်တတ်တယ်။ ကန်ရဲ့ အနောက်ဘက်ခြမ်းဆီက ဘုရားငုတ်တိုကြီးတောင် ချုံတွေ၊ ပေါင်းတွေ ရှင်းပြီး ကြည့်လို့ရှုလို့ သပ္ပာယဖြစ်အောင် ထုံးဖြူတွေ၊ ဘာတွေ သုတ်လို့။ အဲဒါလည်း အေးကျော်ကြီးတို့ မာ့ကဆစ်တွေ ဝိုင်းလုပ်ပေးကြတာပဲ။ ဒီတော့လည်း မာ့ကဆစ်တွေနဲ့ ဘုန်းကြီး ဦးပညာတို့ အကြား ပြဿနာမရှိဘူး။ အဆင်ပြေနေတယ်ဆိုတာ ဘာမှ သံသယဖြစ်စရာ မရှိဘူး။ အေးကျော်တို့၊ သာဒင်တို့ မာ့ကဆစ်ဆိုတာက အရပ်ဒေသနဲ့ လိုက်အောင် ရေနည်းနည်း ရောထားတဲ့ မာ့ကဆစ်မျိုးလို့တောင် ပြောရမယ်ထင်တယ်။ ဘုန်းကြီးကျောင်းတို့၊ အလှူတို့ ဘာတို့ကိုလည်း သူတို့ လာကြသား။ ရောရောယောင်ယောင်နဲ့ ဘုန်းကြီးတော့လည်း ကန်တော့ကြသား။ တရားပေးတဲ့အချိန်တို့၊ သီလယူခိုင်းတဲ့အချိန်တို့ ကျရင်သာ မသိမသာနဲ့ အသာ ထသွားပြီး ဆွမ်းစားရုံနားမှာဖြစ်ဖြစ် ရစ်နေတတ်တာ။

တစ်နေ့တော့ ပြဿနာတစ်ခု ပေါ်လာတယ်။ ပြဿနာက အေးကျော်ကြီးရဲ့ မိသားစုပြဿနာပဲ။ အေးကျော်အမေကြီး ဆုံးသွားတဲ့ကိစ္စပဲ။ ဒီမှာ မာ့ကဆစ်က မာ့ကဆစ်လို အစွမ်းပြတော့တာကိုး။ လူဆိုတာ သေတတ်တာပဲတဲ့။ သူ့အမေကြီး ရှစ်ဆယ့်တစ်နှစ် သေတာဟာ ဖြစ်ရိုးဖြစ်စဉ်ပဲတဲ့။ သေရင် မြေမြှုပ်ပစ်ရုံပဲတဲ့။ ဘာမှ ရွတ်ဖတ်နေဖို့ မလိုဘူးတဲ့။ ဒီတော့ သူ့အိမ်သူ ရွှေခင်နဲ့ သူ့သမက် အောင်ဖြိုးတို့က ဘုန်းကြီး ဦးပညာကို လာလျှောက်ကြတယ်။ ဒီတော့လည်း ဘုန်းကြီးကလေးက ရှင်းပြရရှာတယ်။ 'ဒကာကြီး ဆန္ဒမရှိဘဲ၊ ဒကာကြီး အပင့်အလျှောက်မရှိဘဲ ကျုပ် ဘာမှ မလုပ်နိုင်ဘူး'ဆိုတော့ အရပ်ထဲက လူတွေကလည်း မကျေနပ်ကြဘူး။ ယုတ်စွအဆုံး စဏ္ဍာလ အောင်ခင်ကတောင် သရဏဂုံ မတင်ဘဲနဲ့တော့ သူ မမြှုပ်ရဲဘူးတောင် ပြောလာတယ်။ ဒီတော့ အေးကျော်ကြီးက 'ဘယ်သူမှ ဘာမှ လုပ်နေစရာ မလိုဘူး၊

mgyoe.com

mgyoe.com
SAMPLE BOOK


ကျုပ်အမေ ကျုပ်ဘာသာ မြှုပ်မယ်' ဖြစ်ကရော။ သူ့ကို ဘယ်သူကမှလည်း မတားရဲဘူးကိုး။

ကျောင်းဆရာကြီး ဦးအေးမောင်တို့ လူကြီးတစ်သိုက်ကတော့ ဥပါယ်တံမျဉ် သုံးပြီး 'မင်းနှမလည်း အကြောင်းကြားဦးလေကွာ။ မင့်အမေချည်းပဲမှ မဟုတ်တာ။ မင့်အမေလည်း သူ့အမေပဲ'လို့ ပြောပေတဲ့ မရဘူး။ နောက်ဆုံးတော့ အေးကျော်တစ်ယောက် သချိုင်းက ကောင်တွေနဲ့ ဘယ်လို အပေါက်တည့်သွားတယ် မသိဘူး။ သူ့အမေကြီး ဆုံးပြီး နှစ်ရက်အတွင်း မြှုပ်ဖြစ်သွားတယ်။ သူ့အိမ်သူနဲ့ သားသမီးတွေက ငိုတာတောင် သူ့ရှေ့မှာ မငိုရဲကြဘူး။ ဘုန်းကြီး ဦးပညာကတော့ ဒီသတင်းတွေ နေ့စဉ်လို ကြားနေရတယ်။ အေးကျော်ကြီး သမက် အောင်ဖြိုးက နေ့စဉ်လို ဘုန်းကြီးကျောင်း လာနေတာကိုး။ သူ့ခမျာ မှာလည်း နေ့စဉ်လို ဒီအကြောင်းတွေပဲ ဘုန်းကြီးကို တိုင်တည်နေရရှာတယ်။ ဘုန်းကြီးအနေနဲ့ကတော့ ဘာမှ ဝင်မပါနိုင်တာ အမှန်ပဲ။ ဒီတော့လည်း သူ့အတွေ့အကြုံကလေးတွေလောက်ပဲ ပြောပြနိုင်တယ်။ အောင်ဖြိုးကလည်း မူလတန်းကျောင်းဆရာ ဆိုပေတဲ့ အမြော်အမြင်ရှိတဲ့ အကောင်ပဲဟာ။ အေးကျော် အမေကြီး ဆုံးပြီး တတိယမြောက်နေ့လည်းကျရော အေးကျော် သမီး အငယ်ဆုံးမ ကောက်ခါငင်ခါ ဖျားတော့တာပဲ။

အေးကျော်သမီး အငယ်ဆုံးမက ဆယ်တန်းတက်နေတာ။ ဘွားအေကြီး အသည်းစွဲ။ ပထမတော့ အပူရှပ်တယ် ထင်တာပဲ။ နောက်တော့ ငန်းတွေ၊ ဘာတွေ ဖမ်းလာလို့ ဆေးဆရာ ပင့်ရတယ်တဲ့။ အရပ်က ဆေးဆရာနဲ့ မဖြစ်လို့ ကားဆိပ်မှာ ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်ကလေးတောင် အောင်ဖြိုး ကိုယ်တိုင် သွားပင့်ရသတဲ့။ အောင်ဖြိုးနဲ့ ဆရာဝန်လေးနဲ့ကလည်း ရင်းနှီးတာကိုး။ ဆရာဝန်ကလေးကတော့ နှစ်ရက်၊ သုံးရက်တန်သည် စောင့်ကြည့်ရဦးမယ်။ လောလောဆယ်တော့ ဆေးတစ်လုံးပဲ ထိုးပေးခဲ့မယ်လို့ ပြောသတဲ့။ အဲဒီညဘက်ကျတော့ ကောင်မလေးက ကယောင်ကတမ်းတွေဖြစ်ပြီး 'ဘွားဘွားကြီး အပေါ်ထပ်က ဆင်းလာတယ်'တို့၊ 'သမီးလည်း ဘွားဘွားနဲ့ လိုက်မယ်'တို့ စသည်ဖြင့် ပြောရောတဲ့။ ညဘက်တော့ အဖျားက ကျသွားပေတဲ့ တိုက်တိုက်ဆိုင်ဆိုင် ပြောရမလား မသိဘူး။ အိမ်တောင်ဘက်က ညောင်ကိုင်း

mgyoe.com

mgyoe.com SAMPLE BOOK

ကြီးတစ်ကိုင်း ကျိုးကျပါလေရော။ 'အိမ်တောင် ညောင်ကျိုး၊ အပခိုကိုး၊ အိမ်သားမျိုးပြတ် ဖြစ်တတ်ပလေ'လို့ စကားရှိသေးတာကိုး။ 'အိမ်သားမျိုးပြတ်'ဆိုတာ အိမ်တစ်အိမ်ရဲ့ အကြီးဆုံးနဲ့ အငယ်ဆုံး သေတတ်တာလို့ ယူကြတော့ အားလုံး လန့်ကြရတာပေါ့။ ဒီတော့လည်း ရွှေခင်က 'ရှင် အယူသည်းတာတွေ ကျုပ်တို့ ဒဏ်ခံရပါပကော'လို့ ပြောရင်း ငိုတော့တာ။

အေးကျော်ကြီး အဖို့ကတော့ အားလုံး တိုက်ဆိုင်တယ်ပဲ ခေါ်ရတော့မယ် ထင်တယ်။ သူက မတော်တရော် မယုံဘူးလို့ ဆိုနေကျကိုး။ အပေါ်ထပ်မှာ အိပ်တဲ့ အောင်ဖြိုးတို့ လင်မယားက ညဆယ်နာရီလောက် အောက်ထပ်ကို ပြေးဆင်းလာကြပြီး ဘုရားခန်းထဲက ဘုရားစင်မှာ ဖယောင်းတိုင်မီးတွေ တောက်နေတယ်။ ဘွားအေကြီးရဲ့အခန်းက ပြတင်းပေါက်ရော၊ တံခါးမကြီးပါ ပွင့်နေတာ တွေ့ရလို့ သူတို့တော့ မအိပ်ရဲဘူးတဲ့။ အောက်ထပ်က အငယ်မ အခန်းထဲမှာပဲ အိပ်တော့မယ်တဲ့။ ဒီတော့ အေးကျော်ကြီးကလည်း အိမ်တိုင်မှာ ထောင်ထားတဲ့ နှစ်တစ်လက်မ တစ်ချောင်း အသာကိုင်ပြီး အပေါ်ထပ် တက်ကြည့်တယ်။ ပြန်ဆင်းလာတော့ 'စံပယ်ပန်းတွေလည်း ကြဲထားပါလား'လို့ ပြောတယ်။ ဒီတော့ အောင်ဖြိုးတို့ လင်မယားက ကြည့်ကြည့် ကြောင်ကြောင်နဲ့ 'ကျွန်တော်တို့တွေ ကြောက်လို့ ပြေးဆင်းလာတာပဲ၊ သေချာ မကြည့်မိဘူး' လို့ ပြောပြီး 'ဒေါ်လေးများ ထားသလား'လို့ မေးတယ်။ ရွှေခင်ကတော့ 'ကျုပ် အပေါ်ထပ် မရောက်ဘူး'လို့ပြောရင်း အေးကျော်ကို လက်ညှိုးငေါက်ငေါက် ထိုးပြီး 'အမေရေ ... အမျှ ... အမျှ ...'လို့ပြောပြီး 'ရှင့်ကြောင့် ... ရှင့်ကြောင့် ..'လို့ပဲ ပြောရင်း ငိုပါလေရော။

အဲဒီညကတော့ တော်တော်နဲ့ မအိပ်နိုင်ကြဘူး။ အောင်ဖြိုးကတော့ လိုရမည်ရဆိုပြီး သူ့သူငယ်ချင်း မောင်စိုးနဲ့ ကျော်စိန်ကိုခေါ်သွားပြီး မီးဖိုဆောင်ဘက်မှာ အိပ်ခိုင်းတယ်။ အေးကျော်တို့ မိသားစုတစ်စုလုံးလည်း မအိပ်ရဲကြဘူး။ ညတစ်နာရီလောက်မှ အိမ်အောက်ထပ်မှာပဲ အိပ်ဖို့ လုပ်ကြတယ်။ အောင်ဖြိုးတို့ လင်မယားက အငယ်မ အခန်းမှာ အိပ်ဖို့ ဝင်သွားတော့ ရွှေခင်ကလည်း သူတို့ အိပ်ခန်းကို ဝင်တယ်။ ဒီတော့ မအိပ်ခင် အေးကျော်ကြီး က အိမ်အပြင်ဘက်က ရေအိမ်ကို သွားတယ်။ အသွားမှာ မီးဖိုဆောင်ထဲက

mgyoe.com

mgyoe.com
SAMPLE BOOK


အိပ်မောကျနေတဲ့ အောင်ဖြိုး သူငယ်ချင်းနှစ်ကောင်ကို မီးထိုးကြည့်လိုက်သေးတယ်။ ရေအိမ်က ကျင်းအိမ်သာမျိုး။ သွပ်မိုး၊ သွပ်ကာ အကျလုပ်ထားတာ။ အေးကျော်ကြီးလည်း ရေအိမ်ထဲရောက်ပြီး ဘာမှမကြာသေးဘူး။ တအုန်းအုန်းနဲ့ ရေအိမ်ပေါ် ခဲကျပါလေရော။ ဒီတော့ အေးကျော်ကြီးခမျာ တက်သုတ်ရိုက်ပြီး ပြေးထွက်လာတော့ မီးဖိုဆောင်ထဲက အောင်ဖြိုး သူငယ်ချင်းနှစ်ယောက် ပြေးထွက်လာကြရင်း 'ဘာတုံး ဦးလေး'လို့ ပြိုင်တူ မေးလိုက်ကြတယ်။

'ရေအိမ် ခဲကျတာ တအုန်းအုန်းနဲ့ မင်းတို့ ကြားလိုက်လား'လို့ အေးကျော်က မေးတော့ နှစ်ယောက်သား အေးကျော်ကို တအံ့တသြနဲ့ ပြန်ကြည့်ရင်း 'ကျွန်တော်တို့ ဦးလေး အော်သံကြားလို့ လန့်နိုးသွားကြတာ'ဆိုပဲ။ အေးကျော်လည်း အိမ်ရှေ့ခန်း ပြန်ရောက်တာနဲ့ အားလုံးကို နှိုးပြီး ခဲကျသံ ကြား၊ မကြား မေးတော့၊ ဘယ်သူမှ မကြားကြဘူးတဲ့။ အဲဒီတုန်းပဲ အောင်ဖြိုး သူငယ်ချင်း နှစ်ယောက်က အိမ်ရှေ့ခန်းဆီ ဝင်လာပြီး ခုလို ပြောပြန်တယ်။ 'ဦးလေး ခဲကျတယ်ဆိုလို့ ကျွန်တော်တို့ ရေအိမ်နား သွားကြည့်တာ ဘာမှ မတွေ့ဘူး။ ရေလည်ကူးကလေးမှာတော့ စံပယ်ပန်းတွေ ခြွေချထားတာ အများကြီးပဲ'တဲ့။ ဒီတော့ ရွှေခင်က ဘုရားတ,လိုက်ရင်း သူ့လက်ထဲ ကိုင်ထားတဲ့ စိပ်ပုတီးကို အငယ်မ လည်ပင်းမှာ အသာစွပ်ပေးလိုက်ရင်း အေးကျော်ကို ဒေါင်းတည်မောင်းတည်နဲ့ 'ကျုပ် မနက်ကျရင် အမေ့အတွက် သက်ပျောက်နဲ့ မြေကျဆွမ်း ကပ်မယ်။ ဦးပညာကို ပရိတ်လေး၊ ဘာလေး ရွတ်ခိုင်းမယ်။ ရှင်ကြိုက်ကြိုက်၊ မကြိုက်ကြိုက် ကျုပ် လုပ်မယ်။ ရှင်နဲ့ ရှင့်မာ့ကဆစ်တွေ လုပ်ချင်ရာ လုပ်ကြ၊ မလာချင် မလာကြနဲ့။ ကျုပ်မှာ သားရယ်၊ သမီးရယ် ဆိုတာတွေ ရှိတယ်။ သူတို့အတွက် ကြည့်ရမယ်'လို့ ပြောတော့တယ်။

အေးကျော်ကြီးကတော့ ဘာမျှ ပြန်မပြောဘူး။ အတော်ကြာတော့မှ 'အောင်ဖြိုး၊ မနက်စောစော ဘုန်းကြီး သွားပင့်ချေ။ နေ့ဆွမ်းလုပ်၊ ဒါမှ အချိန်ရမယ်'လို့ လှမ်းပြောလိုက်တယ်။ အဲဒီညကတော့ အေးကျော်တို့ တစ်အိမ်သားလုံး မအိပ်ကြရတော့ဘူး။ အငယ်မတောင် အပြင်းဖျားရာက ယူပစ်သလို ပျောက်သွားတယ်။ နောက်တစ်နေ့ မနက်တော့ ဘုန်းကြီး ဦးပညာကို နေ့ဆွမ်းကပ်ကြတယ်။ သီလယူချိန်ကျတော့ အေးကျော်ကြီး ထသွားမလိုလို လုပ်တော့

mgyoe.com

mgyoe.com SAMPLE BOOK

ဘုန်းကြီး ဦးပညာက 'ဒကာကြီး၊ ခင်ဗျားရှိနေမှ ကောင်းတယ်။ ပြီးရင် ဘုန်းကြီး အမျှဝေမယ်။ သို့ပေတဲ့ ခင်ဗျား သဘောပဲ'လို့ လှမ်းပြောတော့၊ တစ်မိသားစုလုံး အေးကျော်ကို လှမ်းကြည့်လိုက်ကြတယ်။ ဒီတော့ အေးကျော် လည်း 'တင်ပါ့ဘုရား' တစ်ခွန်းပဲ ပြောပြီး အသာ ပြန်ထိုင်နေလိုက်တယ်။

အေးကျော်အမေအတွက် ရက်လည်တော့ လည်ပေါ်ကျောင်းမှာ လုပ်တယ်။ စာသင်တိုက်က ဦးခေမာကြီးတောင် ကြွတယ်။ လူတော်တော်များများ လည်း လာကြတယ်။ သီလပေးခါနီးတော့ ဦးပညာက ဦးခေမာကို လျှောက်ပေတဲ့ ဦးခေမာက ဦးပညာကိုပဲ သီလပေး၊ ရေစက်ချတွေ လုပ်စေတယ်။ သူ့ကျောင်း၊ သူ့ဒကာ အခြေအနေကို ဦးခေမာက နောက်နားက ကြည့်နေပုံရတယ်။ အဲဒီ နေ့ကတော့ အေးကျော်ကိုယ်တိုင် သီလယူရုံ မကဘူး၊ ကိုယ်တိုင် ရေစက်ချ တယ်။ နောက်နားက ထိုင်နေတဲ့ ကျောင်းဆရာကြီး ဦးအေးမောင်တို့ လူတစ်သိုက်ကတော့ ပြုံးစိပြုံးစိနဲ့ပဲ။ ပြီးတော့ 'အမေ့အတွက် ရည်စူးပြီး ကျောင်းဝင်းထဲက ဇရပ်တစ်ဆောင် ပြင်ပါရစေ'လို့ ခွင့်တောင်းတယ်။ တစ်လက်စတည်း 'တပည့်တော်ကို ဆရာဒကာရင်းလို့ မှတ်ပါဘုရား'လို့ လျှောက်တယ်။ ဘုန်းကြီး ဦးပညာက သာဓုခေါ်ရင်း ပြုံးတယ်။

အဲဒီနေ့ ညနေဘက်တော့ ဆွမ်းကျွေးမှာ ဝိုင်းဝန်းလုပ်လိုက်ကြတဲ့ အောင်ဖြိုးတို့ တစ်သိုက်ကတော့ အပန်းပြေရအောင် တံတားထိပ်၊ ကားဆိပ်က အော့စိန်ကြီး ခေါက်ဆွဲဆိုင်ကို ချီတက်သွားကြလေရဲ့။ အော့စိန်ကြီးဆိုင် နောက်ဖေးခန်းထဲမှာ ဆယ့်ခုနစ်ကျပ်ခွဲတောင် ပေးရတဲ့ မန္တလေး မော့ဝီစကီ တစ်လုံးနဲ့ အော့စိန်ရဲ့ နာမည်ကျော် ကုန်းဘောင်ကြီးကြော်နဲ့ စမတ်ကို ကျနေ ကြတာ။ ဆေးခန်းပိတ်တော့ ဆရာဝန်ကလေးတောင် သူတို့ဝိုင်းထဲ ပါလာ သေးတယ်။ စားရင်းသောက်ရင်း မောင်စိုးက ပြောတယ်။ 'မင်း ယောက္ခမ ကောင်းမှု ငါ့အိမ်က စံပယ်တစ်ရုံလည်း ကုန်ပါပကော'တဲ့။ ဒီတော့ ကျော်စိန်က 'သောက်ကျိုးနည်းတဲ့ မှာ့ကဆစ်တွေ၊ တစ္ဆေတော့လည်း ကြောက်သေးသကိုး' တဲ့။ အောင်ဖြိုးကတော့ အတော့်ကို အောင်မြင် ခံ့ညားပြီး ကျေနပ်တဲ့ လေမျိုးနဲ့ တစ်ခွန်းပဲ ဝင်ပြောတယ်။ 'ဘယ်ရလိမ့်မတုံး ဒီမှာ့ကဆစ်တွေ။ တို့ကိုယ်တော် ကလည်း မှာ့ကဆစ်က ကျွတ်လာတာ၊ မှာ့ကဆစ် လူထွက်ပဲ။ သင်းတို့လောက်

mgyoe.com

mgyoe.com SAMPLE BOOK


တော့ အပျော့ပဲ'တဲ့။

အေးကျော်အမေ ရက်လည်ဆွမ်းကျွေး အပြန်တုန်းကတော့ ကျောင်းဆရာကြီး ဦးအေးမောင်က သူ့အိမ်သူကို ခုလို ပြောသတဲ့။

'အေးကျော် ကိုယ်တိုင် အမှုဝေလို့တော့ဖြင့် လည်ပေါ်ကျောင်းမှာ ဦးပညာ မြဲပဟော့'

■

ရောရောယောင်ယောင် မောင်ဘမောင်နှင့်

ရပ်ထဲရွာထဲက ဝတ္ထုများ ... မှ။

mgyoe.com

mgyoe.com SAMPLE BOOK

## ဆင်ခြင်ခြင်း၏ ရက်စက်မှု

ဒီတစ်ကြောမှာ ဘုန်းကြီး ဦးသောဘနက အဆုံးအမ ကောင်းတယ်လို့ နာမည်ရတယ်။ အမှန်မှာ ဦးသောဘနက ဆရာတော်ကြီး။ သာမန် ဘုန်းကြီး မဟုတ်ဘူး။ သူ့အောက်မှာကို စာချဘုန်းကြီး လေးငါးရှစ်ပါးလောက် ရှိတယ်။ ဒီဘက်တစ်ကြောမှာက စာသင်တိုက်ကလည်း ရှားတော့ ဦးသောဘန ကျောင်းမှာ စာလိုက်ချင်တဲ့ ကိုယ်တော်က မရှားဘူး။ ဆရာတော်ကြီးကို စာချကိုယ်တော်ကြီး တချို့က သာသာနေဖို့ တောင်းပန်ထားလို့ စာမချတော့ဘူး။ ဒါတောင် ရပ်ကိစ္စ၊ ရွာကိစ္စကျရင် ဘုန်းကြီးကြီး ဝင်ပြီး ပါနေရသေးတယ်။

'ကိုယ်တော်တို့၊ တပည့်တော်ကိုတော့ဖြင့် ဒီကိစ္စ ခွင့်ပြုကြပါ။ ဒီအရပ်၊ ဒီဒေသဟာ တပည့်တော် ဒေသပါ။ တပည့်တော် ကင်းနေလို့ မသင့်ပါဘူး။ သေသေချာချာ ဆင်ခြင်ကြည့်ရင် ရပ်ကိစ္စ၊ ရွာကိစ္စမှာ တပည့်တော်ကို လိုအပ်လို့ လာပြီး တိုင်တည်ကြတဲ့အခါ မင်းတို့ဘာသာ ကြည့်လုပ်ကြလို့ ပြောပြီး မျက်နှာလွှဲနေဖို့တော့ မကောင်းဘူးပေါ့ ဘုရား'

mgyoe.com

mgyoe.com

ဘုန်းကြီးကြီးက သူ့ဘုန်းကြီးတွေကို အဲဒီလို ခွင့်ပန်တတ်တယ်။ အမှန်မှာတော့ ကိုယ်တော်တွေက သူတို့ဆရာတော်ကြီးကို နားနားနေနေ နေစေချင်တာသာ အဓိကပါ။ ဝါကျွတ်ပြီးလို့ စာချကိုယ်တော်တွေ၊ စာသင်သားတွေ အရပ်ကို ပြန်တဲ့အခါ ကျောင်းမှာ တိုက်အုပ် ဦးပညာဝံသနဲ့ ကိုယ်တော်သုံးလေးပါးလောက်ပဲ ကျန်တတ်တယ်။ အဲဒီအခါမျိုးကျခါမှပဲ အလှူအတန်းပွဲလမ်းက ပေါပါ့။ အဲဒီကျရင် ဆရာတော်ကြီးကိုယ်တိုင် အပင့်အဖိတ် လိုက်ရရှာတယ်။ ကိုယ်တော်ကလေးတွေကတော့ ကျောင်းစောင့် နေရစ်ပါလို့ ဆရာတော်ကြီးကို လျှောက်ပြီး ကျောင်းမှာပဲ ကိုရင်၊ ကျောင်းသား စတာတွေနဲ့ ထားရစ်တတ်ကြတယ်။

ခက်နေတာက ဘုန်းကြီးကြီး အဟောအပြောကိုလည်း အရပ်က သဘောကျတယ်။ ဘုန်းကြီး အချင်းချင်းတောင် ဆရာတော်ကြီး ဟောတာပြောတာကို သဘောကျ နားတွေ့ကြလို့ နမူနာယူကြရတယ်။ ကွင်းသာဆယ့်တစ်ရွာက သိမ်ကျောင်း ဆရာတော်ကြီးများဆိုရင် သူ့တပည့်တွေကို 'ဟဲ့ … မင်းတို့ ဘုန်းကြီးဦးသောဘန ပြောဆိုတာကို မှတ်ကြ၊ နမူနာယူကြ။ ဟောတယ်ပြောတယ် ဆိုတာ အသံကောင်းတာထက် အကြောင်းကောင်းဖို့ အရေးကြီးတယ်။ ဘုန်းကြီးကြီးက ဟောတဲ့ပြောတဲ့အခါ ချိတ်ဆက်မိတယ်။ ပါဠိပါဌ်သားတွေချည်း နင်းရွတ်တာ မဟုတ်ဘူး။ လူသူလေးပါး နားဝင်အောင် ပြောတတ်ဟောတတ်ဖို့ လိုတယ်။ ဆရာတော်ကြီး ဟောတဲ့အခါတိုင်း ဆင်ဆင်ခြင်ခြင် ပြောဖို့ လုပ်ဖို့ ပါတာ ကိုယ်တော်တို့ သတိထားမိကြရဲ့လား'လို့ ပြောလေ့ ရှိတယ်။

မှန်တော့လည်း မှန်တယ်။ ဆရာတော်ကြီး ဟောပြောတဲ့အခါ ဆင်ဆင်ခြင်ခြင် ရှိကြဖို့၊ ဆင်ခြင်တတ်ကြဖို့ အမြဲလို ပါတတ်တယ်။ ဆရာတော်ကြီးက နေ့စဉ်ဘဝထဲမှာ ပညတ်နဲ့ ပရမတ် ကွဲဖို့ထက်၊ ကွဲကွဲပြားပြား သိနားလည်ဖို့ သမုတိသဘောနဲ့ ဖြစ်ပျက်နေတာတွေ နားလည်ဖို့ စသည်ဖြင့် ဟောပြောလေ့ရှိတယ်။ အတင်း ဟိုဟာလုပ်၊ ဒီဟာလုပ်လို့ မတိုက်တွန်းဘူး။ နေ့စဉ်ဘဝနဲ့ မကင်းနိုင်ကြသေးသူတွေအနေနဲ့ နေ့စဉ်ဘဝထဲမှာ ဆင်ခြင်တုံတရား အခြေခံထား မြင်ကြဖို့ စသည်ဖြင့် ဟောပြောလေ့ ရှိပါတယ်။ ဒါကြောင့်လည်း အရင်

mgyoe.com

က ကွန်မြူနစ် လုပ်လာတယ်ဆိုတဲ့ ကျောင်းဆရာလူထွက် နှုတ်ခမ်းမွေးရေးရေး နဲ့ ကိုဦးကြည်ကတောင် ခုဆို ဆရာတော်ကြီး ဟောတာပြောတာတွေကို သဘောကျလာတယ်။

ကိုဦးကြည်က ဒီဘက်က မဟုတ်ဘူး။ ကွင်းသာ ဆယ့်တစ်ရွာ ခပ်သာ သာမှာ ရှိတဲ့ အဝေးသင်က။ အဝေးသင် ဆိုတာက ခုလို ကျောင်းနာမည်တွေ၊ ဘာတွေ မဟုတ်ပါဘူး။ ရှေးက အဝေသအင်းဆိုတဲ့ နေရာ။ ကာလရွေ့လျော လာတော့ အဝေသအင်းကနေ၊ အဝေးသင်း၊ အဝေးသင်းကနေ အဝေးသင် ဖြစ်လာတာ။ အခုတော့ ရွာကြီးပေါ့။ ကိုဦးကြည် ယောက္ခမများက အတော်ကြီး အသက်က ထောက်လာတော့ ကိုဦးကြည်က အဲဒီက ကျောင်းဆရာတွေ၊ ဘာတွေ လုပ်၊ တောတွေ၊ ဘာတွေ ခိုဖူးတယ် ဆိုပဲ။ သူ့အိမ်သူကသာ ဒီအရပ် က။ ခုတော့ ယောက္ခမများက အတော်ကြီး အသက်ကြီးလာတော့ ကိုဦးကြည် ကိုလည်း အလုပ်ပင်စင်ယူပြီး ဒီမှာ လာပြီး ဦးစီးလုပ်ကိုင်ပေးရင်း အခြေချ နေတာ။ ဒီတော့လည်း ဘုန်းကြီးကြီးနဲ့ ပြောဖော်ဆိုဖော် ရနေတာပဲ။

အရင်ရောက်စကတော့ ကိုဦးကြည်က ဘုန်းကြီးကျောင်းတွေ၊ ဘာတွေ သိပ်လာကြတယ်၊ ပြုကြတယ် မရှိဘူး။ သူကလည်း မာ့ကဆစ် ဖြစ်ခဲ့ဖူးတယ် ဆိုတော့ ယုံတာ၊ မယုံတာတွေ အသာထား။ ဘုန်းကြီးကျောင်းနဲ့ ခပ်ကင်းကင်း နေသပေါ့။ မာ့ကဆစ်ဆိုတာက ဟန်ကောင်းရတယ် ဆိုတာကိုး။ လေတောင် ဖမ်းပြီး ဝါးတန်းချည်ပြနိုင်တဲ့ လူမျိုးတွေ မဟုတ်ဘူးလား။ ဒါပေတဲ့ သူ့ ယောက္ခမကြီး ဦးဆယ် ဆုံးသွားပြီးကတည်းက ကျောင်းမှာ အဝင်အထွက် များလာတယ်။ နောက်ပိုင်းတော့ ကျောင်းမှာပဲ အနေများလာတယ်။ ဒီ့ပြင် 'ငါက မာ့ကဆစ် ဖြစ်ခဲ့ဖူးလို့ ပြောတာ မဟုတ်ဘူး။ တို့ကိုယ်တော်ကြီး ဟော တာ ပြောတာတွေက လက်တွေ့ကျတယ်။ ဘဝဆိုတာ လက်တွေ့ဆန်ရတယ်။ လက်တွေ့နဲ့ နီးစပ်အောင် တွေးရတယ်' စသဖြင့် ပြောလာတယ်။ ဒီက လူတွေ ကတော့ မာ့ကဆစ်ဆိုတာ ဘာမှန်းလည်း မသိကြပါဘူး။ ဒါပေတဲ့ ကိုဦးကြည် က အဲဒီလို မပြောခင်ကတည်းက ဆရာတော်ကြီး ဟောတာပြောတာ ကြိုက် ကြပြီးသားပဲ။

ကိုဦးကြည်တောင် ဆရာတော်ကြီးက အတော်ချွတ်လိုက်ရတယ်။ ချွတ်ပုံ

mgyoe.com

တယ် ဆိုတာထက် ပြန်တိမ်းပေးလိုက်တယ်လို့ ပြောရင် ကောင်းမလား မသိဘူး။ ဒီလို၊ ကိုဦးကြည်ကြီးက အဲဒီ မာ့ကဆစ်ဆိုတာ ဖြစ်လာခဲ့တော့ စကားပြောကြဆိုကြတဲ့အခါ တိုင်ယာလက်သစ်ဆိုလား၊ ဒိုင်ယာလက်တစ်ဆစ် ဆိုလား မသိဘူး ပြောလေ့ ရှိတယ်။ ဒီတော့ အမှန်တရားဆိုတာ မျက်နှာမလိုက်ဘူးတို့၊ ဟိုဘက်မျက်နှာ မနာအောင်၊ ဒီဘက်မျက်နှာ မနာအောင် နေတာက အမှန်တရားပဲ စသည်ဖြင့် ပြောတတ်တယ်။ ခက်တာက သူက ကျောင်းဆရာလည်း လုပ်လာ၊ မာ့ကဆစ် ဆိုတာကြီးလည်း ဖြစ်ခဲ့ဖူးတော့ ဘယ်သူကမှ သိပ်ပြန်မမေးရဲကြဘူး။ သူ ပြောရင် နားမလည်ပေတဲ့ နားလည်သလိုလိုနဲ့ နားထောင်တတ်ကြတယ်။ မာ့ကဆစ်ကြီး ပြောတာ နားလည်သလိုလိုဆိုတော့ ဘေးဘီကလည်း အထင်ကြီးသပေါ့ဗျာ။

အရင်က ကိုဦးကြည် ပြောလေ့ပြောထရှိတာ တစ်ခုရှိတယ်။ အမှန်တရားဆိုတာ ဒင်္ဂါးပြားက ခေါင်းဆို တစ်မျိုး၊ ပန်းဆို တစ်မျိုးရယ်လို့ မရှိဘူးတဲ့။ ဒင်္ဂါးပြားဟာ ဘယ်ဘက်မှ မျက်နှာမလိုက်ဘူးတဲ့။ ဒီတော့ အမှန်တရားဆိုတာ အဲသလိုပဲတဲ့။ သူက ရှင်းပြတဲ့အခါ မူလတို့၊ ပတိတို့၊ သမ္မုဟတို့ ဆိုတာတွေလည်း ပါတယ်။ ဒါပေတဲ့ ဒီကလူတွေက ပသိ ဆိုရင်တော့ အာခေါင်ထဲက အဖု ဆိုတာလောက်ပဲ သိကြတော့၊ ကိုဦးကြည်ကို ပြန်ပြီး သိပ်ပြီး မေးစမ်းမနေကြတော့ပါဘူး။ စကားဝိုင်းထဲမှာ ဘုန်းကြီးလူထွက် လူပြန်တော် ကိုစိုးပါလာမှသာ တောတောတောင်တောင် မေးတတ်တာ။ တစ်နေ့တော့ ကိုဦးကြည်ကြီးအကြောင်း ကိုစိုးကပဲ ဘုန်းကြီးကြီးကို လျှောက်တာ။

'အရှင်ဘုရား၊ အရှင်ဘုရားလူတော့ ကြည့်လုပ်ပါဦး။ အမှန်တရားဆိုတာ ဒင်္ဂါးပြားများလိုပဲ မျက်နှာမလိုက်ဘူးလို့ ပြောပြောနေတယ် ဘုရား။ သူတို့ ဆရာကြီး ကုလားမတ်ဆိုတာက ပြောသတဲ့။ ကုလားမတ် ဆိုတာက မော်တော်ကား တိုင်ယာတွေ၊ ဘာတွေ ရောင်းပုံ ရတယ်။ ကိုဦးကြည်က ပြောတိုင်း ကုလားမတ်ရဲ့ တိုင်ယာလက်သစ်နည်းဆိုလား မသိဘူး ဘုရား'

ဒီတော့ ဘုန်းကြီးကြီးက 'ဆင်ဆင်ခြင်ခြင်ဖြစ်ရင် ပြီးတာပဲ ဒကာကြီးရဲ့၊ လူဆိုတာ သူ့အမြင်နဲ့ သူကိုး၊ ကြုံတဲ့အခါ ကျုပ် ပြောစမ်းပါ့မယ်'လို့ပဲ သာသာ ပြန်ပြောတယ်။ ဒါပေတဲ့ အကြောင်းသင့်လို့ ကြုံတိုင်း ဘုန်းကြီးကြီးက

mgyoe.com

တစ်လုံးပြော၊ နှစ်လုံးပြော ပြောရာက ကိုဦးကြည်လည်း အတော်ပဲ အချိုးပြောင်းသွားတာ။ အမိကကတော့ ကိုဦးကြည် ပြောပြောနေတဲ့ အမှန်တရားဆိုတာ ဒင်္ဂါးပြားလို မျက်နှာမလိုက်ဘူးဆိုတဲ့ ကိစ္စ။ ဘုန်းကြီးကြီးက ရှင်းပြတာက ဒီလို ...။

'ဒကာကြီး၊ ဒကာကြီး ပြောပြောနေတာ ကြားတော့ ကျုပ်လည်း ရတဲ့အချိန်ကလေးတွေမှာ တွေးကြည့်မိတယ်။ အမှန်တရားဆိုတာ မျက်နှာမလိုက်ဘူးလား။ ဒီတော့ ဒကာကြီးပြောတဲ့ ဒင်္ဂါးပြားကိုပါ ထည့်တွေးရတာကို ဒင်္ဂါးပြားမှာက ခေါင်းရယ်၊ ပန်းရယ် ပါသမို့လား။ ကျုပ်က ကလေးတွေ ခေါင်းပန်းလှည့်တာ ကြည့်မိလိုက်တယ်။ ခေါင်း ကျချင်တဲ့ကလေး ခေါင်း ရနိုင်သပေါ့ဗျာ။ နိုင်ချင်တာ အနိုင်ရတာတော့ မှန်တာပေါ့။ ဒီတော့ အမှန်တရားဆိုတာ မျက်နှာလိုက်တယ်။ ပန်း ကျတဲ့အခါ နိုင်ချင်တဲ့ကလေး မနိုင်ရတော့ဘူး။ ပန်းတောင်းထားတဲ့ ကလေးက နိုင်တယ်။ တွေ့ပြီလား၊ အမှန်တရားဆိုတာ မျက်နှာလိုက်တာပဲ။ ဘာကို မျက်နှာလိုက်သလဲ၊ အမှန်တရားဘက်ကို မျက်နှာလိုက်တာပဲ။ ဒီတော့ ဒကာကြီး ပြောသလို ဟိုလိုလို ဒီလိုလိုဟာက အမှန်တရား မဟုတ်ဘူးဗျ။ အမှန်တရားဘက်ကို မျက်နှာလိုက်မှသာ မှန်တာ'

ဒီတော့လည်း ကိုဦးကြည်က ပြန်ပြီး မငြင်းပါဘူး။ 'မှန်ပါ့၊ မှန်ပါ့' လောက်သာ လိုက်တာ။ ဒီတော့လည်း ဘုန်းကြီးကြီးက အမိကကျတာကလေး တစ်ခု၊ နှစ်ခု ဆက်ရှင်းတယ်။ 'တကယ်တော့ နေ့စဉ်ဘဝထဲမှာက ကျုပ်တို့တွေ အနေနဲ့ ပုည–ကုသလ–ဓမ္မ စတာတွေ လိုပေတဲ့ ဆင်ခြင်ဉာဏ်ကလေးကလည်း လိုသေးတယ် ဒကာကြီး။ နေ့စဉ်ဘဝမှာက သဘာဝယုတ္တိတွေ၊ မယုတ္တိတွေ အပုံကြီးကိုး။ ဒီတော့လည်း ယုတ္တိရှိအောင် တွေးရမယ်ဗျ၊ ဆင်ခြင်ရမယ်'တဲ့။ ဘုန်းကြီးကြီးက အဲဒီလိုပြောတော့ ကိုဦးကြည်က ဘာမှပြန်မပြောပေတဲ့ အနားမှာရှိနေတဲ့ ဘုန်းကြီးလူထွက် ကိုစိုးတို့၊ သူကြီးတူ မောင်မူတို့ကတော့ ဆိုင်းနောက်ထများလိုပဲ 'မှန်ပါ့၊ ဟုတ်ပါ့ဘုရား၊ ဆင်ခြင်တတ်ဖို့က လိုတယ် ဘုရား' စသည်ဖြင့် အသံတွေ ပြိုင်တူ ထွက်လာတယ်။

ကိုဦးကြည်ကြီးက အသက်ကလည်း ရလာတော့ ဘုန်းကြီးကြီး ပြောတာကို ဘာမှ စောဒက တက်မနေရှာဘူး။ ဟိုတုန်းက မာ့ကဆစ် ဖြစ်ခဲ့သူတွေ

mgyoe.com

လည်း ဝမ်းဖောဝမ်းရောင်နဲ့ လျှော့ကုန်ကြတာများတော့ ကိုယ့်ကိုယ်ကိုယ် လည်း သတိတောင် ထားနေရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဘုန်းကြီးကြီး ပြော တာကတော့ မှန်ပါပေတယ်။ ဒိုင်ယာလက်တစ် နည်းတကျ တွေးရင်တောင် ဆင်ခြင်နည်းတကျ ဘဝကို တည်ဆောက်ရမယ် ဆိုတာကိုး။ ဆင်ခြင်နည်း ကျဖို့က လိုတယ်။ ဆင်ခြင်ကြရမယ် စသည်ဖြင့် ကိုဦးကြည် အတွေးထဲမှာ အခဲတင်လာတော့တယ်။

အဲဒီနေ့ တစ်နေ့ကတော့ ဦးသောဘန ကျောင်းမှာ လူကြီးတချို့နဲ့ ကလေးတွေပဲ ရှိကြတယ်။ အရပ်ထဲက လူ အတော်များများက ဆည်ပေါက်က ဘုန်းကြီးကျောင်း နှစ်စဉ်ပြုမြဲ ကထိန်ပွဲကြီးအတွက် သွားကူကြတယ်။ အဲဒါက လည်း ထုံးစံပဲ။ ရွာလုံးကျွတ်နီးပါး သွားကူကြတော့ လူကြီးတချို့လောက်ပဲ ကျန်တယ်။ ဒီတော့ လူကြီးတွေက ဘုန်းကြီးကျောင်းမှာ သွားနေကြတယ်။ ကလေးတွေလည်း ကျောင်းကို ပို့ထားတယ်။ ကလေးတွေကို ကိုရင်ကြီး စံမောင်က ကြည့်ရတယ်။ ကိုရင်ကြီး စံမောင်ကလည်း အားလုံးတော့ ဘယ် နိုင်မှာတုံး။ ကလေးတွေ ကျောင်းဝင်းထဲရှိနေရင် ပြီးတာပဲလို့ သဘောထား ရတာ။ များသောအားဖြင့် ကလေးတွေက ဇရပ်ပေါ်မှာ မဟုတ်ရင် ဆွမ်းချက်ရုံ နားမှာ ဆော့ကြတာ များတယ်။ ကျောင်းအောက်ထပ်မှာတော့ ဂီလာန ကိုယ်တော်တစ်ပါးပဲ ကျန်တယ်။

ဘုန်းကြီးကြီးကလည်း ညနေဘက်ရောက်တော့ ကျောင်းအောက်ထပ် ဆင်းပြီး ဂီလာန ကိုယ်တော်ကို စကားပြောရင်း မေးစမ်းနေတယ်။ ပြီးတော့ ကျောင်းပေါ် ပြန်မတက်သေးဘဲ ဂန္ဓကုဋီတိုက်ဘက် သွားတဲ့ နေရာဘေးမှာ ရှိတဲ့ မန်ကျည်းပင်ကြီးအောက်က သစ်သားကွပ်ပျစ်ကြီးပေါ် သွားထိုင်ရင်း ခပ်လှမ်းလှမ်းမှာ ကလေးတွေ ဆော့တာ လှမ်းကြည့်နေလိုက်တယ်။ အဲဒီတုန်း ဇရပ်ပေါ်မှာ ရှိနေကြတဲ့ ကိုဦးကြည်တို့၊ ကိုစိုးတို့လည်း ဘုန်းကြီးကြီး ရှိရာ စကားစမြည်ပြောဖို့ ရောက်လာကြတယ်။ ဒီတော့ ဘုန်းကြီးကြီးနဲ့ ကျောင်းထဲ ရောက်နေကြတဲ့ လူကြီးအချို့ စကားဝိုင်းကလေး ဖြစ်သွားတယ်။ အကြောင်း ထူးတော့ မပါပါဘူး။ တောင်အကြောင်း တောအကြောင်း၊ ရပ်အကြောင်း ရွာအကြောင်းပဲ။ အဲဒီတုန်းပဲ ထိပ်ကွက်အစ်ကို မောင်ငယ်က ကလေးမလေး

mgyoe.com

 SAMPLE BOOK 

တစ်ယောက်ရယ်၊ သူငယ်ကလေး တစ်ယောက်ရယ်ကို နားရွက်ဆွဲပြီး ဘုန်းကြီးကြီး ရှိရာ ခေါ်လာတယ်။ ပြီးတော့ ဘုန်းကြီးကြီးကို လျှောက်တယ်။

'သင်းတို့ နှစ်ကောင် ဆွမ်းချက်ရုံနားမှာ သတ်ကြမလို့ စောင်နေလို့ တပည့်တော် ခေါ်လာခဲ့တယ်ဘုရား' ဒီတော့ ဘုန်းကြီးကြီးက ဘာမျှ မဖြေသေးခင် ကိုစိုးက 'ဟဲ့ ... ကိုရင်ကြီးဆီ ခေါ်သွားပါလား၊ ကိုရင်ကြီး ဘယ်သွားလို့တုံး'လို့ မေးလိုက်တယ်။ 'ကိုရင်ကြီး တာလမ်းဘက်က ဆိုင်မှာ ဆေးသွားဝယ်တယ်' 'အေး ... အေး၊ ထားခဲ့၊ ထားခဲ့'လို့ ဘုန်းကြီးက ပြောလိုက်ရင်း တစ်ဆက်တည်း 'ဟဲ့ ... နင်က နောက်ဖေးတန်းက သန်းရှင် သမီး မဟုတ်လား' လို့ လှမ်းမေးတယ်။ ကလေးမလေးက ခေါင်းပဲ အသာညိတ်ပြတယ်။ ဒီတော့ ကောင်ကလေးကို သေသေချာချာ ကြည့်လိုက်ပြန်ရင်း 'မင်းက စိန်ထွန်းသား မဟုတ်လား'လို့ မေးလိုက်ပြန်တယ်။ ကောင်ကလေးကတော့ ခပ်ရဲရဲပဲ 'တင်ပါ့' လို့ ဖြေလိုက်တယ်။ 'ဟဲ့ ... မင်းတို့တွေက မောင်နှမဝမ်းကွဲတွေပဲ။ ဘာလို့ တစ်ယောက်နဲ့တစ်ယောက် သတ်ချင်ရတာတုံး'လို့ ဘုန်းကြီးကြီးက မေးလိုက်ပြန်တယ်။ ဒီတော့မှ ကောင်မလေးက စပြောတယ်။

'တပည့်တော်ကို သူက ရန်လုပ်နေတယ် ဘုရား။ ဘွားအေကြီး မစိန်ဆုံးတုန်းက ရက်လည်ဆွမ်းကျွေးတာ သူတို့ သားအဖတွေကို မဖိတ်မိလို့တဲ့ ဘုရား'

ဘုန်းကြီးကြီးရော အနားမှာရှိနေကြတဲ့ ကိုဦးကြည်တို့ လူတစ်သိုက်လည်း ပြုံးလိုက်ကြတယ်။ သူတို့က သန်းရှင်တို့ မောင်နှမအကြောင်း သိတာကိုး။ ဒီမောင်နှမက သိပ်မတည့်ကြဘူး။ ဒါနဲ့ ဘုန်းကြီးကြီးက ဝင်မေးလိုက်တယ်။

'ဟုတ်ကဲ့လား ...။ နင်တို့ကကော ဘာလို့ မဖိတ်တာတုံး'

'အဖေကတော့ ဖိတ်ဖို့ပြောပါတယ်။ အမေက သူ့အစ်ကိုကို ကြည့်လို့ မရလို့ မဖိတ်ရဘူး ပြောလို့ပါ'လို့ ကောင်မကလေးက ဖြေတယ်။ ဘုန်းကြီးကြီးက ကောင်ကလေးကို လှမ်းကြည့်လိုက်ရင်း ...

'ဟကောင် ... ကြားပြီလား၊ သူ့မှာ ဘာအပြစ်မှ မရှိဘူး။ မင့်အဒေါ်နဲ့ မင့်အဖေ မသင့်လို့ ဖြစ်ကြတဲ့ကိစ္စ။ သေချာ စဉ်းစားကြည့်။ မင်းက သူ့ကို သွားပြီး နားကိုက်လို့ ပါးကိုက်တာမျိုးလုပ်လို့ ဘယ်ဖြစ်မှာတုံး၊ ကြားလား'

mgyoe.com

လို့ မိန့်လိုက်တယ်။ ကောင်ကလေးက ဘာမျှ ပြန်မပြောပေတဲ့ မျက်နှာက သိပ်ကျေနပ်ပုံ မပေါ်ဘူး။ ဘုန်းကြီးကြီးကလည်း ရိပ်မိလိုက်တယ်။ ဒါနဲ့ ထပ်ပြောလိုက်ပြန်တယ်။

'ဟကောင် ... ငါပြောတာ ကြားလား'

'တင်ပါ့ဘုရား'

'မင်းက ဘာများ ပြောချင်သေးတုံး'

ဒီတော့ ကောင်ကလေးက ဘုန်းကြီးကြီးကို ဘာမျှ ပြန်မပြောဘဲ ကောင်မကလေးကို လှမ်းကြည့်လိုက်ရင်း သေသေချာချာ တွေးနေပုံ ရတယ်။ ကောင်မကလေးကလည်း ပြန်ကြည့်နေတယ်။ ပြီးမှ ခုလို ပြောလိုက်တယ်။

'အေးပါဟယ်၊ တို့အလှည့်လည်း လာဦးမှာပါ။ ငါ့ဘိုးအေကြီး ဦးသာမြ လည်း ခုဆို ဖျားလို့ အိပ်ရာထဲ လဲနေတာ သုံးရက်တောင် ရှိပါပြီ'

ဘုန်းကြီးကြီးကော လူကြီးတွေပါ ဘာပြောရမှန်း မသိဘူး ဖြစ်သွားကြတယ်။ ဘုန်းကြီးကြီးက ဘာမှမပြောတော့ဘဲ ခေါင်းခါလိုက်တယ်။ ကိုဦးကြည်ကြီးကတော့ တစ်ချက် 'ခွီး'ခနဲ အသံထွက်တောင် ရယ်လိုက်ပြီး မျက်နှာပိုးသတ်နေလိုက်တယ်။ သူကြီးတူ မောင်မူကသာ ခပ်လှမ်းလှမ်းက ကျောင်းသားကြီး တစ်ယောက်ကို လှမ်းခေါ်လိုက်ပြီး 'ဒီကလေးတွေ ခေါ်သွားစမ်း၊ ကိုရင်ကြီး ပြန်မလာမချင်း မင်း ကြည့်နေ၊ ရန်တွေ ဘာတွေ မဖြစ်စေနဲ့'လို့ ပြောတယ်။

ဒီနောက်တော့ မန်ကျည်းပင်အောက်က ကွပ်ပျစ်ပေါ်မှာ ထိုင်နေကြတဲ့ ဘုန်းကြီးကြီးရော လူကြီးတွေပါ စကားရှာလို့ ရပုံ မပေါ်ဘူး။ ကျောင်းဝင်းထဲကနေ လှမ်းမြင်ရတဲ့ တောင်ရိုးကိုသာ အဓိပ္ပာယ်မရှိ ကြည့်နေကြတယ်။ စိတ်ထဲမှာတော့ လေဟာ မတိုက်ဘဲနေတဲ့အခါ ဘာများ လုပ်နေပါလိမ့်လို့များ တွေးနေကြသလား မသိဘူး။

■

ရောရောယောင်ယောင် မောင်ဘမောင်နှင့်

ရပ်ထဲရွာထဲက ဝတ္ထုများ ... မှ။

mgyoe.com

mgyoe.com SAMPLE BOOK

## မလွှမ်းနိုင်ဘူးတဲ့ ဗျာတို့

တံတားထိပ် ကားဆိပ်က ဆရာဝန်ကလေးကို ဆရာဝန်ကြီး ခေါ်တဲ့သူက ခေါ်၊ ဆရာဝန်ကလေး ခေါ်တဲ့သူက ခေါ်။ ခုထိ ဘယ်သူကမှ ဆရာဝန်ကလေး နာမည် တိတိကျကျ မသိသေးဘူး။ ဒီပြောင်းလာခါစကတော့ ဆေးခန်းအဝမှာ လက်တစ်ဝါးသာသာလောက်ရှိတဲ့ ဆိုင်းဘုတ်ကလေး ချိတ်ထားတာ တွေ့ရဖူးတယ်။ အဲဒီဆိုင်းဘုတ်ကလေးကလည်း ဆေးက ခပ်ပြယ်ပြယ်ရယ်။ နောက်တော့ အဲဒီဆိုင်းဘုတ်ကလေးတောင် မတွေ့ရတော့ဘူး။ ဟိုတုန်းက ဆိုင်းဘုတ်ကလေး ဖတ်ထားလိုက်ရတဲ့ တချို့ကတော့ ဆရာဝန်ကလေးနာမည် အောင်သစ်လွင် ဆိုသလား။ တချို့ကတော့ မောင်သစ်လွင် ဆိုသလားတဲ့။ တစ်ယောက်၊ နှစ်ယောက်ကတော့ ထူးထူးခြားခြား အောင်ချစ်ခင်လို့တောင် ပြောကြတယ်။ ဆရာဝန်ကလေး ဆေးခန်းနဲ့ မျက်နှာချင်းဆိုင် ဓားလွယ်ခုတ်က အာ့စိန်ကြီး ဆိုင်ဘေးမှာ ထန်းရည်လိုင်စင်စီလုပ်တဲ့ ငထိုက်ကြီးတို့၊ ကြည်ဝင်းတို့က 'လူတွေက သောက်အလုပ်ကို ရှုပ်တယ်။ ဆရာဝန်၊ ဆရာဝန်ပေါ့။

mgyoe.com

mgyoe.com

တံတားထိပ် ကားဆိပ်က ဆရာဝန်ဆို လူတိုင်း သိနေကြတဲ့ဥစ္စာ။ ဘာလို့ နာမည်တွေ၊ ဘာတွေ သိချင်နေရတာတုံး'လို့ ပြောရာက ခုတော့ ဆရာဝန်ကလေးဟာ 'တံတားထိပ် ကားဆိပ်က ဆရာဝန်ကလေး'လို့ တွင်နေတယ်။ လူတိုင်းလည်း သိတယ်။ မသိလို့လည်း မဖြစ်ဘူး။ ဒီနားမှာ ဆရာဝန်ဆိုလို့ သူပဲ ရှိတာ။

ဆရာဝန်ကလေး နာမည်သာ မသိကြတာ မဟုတ်ဘူး။ ဆရာဝန်ကလေးရဲ့ ဇာစ်မြစ်လည်း မသိကြဘူး။ အရင်ကဆို တချို့က ဆရာဝန် အစစ်တောင် ဟုတ်ရဲ့လားလို့ တွေးကြတယ်။ လူပုံပန်းကြည့်လို့ကတော့ ဆရာဝန်နဲ့ မတူတာ အမှန်ပဲ။ ဆရာဝန်ကလေးက ချောင်းရဲ့ဟိုဘက်ထိပ် နှုတ်ခမ်းပေါ်မှာ ဆောက်ထားတဲ့ ရဲဘော်ဖြူလူထွက် အောင်ရင့် အိမ်တစ်လုံးမှာ ငှားနေတယ်။ စားတော့ မသောင်း ထမင်းဆိုင်တို့၊ အာ့စိန်ကြီး ဆိုင်တို့မှာ စားတယ်။ အမှန်တော့ အောင်မင်္ဂလာကျောင်းကို ကျောင်းထိုင်ဖို့ ကြွလာတဲ့ ဘုန်းကြီးလေး ဦးပညာသာမိ ခေါ်လာတာနဲ့ ပါလာတာ ဆိုပဲ။ မန္တလေးမှာ ဘုန်းကြီးလေးနဲ့ တွေ့တော့ 'တောဘက်သွားပြီး ဆေးခန်းလေး၊ ဘာလေး ဖွင့်ချင်တယ်' ပြောလို့ 'တောသူတောင်သား စစ်စစ်တွေနဲ့ တွေ့ချင် လိုက်ခဲ့လေဗျာ'လို့ ပြောပြီး ဘုန်းကြီးလေးက ခေါ်လာတာတဲ့။ ဘုန်းကြီးလေးနဲ့ ဆရာဝန်ကလေးတို့ ဒီကို စရောက်တဲ့ နေ့ကိုတော့ အာ့စိန်ကြီး မမေ့ဘူး။ မမေ့ဆို အဲဒီနေ့က ဘုန်းကြီးလေးတို့ စီးလာတဲ့ ဂျုံးနှစ်ကောင် တံဆိပ်နဲ့ မင်္ဂလာမောင်နှံ အဝေးပြေးကားက ကားဆိပ်မှာရပ်တုန်း ရုပ်ကျိုးသွားတာ။ ဘုန်းကြီးလေးတို့လည်း ဘယ်လို ခရီးဆက်ကြရမယ်မှန်း မသိကြဘူး။ ဒီတော့ အာ့စိန်ကြီးကပဲ သူ့ဆိုင်ထဲ ပင့်ပြီး ဘုန်းကြီးလေးကို ကရင်ဆော်ဒါ ကပ်တယ်။ ဒီလိုနဲ့ ဘုန်းကြီးလေးနဲ့ရော ဆရာဝန်ကလေးနဲ့ပါ မိတ်ဖြစ်သွားတာပေါ့။

အာ့စိန်ကြီးက သနားတတ်တယ်။ ကူညီတတ်တယ်။ ဒီတော့လည်း ဒီအနီးအနားမှာ အာ့စိန်အကြောင်း မသိတဲ့လူ ရှားတယ်။ ကျွတ်ဖာ၊ လေထိုး လုပ်နေတဲ့ ကာဆင်ဘိုင်ရဲ့မိန်းမ ကားစပယ်ယာတစ်ယောက်နဲ့ လိုက်ပြေးတုန်းကများဆို အာ့စိန်ကြီး ရှိပေလို့ပဲ။ ကာဆင်ဘိုင်က မယားထိ၊ ဓားကြည့်ဆိုတဲ့ လူမျိုး မဟုတ်ဘူး။ အင်မတန် ပျော့တာ။ ဒီတော့ ဆိုင်တောင် မဖွင့်နိုင်တော့

mgyoe.com

mgyoe.com

SAMPLE BOOK


ဘဲ တရှုပ်ရှုပ် ဖြစ်နေတော့တာ။ သူ့အဖေ အီစမံအင် မောင်ခင် ကိုယ်တိုင် မြစ်ဟိုဘက်ကမ်းက လာပြီး သူ့သားကို ဖျောင်းဖျပေတဲ့ မရဘူး။ အာ့စိန်ကတော့ သူ့ဆိုင် လူပါးတာနဲ့ ကာဆင့်ကို သွားသွားပြီး ချော့ရှာတယ်။ နောက်တော့ မြို့ပေါ်မှာ သူ မာကျောင် သွားကစားတဲ့နေရာတွေ၊ ဘာတွေကိုတောင် ခေါ် သွားတယ်။ အာ့စိန်ကြီး အပြောတော့ အဲဒီမှာ အနှိပ်သည် ကောင်းကောင်း ရှိတယ်တဲ့။ ကာဆင်ဘိုင်က လူပန်းစိတ်နွမ်း ဖြစ်နေတော့ အပူကလေး၊ ဘာလေး ထုတ်ပစ်ခိုင်းရတယ်ဆိုပဲ။ လိုင်းပြောင်းပစ်ရတယ်ဆိုပဲ။ အဲဒီနောက် တော့ သူ့ မိတ်ဆွေတစ်ယောက် သွေးသားထဲက မရွှေဆိုတဲ့ တရုတ်ကပြားမ ကလေးနဲ့ စပ်ပေးလိုက်လို့ ခုဆို ကာဆင်နဲ့ မရွှေ ပေါင်းနေတာ ကလေးတောင် နှစ်ယောက် ရပြီ။

အာ့စိန်ကြီးက အဲဒီလို။ အရပ်စကားနဲ့ ပြောရရင်တော့ သူက လူတွေ ပျော်တာကို ကြည့်ချင်တယ်။ ဒီတော့လည်း သူ တတ်နိုင်သမျှ ကူတယ်။ ဆရာဝန်ကလေး တံတားထိပ် ကားဆိပ်မှာ ဆေးခန်းဖွင့်ဖြစ်တာကလည်း သူ့အစီအမံပဲ။ တံတားထိပ်က ကင်းတဲအဟောင်းကို ပြင်ဆောက်ပြီး ဆေးခန်း လုပ်ပစ်တာ။ ဒါတင်မကဘူး။ ဆရာဝန်ကလေး ကူဖော်လောင်ဖက်ရအောင် ချောင်းဟိုဘက်က ဝမ်းဆွဲဆရာမ မမြညွန့်ကိုတောင် ခေါ်ပေးသေးတယ်။ ခုဆို မြညွန့်က တစ်ပတ် သုံးရက် ဒီမှာ လာအလုပ်လုပ်တယ်။ မြညွန့်ကပဲ ပြောလို့ ဆရာဝန်ကလေးကို သူ သတိထားမိတာ ရှိတယ်။ ဆရာဝန်ကလေးက ဒီမှာ ပျော်ပုံမရသလိုပဲ။ တစ်ခါကတော့ အာ့စိန်ကြီးက တည့်တည့်ပဲ မေးကြည့် ဖူးတယ်။

'ဒေါက်တာလေး ... ဒီမှာ ပျော်ရဲ့လား'

'ပျော်ပါသော်ကောဗျာ ...။ ကျုပ် နေချင်တာလည်း ဒီလိုနေရာမျိုးပဲ။ နေပါဦး၊ ဘာလို့ မေးတာတုံး'လို့ ဆရာဝန်ကလေးက ပြန်မေးတယ်။ ဒီတော့ လည်း အာ့စိန်က 'ဘာရယ် မဟုတ်ပါဘူး'လို့ ပြောပြီး လျှောချလိုက်ရတယ်။ သို့ပေတဲ့ သူ့ဘာသာသူတော့ သိပ်ဘဝင်မကျဘူး။ မကျဆို သူ သတိထားမိ နေတာ တစ်ခုရှိတယ်။ တစ်ခါတလေ ဆရာဝန်ကလေးက ဆေးခန်းစောစော ပိတ်ပြီး ချောင်းအထက်ဘက်က ကွေ့နားမှာ သွားထိုင်ပြီး ရေမရှိတဲ့ ချောင်းကို

mgyoe.com

mgyoe.com
SAMPLE BOOK


ငေးနေတတ်တာကိုး။ အဲဒီလို သွားမယ့်နေ့မျိုးဆို အာ့စိန်ဆီမှာ ဆော်ဒါပုလင်း တစ်လုံးစာ ရမ်ခြောက်ပက်နဲ့ အခေါက်အသား တစ်ကျပ်ဖိုးဖြစ်ဖြစ်၊ တစ်ကျပ်ခွဲတန် ကုန်းဘောင်ကြီးကြော်ဖြစ်ဖြစ် ဝယ်တတ်တယ်။ ပြီးတော့ မိုးကြီးစုပ်စုပ်ချုပ်တဲ့အထိ အဲဒီမှာ သွားပြီး သူ့ဘာသာ ထိုင်နေတတ်တယ်။ အဲဒီလိုနေ့မျိုးဆိုရင် အာ့စိန်ကြီးက ကြော်ရင်းလှော်ရင်း သူ့မီးဖိုချောင် ပြတင်းပေါက်က လှမ်းလှမ်းပြီး ကြည့်တတ်တယ်။ သူ့ဆိုင်က ကမူထိပ်မှာ ဆိုတော့ ဆရာဝန်ကလေး ထိုင်နေတဲ့ ချောင်းကွေ့ထိပ်က မန်ကျည်းပင်ကို အသေအချာ တွေ့ရတာကိုး။ ဒီတော့ အာ့စိန်ကြီးခမျာ စိတ်မချမ်းမသာ ဖြစ်ရပြန်တယ်။ ဆရာဝန်ကလေး ပျင်းများနေသလားလို့ စောင်းပါးရိပ်ခြည် မေးကြည့်ပေတဲ့လည်း ဆရာဝန်ကလေးက မပျင်းဘူးလို့ဆိုတော့ အာ့စိန်ကြီးမှာ အကျပ်တွေ့ရပြန်တယ်။

တစ်နေ့တော့ မြို့က ကထိန်က ပြန်လာတဲ့ ဘုန်းကြီး ဦးပညာသာမိကို ကားဆိပ်မှာတွေ့လို့ အာ့စိန်ကြီးက သူ့ဆိုင်ကို ပင့်လာတယ်။ ဆိုင်ရဲ့ နောက်ဘက် အဖီထုတ်ထားတဲ့နေရာကို ပင့်လာပြီး ဖရုတို ကပ်ရင်း လျှောက်တယ်။

'ကိုယ်တော့် ဆရာဝန်ကလေး ကြည့်ရတာ ဒီမှာ မပျော်ဘူး ထင်တယ်'

ဒီတော့ ဘုန်းကြီးလေးက အံ့အားသင့်သွားပုံ ရတယ်။ 'ဘာလို့တုံး အာ့စိန်ကြီး။ ကျုပ်နဲ့ မကြာမကြာ တွေ့နေသားပဲ။ ကျုပ် ကျောင်းဆီတောင် သွားလာနေသေးတာပဲ။ ကျုပ်ကိုတော့ ဘာမှုမပြောဘူး။ သူ ဒီမှာ သဘောကျတဲ့အကြောင်းပဲ ပြောတယ်'လို့ ပြန်မေးတယ်။ ဒီတော့ အာ့စိန်က ဆရာဝန်ကလေး တစ်ယောက်တည်း ချောင်းကွေ့ထိပ်မှာ သွားထိုင်နေတတ်တဲ့အကြောင်း သူ့ကိုယ်တွေ့ မြင်ရတာကို ပြောပြတယ်။ ဒီတော့ ဘုန်းကြီးလေးက 'ကိုင်း ... ဒီလိုဖြင့် ဆရာဝန်ကလေးကို အားရင် ဒီကို လာခဲ့ပါဦးလို့ ခေါ်ခိုင်းချေ။ ကျုပ် မေးကြည့်ပေးမယ်။ ခင်ဗျားလည်း စိတ်ရှင်းသွားအောင်ပေါ့'လို့ ပြောတယ်။ ဆရာဝန်ကလေး ရောက်လာတော့ ဘုန်းကြီးလေးက စကားတွေ၊ ဘာတွေ သိပ်ပလ္လင်ခံမနေဘဲ တဲ့တိုးပဲ မေးလိုက်တယ်။ 'ဒကာကြီး ... ဒီမှာ ပျော်ရဲ့လား'

ဒီတော့ ဆရာဝန်ကလေးက အံ့အားသင့်တဲ့ မျက်နှာနဲ့ ဘုန်းကြီးလေးကို ကြည့်ရင်း ဖြေလိုက်တယ်။

mgyoe.com

'ပျော်ပါတယ်ဘုရား ... ဘာလို့တုံး'လို့ ပြန်မေးတယ်။

'ပေါက်ဖော်ကြီးက ခင်ဗျား ချောင်းကွေ့ထိပ်မှာ တစ်ယောက်တည်း သွားသွားထိုင်နေတာ တွေ့လို့ တစ်ခုခုများလားလို့' ပြောပြီး ပြုံးရင်း 'ဒကာကြီးမှာ လွမ်းစရာများ ရှိနေသလား'လို့ မေးလိုက်တယ်။

ဒီတော့ ဆရာဝန်ကလေးက ပြုံးပြီး ပြန်ဖြေတယ်။

'တပည့်တော်မှာ လွမ်းစရာမရှိဘူး ဘုရား။ အဲဒါ တပည့်တော် ပြဿနာပဲ။ တပည့်တော် လွမ်းချင်နေတာ။ တပည့်တော်မှာ လွမ်းစရာမရှိဘူး ဖြစ်နေတယ်'

ဒီတော့ ဘုန်းကြီးလေးကော၊ အာ့စိန်ကြီးကော ဘာပြန်ပြောကြရမှန်း မသိဘူး။ အဲဒီတုန်း ဘုန်းကြီးလေးအတွက် ကားကြုံရပြီလို့ လာပြောတာနဲ့ စကားပြတ်သွားကြတယ်။ ဘုန်းကြီးလေးကတော့ ကြွခါနီးမှာ ခုလို ပြောတယ်။

'ဘုန်းကြီးကတော့ လွမ်းတဲ့ကိစ္စ မသိဘူး။ လွမ်းချင်တဲ့ကိစ္စလည်း နားမလည်ဘူး။ ဒီတော့ အာ့စိန်ကြီး ... ဆရာဝန်ကလေး လွမ်းလောက်အောင် ခင်ဗျားက စီစဉ်ပေးလိုက်ပေါ့'လို့ ရယ်စရာ ပြောလိုက်တယ်။ ဆရာဝန်ကလေးက ရယ်တယ်။ အာ့စိန်ကြီးကတော့ မရယ်နိုင်ရှာဘူး။ လွမ်းတယ်ဆိုတာ သူကမှ မသိဘဲကိုး။ ဒီတော့ သူ့အတွက် ပြဿနာတစ်ခု တိုးတော့တာပဲ။ ဒီကိစ္စ မာဂျောင်ကစားလည်း သူ့ခေါင်းထဲက မထွက်ဘူး။ တောက်တောက်ကြော်လည်း သူ့ခေါင်းထဲက မထွက်ဘူး။ တစ်နေ့တော့ နေ့ခင်းဘက် ဆိုင်မှာ လူပါးလို့ အာ့စိန်တစ်ယောက် ဆိုင်နောက်ဘက်မှာ စီးကရက် ထိုင်သောက်နေတုန်း သူ့ဆိုင်ဘေးက ထန်းရည်လိုင်စင်စီ ငထိုက်ကြီးတစ်ယောက် ဆိုင်နောက်ဖေးဘက် ဝင်လာတယ်။ သူက လာနေကျ။

ဒါတော့ နည်းနည်း ရှင်းပြရလိမ့်မယ်။ ငထိုက်ကြီးတို့က ထန်းရည်လိုင်စင်စီတို့ ထုံးစံအတိုင်း ဆန်ဆေးရည်ရောလေ့ ရှိတယ်။ ဒါပေတဲ့ အာ့စိန်က ဆန်ဆေးရည်ရောတာထက် ကောင်းတဲ့နည်း ငထိုက်ကြီးတို့ကို ပေးလိုက်တယ်။ အဲဒါက ပဲစိမ်တဲ့ရေထဲ သစ်ကြမ်းပိုးခေါက်ကလေး ထည့်၊ ချက်အရက်နဲ့ သကာရည် နည်းနည်းကို ရေနွေးနွေးကလေးထဲ ထည့်ပြီး ထန်းရည်နဲ့ ရောတာပဲ။ သေသွားတဲ့ သူ့ဦးလေး နည်းတဲ့။ သူ့ဦးလေးကလည်း ထန်းရည်

mgyoe.com

SAMPLE BOOK


လိုင်စင်စီပဲကိုး။ ငထိုက်ကြီးတို့ကလည်း အဲဒီရောနည်းကလေး ရကတည်းက အတော် ဟန်ကျလာတယ်။ အာ့စိန်က ပဲတီပင်ဖောက်ဖို့ ပဲရေစိမ်တော့ ခုဆို နေ့ခင်းတိုင်း ငထိုက်ကြီးက အဲဒီ ပဲစိမ်တဲ့ရေ လာယူလေ့ ရှိတယ်။ အဲဒီနေ့တော့ နောက်ဖေးမှာ တစ်ယောက်တည်း ထိုင်ပြီး စီးကရက်သောက်နေတဲ့ အာ့စိန်ကြီး ကို တွေ့တော့ ငထိုက်ကြီးက ခဏထိုင်ပြီး စကားပြောတယ်။ အဲဒီတုန်း အာ့စိန်က ငထိုက်ကို လွမ်းတဲ့အကြောင်း မေးမိတယ်။

'ငထိုက် ... လွမ်းအောင် ဘယ်လိုလုပ်ရသတုံးကွ။ မင်းမှာ နည်းရှိလား'

ငထိုက်ကြီးက အတော်အံ့အားသင့်သွားပုံရတယ်။ 'ကျုပ်က ဘယ်လိုလုပ် လွမ်းတတ်မှာတုံး၊ လွမ်းနည်းရှိမှာတုံး'လို့ ပြောတယ်။ ပြီးမှ 'နေဦးဗျ။ ခင်ဗျား မောင်မူကို မေးရင် သိမလားပဲ၊ ဒီအကောင်က တစ်ခါတစ်ခါ ကျုပ် ဆိုင်မှာ သောက်တဲ့အခါ အရှိန်ကလေးရရင် ငိုတတ်သဗျ။ အဲဒါ လွမ်းလို့ ငိုတာနေမှာ' လို့ ပြောတယ်။

'ဘယ် ... မောင်မူတုံး'

'သူကြီးတူ မောင်မူလေဗျာ။ နှစ်လုံးပြူးကြီးနဲ့ ယုန်လိုက်လေ့ ရှိတဲ့ မောင်မူတို့၊ မောင်တာတို့လေဗျာ ...'

ဒီတော့ အာ့စိန်ကြီး လမ်းစတစ်ခု တွေ့သွားတယ်။ တစ်နေ့လောက်တော့ ဆရာဝန်ကလေးနဲ့ မောင်မူတို့၊ မောင်တာတို့နဲ့တွေ့ပြီး စကားစမြည်ကလေး ဘာလေး ပြောခိုင်းရရင် ကောင်းမှာပဲ။ ဆရာဝန်ကလေးသည် မောင်မူ့ဆီက လွမ်းနည်းလေး၊ ဘာလေး ရနိုင်တယ်လို့ တွေးလိုက်မိတယ်။ အတော်ပဲ ...။ နောက်အပတ်ထဲကျရင် တရုတ် နှစ်သစ်ကူးမို့ ဆိုင်သုံးရက် ပိတ်မယ်။ တစ်ရက်ကတော့ ထုံးစံအတိုင်း မြို့တက်ပြီး မာကျောင် ကစားရမယ်။ ကျန်တဲ့ နှစ်ရက်ထဲက တစ်ရက်မှာ ဆရာဝန်ကလေးနဲ့ မောင်မူတို့နဲ့ စကားစမြည် ပြောဖြစ်အောင် သူကပဲ အိတ်စိုက် ထမင်းကျွေး၊ အရက်တိုက်မယ်။ နှစ်သစ် ကူးလည်း နှစ်သစ်ကူးအတွက်ပေါ့။ ဒီတော့ လူကြုံနဲ့ မောင်မူနဲ့ မောင်တာကို တံတားထိပ်က ပေါက်ဖော်ကြီးက နှစ်သစ်ကူးအတွက် ထမင်းကျွေး၊ အရက် တိုက်မှာမို့ ဘယ်နေ့၊ ဘယ်ရက် လာခဲ့ပါလို့ သတင်းပေးလိုက်တယ်။ ဆရာဝန် ကလေးကိုလည်း ပြောထားလိုက်တယ်။ အဲဒီနေ့ကျတော့ ကာဆင်ဘိုင့် ညှို

mgyoe.com

မာမက် ရောက်နေတာနဲ့ တိုးလို့ အဲ့စိန်ကြီးက စကားဝိုင်းကို ခေါ်လာတယ်။ ကောင်လေးက ဆယ်တန်း ဖြေမှာဆိုတော့ မွန်ရည်တယ်။

အဲဒီညနေမှာ ဆရာဝန်ကလေး သွားထိုင်တတ်တဲ့ မန်ကျည်းပင်ကြီး အောက်မှာ လူစုကြတယ်။ အဲ့စိန်က ရမ်တစ်လုံး၊ အဖြူတစ်လုံး ယူလာရုံတင် မကဘူး။ ဘာဘာညာညာ ချက်ပြုတ်လာသေးတာ။ အစကတော့ ဟိုဟိုဒီဒီ ပြောကြပေါ့လေ။ နောက် အရှိန်အတော်ကလေး ရလာတော့ အဲ့စိန်ကြီးကပဲ စပြီးပြောတယ်။

'မောင်မူ ... တို့ ဒေါက်တာကလေးက လွမ်းချင်နေသတဲ့၊ လွမ်းစရာ မရှိဘူးတဲ့။ မင်းကတော့ မူးလာတိုင်း ငိုတတ်တော့ မင်းမှာ လွမ်းစရာ ရှိမယ် ငါ ထင်တယ်။ ငါတို့ကို ပြောစမ်းပါဦးဟ။ ဘယ်လို လွမ်းရတယ်ဆိုတာ ...'

မောင်မူက အဲ့စိန်ကြီးပြောတာ နားထောင်နေရာက ဆရာဝန်ကလေး ကို လှမ်းကြည့်လိုက်တယ်။ အဲ့စိန်ကြီး ပြောနေတုန်း ရမ်မော့နေတဲ့ မောင်တာ ကတော့ စကားလည်း ဆုံးရော ခွီးခနဲ အသံထွက်ပြီး ရယ်လိုက်တာ သီးများ တောင် သွားတယ်။ မောင်မူက မောင်တာ့ကို တစ်ချက် လှည့်ကြည့်လိုက်ပေတဲ့ ဘာမျှ ပြန်မပြောဘူး။ ပြီးတော့မှ ဆရာဝန်ကလေးကို ကြည့်ရင်း ပြောတယ်။

'ဆရာရယ် ... လူမှန်ရင် လွမ်းစရာတော့ ရှိရမှာပေါ့ဗျာ။ လွမ်းစရာ မရှိဘူးရယ်လို့ ... မဟုတ်က ဟုတ်ကဗျာ'

'တကယ်ပြောတာဗျ ...'လို့ ဆရာဝန်ကလေးက ပြန်ပြောတယ်။

'မဟုတ်သေးပါဘူး ဆရာသမားရယ် ...။ ဘာမှ လွမ်းစရာ မရှိတောင် အဖေ၊ အမေတော့ လွမ်းစရာရှိမှာပေါ့'

'ကျုပ်အဖေ၊ အမေက ကျုပ်ငယ်ငယ်ကတည်းက မော်တော်နစ်လို့ ဆုံး သွားကြတယ်။ ကျုပ် မြင်တောင် မမြင်ဖူးဘူးဗျာ'

'ဟောဗျာ ... ဆရာသမားကလည်း ကျုပ်လိုပါပဲလား။ ကျုပ်လည်း ငယ်ငယ်ကတည်းက မိဘမဲ့၊ ဒေါ်ကြီးက မွေးစားထားတာ၊ သားသမီးရင်းလိုပဲ။ ခု ဒေါ်ကြီး ဆုံးသွားတော့ ဦးကြီး သူကြီးမင်းက ဆက်ပြီး ကျွေးမွေးထားတာ၊ ဒါတင်မကဘူး၊ သူ မရှိတဲ့အခါ ဆက်ခံဖို့တောင် စီစဉ်ပေးသေးတယ်'

'ကျုပ်လည်း ဒီလိုပဲ'လို့ ပြောရင်း ဆရာဝန်ကလေးက ရမ် နည်းနည်း

mgyoe.com

မော့လိုက်တယ်။ ပြီးမှ စကားကို ဆက်လိုက်ပြန်တယ်။ 'ကျုပ်က ကြီးတော်ကြီးရော ဦးကြီးပါ မရှိတော့ဘူး။ သူတို့ ကောင်းမှုကြောင့် ကျုပ် ဆရာဝန်ဖြစ်လာရတာပဲ'

'အဲဒါ လွမ်းစရာပဲပေါ့ ဆရာသမားရယ် ...။ ကျုပ်တော့ ကျုပ် မမြင်ဖူးလိုက်တဲ့ အဖေ၊ အမေလည်း လွမ်းသဗျာ၊ ဒေါ်ကြီးလည်း လွမ်းမိသဗျာ။ ဟီး ... ဟီး ...' ပြောရင်းနဲ့ မောင်မူ ငိုပါလေရော။ မောင်မူ့အနားက အဘ့စိန်ကြီးလည်း ဘာလုပ်ရမှန်းမသိဘူး ဖြစ်သွားရှာတယ်။ အခါကျော်ရုံ ရှိသေးတယ်။ ဗြုန်းဆို မိုးရွာချလိုက်သလိုကိုး။ ဆရာဝန်ကလေးကတော့ အားနာသွားပုံရတယ်။ ဘာမှတော့ မပြောဘူး။ မောင်တာကြီးကတော့ ခေါင်းငုံ့ပြီး အမြည်းလှမ်းနှိုက်တယ်။ မာမက်ခမျှာမှာတော့ စကားဝိုင်းထဲမှာ သူက အငယ်ဆုံးဆိုတော့ ဘာပြောရမှန်း မသိဘူး ဖြစ်နေရှာတယ်။ အဘ့စိန်ကြီးက မောင်မူ့ကိုအသာ ပခုံးပုတ်ရင်း ဖက်ထားလိုက်တယ်။ မောင်မူကပဲ ငိုကြီးချက်မနဲ့ဆက်ပြောပြန်တယ်။

'လူဆိုတာ လွမ်းစရာ ရှိကြတာချည်းပေါ့ဗျာ။ လွမ်းတဲ့နည်း ရယ်လို့တော့ဘယ်ရှိမှာတုံး။ ဒါပေတဲ့ သူ့ဘာသာသူ ဖြစ်လာတာပဲ။ လွမ်းစရာ မရှိဘူးရယ်တော့ ဘယ်ဟုတ်မလဲ။ လွမ်းစရာမရှိလည်း ရွာထိပ်က ညောင်ပင်ကြီးကိုပဲဖြစ်ဖြစ် လှမ်းပြီး လွမ်းလို့ ဖြစ်နေသေးပဲဟာ ...။ ဟီး ... ဟီး'

မောင်မူက ဆက်ငိုပြန်ရော။ အဘ့စိန်ကြီးတောင် မျက်စိမျက်နှာ ပျက်လာတယ်။ မောင်မူ့ပခုံးကို အသာပုတ်ရင်း 'ဟုတ်တာပေါ့ကွာ၊ ဟုတ်တာပေါ့'လို့ပြောရင်း အဘ့စိန်ကြီးလည်း မျက်ရည်တွေ ကျလာတယ်။ ဒီတော့ မောင်တာနဲ့ဆရာဝန်ကလေးက တစ်ယောက်ကိုတစ်ယောက် ကြည့်လိုက်မိတယ်။ ဆရာဝန်ကလေး ပြုံးပြတော့ မောင်တာလည်း ပြန်ပြီး ပြုံးပြလိုက်တယ်။ ပြီးမှ မောင်တာက အဘ့စိန်ကြီးကို မေးလိုက်တယ်။

'ပေါက်ဖော်ကြီး ... ခင်ဗျားက ဘာလို့ မျက်ရည်ကျရတာတုံး'

အဘ့စိန်ကြီးက မျက်ရည်သုတ်ရင်း ပြန်ပြောတယ်။

'ဘယ်သိမလဲကွ။ ငါလည်း ငိုချင်လာတာပေါ့။ မောင်မူ ဒီလောက်လွမ်းနေမှတော့ ငါလည်း လွမ်းသွားတာပေါ့။ မောင်မူ ပြောသလို လွမ်းတာ

mgyoe.com

SAMPLE BOOK

သူ့ဘာသူ ဖြစ်လာတာပေါ့၊ မဟုတ်လား မောင်မှူ ...'

မောင်မှူကတော့ ပါးစပ်က ပြန်မဖြေနိုင်ဘူး။ တရှုပ်ရှုပ်နဲ့သာ ငိုနေတော့တယ်။ ဆရာဝန်ကလေးကတော့ အာ့စိန်ကြီး ယူလာတဲ့ ဘဲကင်ထဲက လည်ချောင်းရိုးကို စိတ်ပါလက်ပါနဲ့ ကိုက်နေလေရဲ့။ မောင်တာကြီးကတော့ သူ့ထုံးစံအတိုင်း ရယ်ကျဲကျဲ လုပ်နေတယ်။ ဒီတော့ ဘာလုပ်ရမှန်း မသိတဲ့ မာမက်က ထိုင်ရာက မတ်တတ်ရပ်ပြီး 'ကျွန်တော် ပြန်တော့မယ်ဗျာ'လို့ ပြောပြီး ချောင်းရိုးအတိုင်း လျှောက်သွားတယ်။ အဲဒီတုန်း ပေါက်ပေါက်ရှာရှာ တွေးတတ်တဲ့ မောင်တာကြီးက မာမက်ကို လှမ်းပြောတယ်။

'ဟကောင်လေး ... မင်း ဖြေမယ့် စာမေးပွဲမှာ လွမ်းတယ် ဆိုတာကို ရှင်းလင်းပြပါဆို နင် ဘယ်လိုဖြေမှာတုံး'

မာမက်ခမျာ ခြေလှမ်းတွေ တုံ့သွားတယ်။ ဟုတ်ပါရဲ့။ လွမ်းတာကို ရှင်းပြပါဆို ဘယ်လိုရှင်းရမှာတုံး။ ဒီတစ်ပုဒ်တည်းနဲ့ ငါတော့ စာမေးပွဲ ကျရချေရဲ့လို့ တွေးလိုက်မိပြန်တယ်။ ပြီးတော့မှ ဟာ ... ဟုတ်သေးပါဘူးလို့ တွေးလိုက်မိပြန်တယ်။ တော်ပါသေးရဲ့။ ကျောင်းမှာ လွမ်းတဲ့အကြောင်း မသင်ပေလို့ပဲ။ သင်များ သင်ရင် ဒုက္ခပဲလို့ တွေးရင်း ရေမရှိတဲ့ ချောင်းကို လှမ်းကြည့်လိုက်မိတယ်။ ချောင်းဆိုတာ ရေတော့ ရှိမှပေါ့။ ခု ရေမရှိပေတဲ့ လူတွေဟာ ချောင်းကို ဘာလို့ ချောင်းလို့ ခေါ်နေကြသေးတာတုံးလို့ ဆက်တွေးရင်း မာမက်ခမျာ သင်ရိုးမရှိတဲ့ ဘဝရဲ့အကြောင်း၊ တောင်အကြောင်း၊ မြောက်အကြောင်း စဉ်းစားရင်းနဲ့ တံတားထိပ် ကားဆိပ်ဘက်ကို လျှောက်လာမိတော့တယ်။

■

စတိုင်သစ်မဂ္ဂဇင်း၊ ဇွန်၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

## ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းမှ ရေနောက်ကျိရသည့် အကြောင်း

စဉ်းစားမည်ဟု ဆိုသော် ဤသို့ စဉ်းစားရန် ရှိပါသည်။ အဘယ်ကြောင့် ချောင်းသည် ရွာ၏ အခြားတစ်ဖက်တွင်သာ တည်ရှိနေခဲ့ရပါသနည်း။ သို့မဟုတ် ချောင်းသည် ရွာလယ်မှ ဖြတ်၍ မစီးပါသနည်း။ သို့တည်းမဟုတ် ချောင်းရိုးသည် ရွာနှင့်ယှဉ်၍ အပြိုင်တည်ရှိမနေခဲ့ပါသနည်း။ သို့သော် ထိုသို့ မည်သူမျှ မစဉ်းစားခဲ့ကြပါ။ မစဉ်းလည်း မစဉ်းစားကြပါ။

ထိုသို့ မစဉ်းစားကြရသည့် အကြောင်းပေါင်း မြောက်မြားစွာအနက် အများစုအနေဖြင့် ရွာတည်စကပင် ချောင်း၏အခြားတစ်ဖက်ကို ရွေးချယ်၍ တည်ရသည်ကို သိထားကြသောကြောင့် ဖြစ်သည်။ အချို့ ပိုပိုသာသာ တွေးတတ်သဖြင့် သိထားသော အချက်တစ်ခုမှာ ရွာသည် ပုံစံအားဖြင့်သော် လည်းကောင်း၊ အနေအထားအားဖြင့်သော် လည်းကောင်း ပြောင်းလဲနိုင်သည်ကို သိထားကြပြီး ချောင်းမှာ ပုံစံအားဖြင့် အလွယ်တကူ ပြောင်းနိုင်ခြင်း မရှိသော အချက် ဖြစ်သည်။

mgyoe.com

သို့ရာတွင် ချောင်းသည် ရွာကဲ့သို့ ပုံစံအားဖြင့် မပြောင်းနိုင်သော်လည်း ရပ်တန့်နေသော အနေအထားတစ်ခုအဖြစ် တည်ရှိနေသည် မဟုတ်ပါ။ ချောင်းဟု သတ်မှတ်ခေါ်ဆိုခြင်း ခံရသော အနေအထားတစ်ခုအတွင်း တစ်ဖက်သတ် စီးဆင်းနေသဖြင့် အမြဲတစေ ပုံမှန်လှုပ်ရှားနေသည်ဟု ခေါ်ရပါမည်။

ထိုအခါ ရွာသည် ချောင်းကဲ့သို့ မဟုတ်ပါဟူသော အချက်မှာ အရေးကြီးလာပါသည်။ ရွာသည် ပုံစံအားဖြင့် ပြောင်းနိုင်သကဲ့သို့ အနေအထားလည်း ပြောင်းသွားနိုင်ပါသည်။ ရွာ၏ လှုပ်ရှားနေပုံမှာ ရွာခရိုးအတွင်း၌သာ မဟုတ်ပါ။ ရွာအတွင်း၌ ဆက်ဆံမှုများ ရှိနေသကဲ့သို့ ရွာ၏အပနှင့်လည်း ဆက်ဆံမှု ရှိနေရာ တစ်ဖက်သတ်သဘောမျိုး မဟုတ်ဘဲ အပြန်အလှန်သဘော ဖြစ်နေသည်။ ရွာသည် ရွာဟု သတ်မှတ် ကန့်သတ် အသိအမှတ်ပြုထားခြင်း ခံရသည့်အတွင်း၌ အကန့်အသတ်မရှိဘဲ လှုပ်ရှားနေသည်။

ရွာ၏ရှိနေမှုမှာ ရှိနေရုံသက်သက်မျှသာ မဟုတ်ပါ။ ရှိနေခြင်း၏ အတွင်းနှင့် အပတို့တွင် သိနေမှုများ အမြောက်အမြား ရှိနေပါသည်။ ရွာထဲက လူများတွင် ကလေးများ၊ စိတ်မမှန်သူများ အပါအဝင် ရွာထဲက လူမှန်လျှင် ရွာ၏ ရှိနေခြင်းကို သိထားကြပါသည်။ ထိုသို့ သိနေကြသဖြင့် သူတို့အားလုံး အကြားတွင် ဆက်ဆံရေး ရှိပါသည်။ ထိုဆက်ဆံရေးအရ ကောင်း၊ ဆိုး၊ မှား၊ မှန် အကြောင်း ပြောဆိုနိုင်ကြပါသည်။

ချောင်း၏ရှိနေမှုကို ချောင်းမှအပ၊ ရွာမှ လူများသာမက ရွာနှင့် အဆက်အစပ်၊ အဆက်အဆံရှိသူတိုင်း သိကြပါသည်။ ချောင်းမှာ ရွာမှလူများ ရှိခြင်း၊ မရှိခြင်း၊ သိခြင်း၊ မသိခြင်းတို့နှင့် ကင်းပ၍ သူ့ဘာသာ တည်ရှိနေနိုင်သည်မှာ မှန်သော်လည်း ချောင်းဟူ၍ သတ်မှတ်ထားခြင်းကို သိထားနှင့်သူများက မသိဘဲလျက် ချောင်းသည် ချောင်း မဖြစ်နိုင်ပါ။ ချောင်းဟု သတ်မှတ် လက်ခံကြရန်မှာ ချောင်းဆိုသည်မှာ ဤသည် ... ဤသို့ဟု မသိဘဲလျက် ချောင်းကို မြစ်နှင့်လည်းကောင်း၊ ချောင်းကို ရေဝင်နေသော လျှိုကလေးတစ်ခုနှင့် လည်းကောင်း ခွဲခြား၍ သိကြမည် မဟုတ်ပါ။

ဤသို့ဆိုသော် သူ့ဘာသာ တည်ရှိနေနိုင်သော ချောင်းသည် ချောင်းကို ချောင်းမှန်းသိသူ မရှိဘဲ ချောင်းသည် ချောင်းမဖြစ်နိုင်ဟု ဆိုရပါတော့မည်။

mgyoe.com

mgyoe.com SAMPLE BOOK

ထိုသို့ ယူဆသော် ထိုအယူအဆမှာ ထက်ဝက်မျှသာ မှန်နိုင်ပါလိမ့်မည်။ အကြောင်းမှာ ချောင်းကို ချောင်းအဖြစ် လက်ခံသည်ဖြစ်စေ၊ လက်မခံသည် ဖြစ်စေ ချောင်း၏ရှိနေမှုမှာ တစ်ယောက်ယောက်က ချောင်းအဖြစ် အသိအမှတ် ပြု လက်ခံထားသောကြောင့် ရှိနေခဲ့သည် မဟုတ်ပါ။ မည်သူမျှ အသိအမှတ် ပြုသည်ဖြစ်စေ၊ အသိအမှတ် မပြုသည်ဖြစ်စေ ချောင်း၏ရှိနေမှုမှာ တစ်ဦး တစ်ယောက်၏ သိမှုနှင့် မဆိုင်ပါ။ သို့သော် ချောင်းအဖြစ် ရှိမှုမှာ တစ်ဦး တစ်ယောက်၏ သိမှုနှင့် ဆိုင်ပါသည်။ ချောင်းသည် ရွာကဲ့သို့ မဟုတ်။

ပိုမိုသေချာစွာ ဆိုရသော် ချောင်းသည် ရွာ မဟုတ်။ ရွာသည် ချောင်း ကဲ့သို့ ပုံစံပြ၍ရသော အနေအထားတွင် ရှိမနေပါ။ ရွာမှာ သိမှု၏ သတ်မှတ် ပိုင်းခြားခြင်းနှင့် ဘာသာစကား ဘောင်ထဲတွင် သမုတ်ထားခြင်းမျှသာ ဖြစ်ပါ သည်။ လူစိမ်းတစ်ဦးကို ရွာထိပ်နား ရောက်သည်နှင့် 'ဒါ ... တို့ရွာပဲ'ဟု ပြောရင်း လက်ညှိုးထိုးပြ၍ ရသော်လည်း စင်စစ် လက်ညှိုးထိုးပြခံရသည်များ မှာ ရွာခရိုး၊ တဲအိမ်အချို့၊ ထန်းပင်၊ နွား လေးငါးကောင် စသည်မျှသာ ဖြစ်ပါသည်။ ရွာ မဟုတ်ပါ။ လူစိမ်းက 'မင်းတို့ရွာက ဘယ်နားအထိတုံး'ဟု ဆိုသော် 'ရွာကတော့ မြောက်ဘက်က ချောင်းစပ်ကနေ စတာပဲ။ တောင်ဘက်ကို တဖြည်းဖြည်း ချဲ့သွားကြတာ အခုတော့ စမ်းတွင်းက သူကြီး ဦးကံရ ပိုင်တဲ့ ထန်းတောအထိတောင် ရောက်နေပြီ။ အနောက်ဘက်တော့ သချိုင်းကုန်း အထိပဲ။ အရှေ့ဘက်တော့ စာသင်တိုက်ကြီးမှာ နယ်ကုန်တယ်'ဟု ဖြေကြသည်။ စင်စစ် ထိုအဖြေက ရွာ၏အတိုင်းအတာမျှသာ ဖြစ်သည်။ ရွာ မဟုတ်။

ရွာ၏ ရှိနေမှုမှာ သိမှု အခြေခံထားသော သိမှုသက်သက်မျှသာ ဖြစ်ပါ သည်။ ဘာသာစကားအရ တည်ဆောက်ပြထားသော သိမှု ဖြစ်ပါသည်။ ထို့ ကြောင့် ရွာသူရွာသားများက 'ငါတို့ရွာ'ဟု ခေါ်ပြီး အခြားသူများက 'သူတို့ရွာ' ဟု ခေါ်ညွှန်း ပြောဆိုကြပါသည်။ ရွာသည် ရွာသာဖြစ်ပြီး တကယ်တမ်း မတူညီသည်မှာ 'ငါတို့'နှင့် 'သူတို့'သာ ဖြစ်သည်။ 'ငါတို့'နှင့် 'သူတို့'ကို အခြေခံ၍ ရွာသည် ပုံစံအမျိုးမျိုး၊ အနေအထားအမျိုးမျိုး ဖြစ်နိုင်သည်သာမက 'ငါတို့'နှင့် 'သူတို့'၏ ဆန္ဒများ၊ အလိုများ၊ ဝေဒနာများ ... စသည့် စသည့် အကြောင်းများကို တည်မှီ၍ ရွာသည် ပုံစံတစ်ခုကို ဖော်ထုတ်ပြနိုင်သော်

mgyoe.com

SAMPLE BOOK

လည်း ချောင်းသည် ချောင်းအနီး၌ တည်ထားသော ရွာမှ လူများကြောင့်ဖြစ်စေ၊ အခြား တစ်ရပ်တစ်ကျေးမှ လူများကြောင့်ဖြစ်စေ သီးခြားပုံစံတစ်ခုကို ဖော်ထုတ်မပြနိုင်ပါ။

ချောင်းသည် ချောင်းဟု ကန့်သတ်ခေါ်ဆိုထားခြင်း ခံရမှုအတွင်း၊ လူတို့၏ ပြဌာန်းခံတစ်ခု မဟုတ်။ လူများက 'ချောင်းကောလို့ မြောင်း ဖြစ်တယ်။ ချောင်းကျယ်ရင် မြစ် ဖြစ်မယ်'ဟု ဆိုကြသဖြင့် ချောင်းမှ၊ ချောင်း၏အဖြစ်မှ ဘဝသစ်တစ်ခုကို ရယူနိုင်သည့်တိုင် ချောင်း၏လက္ခဏာရပ်များ ပျောက်ဆုံးမသွားနိုင်။ ချောင်း၏လက္ခဏာရပ်များမှာ လိုအပ်သော ရှိနေသော သိမှုတစ်စုံတစ်ရာ ဖြစ်သော်လည်း ထိုသိမှုတို့က ချောင်းက ရှိမှုကို ပြဌာန်းမထားချေ။ ချောင်း၏ ရှိနေမှုမှာ သူ့ဘာသာ လွတ်လပ်စွာ ရပ်တည်နိုင်သော ရှိနေမှုတစ်ခုသာ ဖြစ်သည်။ ရွာနှင့် ချောင်းအကြား ပုံမှန် ဆက်သွယ်မှု မရှိပါ။

ရွာသည် ချောင်းကို အမှီပြု၍ ရပ်တည်ထားသည် မှန်သော်လည်း ချောင်းကို မှီ၍ ရပ်တည်နေသည် မဟုတ်ပါ။ ချောင်းရေသည် ကလေးများ အပျင်းပြေ ရေကူးကြရန်နှင့် နွားများ ရေချရန်ထက် မပိုပါ။ ရွာ၏ အသက်ဖြစ်သော သောက်ရေကို တွင်းမှ ရပါသည်။ ချောင်းရေမှာ မသောက်သာပါ။ ချောင်းရေသည် ခပ်လှမ်းလှမ်းမှရှိသော မြစ်အတွင်း စီးဆင်းသွားသည် မှန်သော်လည်း ချောင်းရိုးအတိုင်း လိုက်သွားသော် မြစ်ထဲသို့ တိုက်ရိုက်မရောက်ပါ။ သို့အတွက် ချောင်းသည် ရွာက လူများ၏ ခရီးသွားလာရေးနှင့် တိုက်ရိုက် အကျိုးပြုမှု မရှိပါ။

ချောင်းသည် ရွာကို မှီ၍ ရှိလာသည် မဟုတ်ပါ။ ရွာ၏ ရှိနေခြင်းနှင့် ရှိလာခြင်းသည် ချောင်းအတွက် သက်ရောက်နိုင်သော အကျိုးတရား တစ်စုံတစ်ရာ မရှိပါ။

စကားစပ်မိသောအခါများတွင် ရွာ၏ အခြားတစ်ဖက်တွင် ချောင်းရှိကြောင်း ပြောတတ်ကြသော်လည်း ချောင်းထဲမှ ရေမှာ နောက်ကျိနေတတ်ကြောင်း အလေးတယူပြု၍ မပြောကြပါ။ သို့ရာတွင် ရွာ၏တစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည်မှာ အမှန်ပင်။

ထိုသို့ ရွာ၏အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့်

mgyoe.com

mgyoe.com SAMPLE BOOK

ကို အဘယ့်ကြောင့်နည်းဟု သိလိုသူများ ပေါ်ပေါက်လာသည်ရှိသော် အဖြေရှာရန်မှာ သူ၏တာဝန်သာ ဖြစ်ပါသည်။

ပြဿနာသည် ပြဿနာသာဖြစ်၍ ပြဿနာကို တင်ပြသူက ပြဿနာကို ဖြေရှင်းရန် အထိုက်အလျောက် တာဝန်ရှိပါသည်။ ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့်အကြောင်းမှာ ထိုအခါတွင် ဆက်လက်နှီးနှောဖွယ်ဖြစ်သော အကြောင်းတစ်ခု ဖြစ်လာပါသည်။

နောင်နှစ်ပေါင်းများစွာ ကြာသောအခါ ရွာမရှိတော့ဘဲ ချောင်းချည်းသာ ကျန်ရစ်ခဲ့လျှင်ဖြစ်စေ၊ ရွာရှိလျက်နှင့် ချောင်းမှာ ကောသွားခဲ့လျှင်ဖြစ်စေ သို့မဟုတ် ရွာပျက်၍ ချောင်းလည်း ကောသွားလျှင်ဖြစ်စေ၊ မည်သည့် အကြောင်းကြောင့်ဖြစ်စေ လူများအနေဖြင့် ချောင်းရှိခဲ့သည်ကို သတိမရကြတော့လျှင် သို့မဟုတ် မသိကြတော့လျှင် ရွာ၏အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့် အကြောင်းရင်းကို မည်သူမျှ ပြောပြနိုင်ကြတော့မည် မဟုတ်ပါ။

ရွာနှင့် ချောင်း အတူတကွ ရှိနေစဉ်မှာပင် ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့် အကြောင်းရင်းကို မည်သူမျှ အရေးလုပ်၍ မပြောကြပါ။ ပြောစရာလည်း မလိုပါ။ မပြော၍လည်း ဘာမျှ မဖြစ်ပါ။ ပြောကြသည်ဆိုသော် သိရသည်က လွဲ၍ ဆက်လက် နှီးနှောနိုင်သော အကြောင်းတစ်ရပ် မဟုတ်ခဲ့ပါ။

ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့် အကြောင်းရင်း တစ်စုံတစ်ရာမှာ ဤသို့ဖြစ်သည်ဟု အခိုင်အမာ ပြောဆိုခြင်း သို့မဟုတ် ဤသို့ ဖြစ်နိုင်သည်ဟု မှန်းဆပြောဆိုခြင်းကို မည်သူကမျှ စတင် ဖော်ထုတ်ကာ ပြဿနာတစ်ရပ်၏ အဖြေတစ်စုံတစ်ရာအဖြစ် မပြောဆိုခဲ့ကြသည့်အတွက် ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့် အကြောင်းမှာ ဆက်လက်နှီးနှောဖွယ်ဖြစ်သော အသိပညာ တစ်စုံတစ်ရာ ဖြစ်မလာပါ။

သို့ရာတွင် ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည်မှာ အမှန်ပင် ဖြစ်ပါသည်။ ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ

mgyoe.com

mgyoe.com
SAMPLE BOOK


နောက်ကျိနေရသည့် အကြောင်းရင်းကို မည်သူမျှ မသိပါ။ သို့သော်လည်း ရွာ၏ အခြားတစ်ဖက်ရှိ ချောင်းတွင်းမှ ရေ နောက်ကျိနေရသည့် ကိစ္စတွင် အနည်းဆုံး အကြောင်းရင်းတစ်ခု ရှိနေကြောင်းကို မည်သူကမျှ မငြင်းဆိုနိုင်ပါ။

■

စတိုင်သစ်မဂ္ဂဇင်း၊ ဒီဇင်ဘာ၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

## မပြောတတ်ဘူး၊ ဟုတ်ချင်တော့လည်း ဟုတ်မယ်

ဘယ်လိုက ဘယ်လိုရယ်တော့ မသိဘူး။ သူကြီးတူ မောင်မူရယ်၊ တောင်ရွာက မောင်တာရယ် ယုန်လိုက်သွားရာက ဖွတ်ကြီးတစ်ကောင် မိတာက စတယ်ပဲ ပြောရတော့မယ်။ ဒီဘက်မှာတော့ ဖွတ်တို့၊ ပုတတ်တို့ ရရင် 'မီးဖုတ်၊ အရေဆုတ်၊ ကျုပ်တို့ အဟုတ်ဗျို့၊ တုတ်စို့'လို့တောင် ပြောကြတာမျိုးကိုး။ စပ်လို့ ပြောလိုက်ရဦးမယ်။ ဒါကို မြို့က ပြောင်းလာတဲ့ မူလတန်းကျောင်းအုပ် ဆရာကိုမြဝင်းကများဆိုရင် သေသေချာချာ ရေးမှတ်တယ်။ ဒါတောက ဟိုက္ကူ ဆိုသလားပဲ။ ဒီက လူတွေကတော့ ဘယ်သိမှာတုံး။ ဟိုက္ကူဆိုတာနဲ့ အနီးစပ်ဆုံးက တာလမ်း ဟိုဘက်ခြမ်းမှာနေတဲ့ ဟုတ်ကြည်ဆိုတာပဲ သိတယ်။ ဟုတ်ကြည်က အရင်က လော်လီ မောင်းတယ်။ ခုတော့ မြို့ဘက်ပြောင်းသွားပြီ။ ထားတော့ ... ဒီကိစ္စ။

သင်းတို့နှစ်ကောင် အပြောအရတော့ ဖွတ်ကြီးကို တစ်ကောင်ကောင်က ကိုက်ထားပုံ ရတယ်တဲ့။ နာနေသတဲ့။ ဒီတော့ သူတို့နှစ်ယောက်က မပစ်ရက်

mgyoe.com

mgyoe.com SAMPLE BOOK


တော့ဘူး။ ဖွတ်ကြီးက သူတို့ကို အသနားခံသလိုမျိုးနဲ့ ကြည့်တယ် ဆိုပဲ။ ဒီတော့လည်း သူတို့နှစ်ယောက်က အသာ ဖမ်းလာပြီး မောင်တာက သူ့အိမ်နောက်ဘက်မှာ ထားတယ်။ ဒဏ်ရာတွေ ဘာတွေကို ဆန္နွင်းကလေးနဲ့ သွေးဆေးမှုန့်ကလေး ရောပြီး သိပ်ပေးရာက ခုတော့ ဖွတ်ကြီး ကြည့်ရတာ အတော်နေသာထိုင်သာ ရှိလာပုံရတယ်။ လူတွေကတော့ ဖွတ်နာကြီး၊ ဖွတ်နာကြီးလို့ ပြောကြတယ်။ သူကြီးတူ မောင်မူတို့၊ တောင်ရွာက မောင်တာတို့ ရှေ့တော့ ဘယ်ခေါ်ရဲမှာတုံး။ နားရင်း ရိုက်သွားမှာ။

တချို့ လူကြီးတွေကတော့ အစက ရွာနာတယ်၊ ဘာဘာ ညာညာ ပြောကြတယ်။ ရှေ့တင် ပြောတာတော့ မဟုတ်ဘူး။ တစ်နေ့တော့ ဘယ်က ဘယ်လို ကြားသွားတယ် မသိဘူး။ စာသင်တိုက်က ဥပုသ်ဇရပ်မှာ လူကြီးတချို့ ထိုင်ပြီး စကားပြောနေကြတုန်း မောင်မူက ဇရပ်ဘေး လာပြီး 'ခင်ဗျားတို့တွေ ဘုရားစကား၊ တရားစကား ပြောကြဖို့ကောင်းတဲ့ အရွယ်တွေ ရောက်နေကြပြီ။ တောပြောတောင်ပြောတွေ ပြောမနေကြနဲ့။ အလုပ်မရှိရင် ငါ ဘယ်တော့များ သေပါ့မလဲသာ စဉ်းစားကြ။ ခင်ဗျားတို့က သေမယ်လို့ ထိုင်စောင့်နေကြတာ မဟုတ်လား'လို့ ပြောသွားတယ်။ အဲဒီက စလို့ လူကြီးတွေလည်း ဖွတ်ကြီး အကြောင်း သိပ်မပြောကြတော့ဘူး။ မောင်မူ့ကို ကြောက်လို့ရယ်တော့ ဟုတ်ပုံမရဘူး။ သူတို့ဘာသာ မောင်မူ့ စကားကို ပြန်တွေးကြည့်တော့ ဟုတ်သားကလားလို့ မြင်လိုက်ကြလို့ပဲ ဖြစ်မယ်။

ရွာနာတယ် ဆိုတာကလည်း မဖြစ်လောက်ဘူး။ တောင်ရွာက မောင်တာက တောင်ရွာရဲ့ တောင်ဖျားမှာ နေတာ။ တကယ်တော့ တောင်ရွာ တစ်ခုလုံးကိုက သူတို့ဘိုးဘွား လက်ထက်ကတည်းက မြေတွေ။ ဒီတစ်ကြောမှာ တောင်ရွာက အစစ အရာရာ အတော်ကို အဆင်ပြေတဲ့ရွာ။ တစ်ရွာလုံးလည်း ဆွေတွေမျိုးတွေလိုချည်းမို့ မောင်တာကြီးအိမ်နောက်မှာ ဖွတ်ကြီး ထားတာကို ဘယ်သူကမှ မပြောကြပါဘူး။ ဟိုးနားဒီနားက တောပြောတောင်ပြော ပြောပေတဲ့ ဘယ်သူကမှ သူတို့နှစ်ယောက်ကို ကဏ္ဍကောစ မလုပ်ရဲကြဘူး။ သူတို့နဲ့လည်း မကင်းနိုင်ကြဘူးကိုး။ ဒီ့ပြင် သင်းတို့က တူတယ်။ ဘာဖြစ်ဖြစ် မဟုတ်မခံကောင်မျိုးတွေ။ ဘယ်သူ့မှလည်း သိပ်ဂရုစိုက်တာ မဟုတ်ဘူး။ တစ်ခါတစ်ခါ

mgyoe.com

mgyoe.com

SAMPLE BOOK


ကာလသားခေါင်း အချင်းချင်း ဂျင်ကလယ်ကိစ္စလောက်နဲ့ စကားအူပေါက်ပြောရင်း အချင်းများကြရင် နှစ်ဖက်စလုံး ခေါ်ပြီး ကြိမ်းပစ်တာ။ သင်းတို့စိတ်တိုနေတာနဲ့များ တိုးရင်တော့ ထပြီး နားရင်းရိုက်တော့တာ။ ပြီးမှ သောင်းရင်တို့ တဲခေါ်ပြီး ထန်းရည်တိုက်ရင်း နှစ်ဖက်စလုံးကို သင့်မြတ်ဖို့ ပြောတတ်တယ်။

ဖွတ်ကြီးအကြောင်း ဆက်ရရင်တော့ မောင်တာက ဖွတ်ကြီးကို နွားတဲဘေးမှာ ဝင်းတစ်ခုနဲ့ ထားတာ။ အစကတော့ ဖွတ်ကြီးများ မြေတူးပြီး ထွက်သွားမလားလို့ ပူကြတယ်။ ဖွတ်ကြီးက ဒဏ်ရာတွေ ဘာတွေ ကျက်သွားလို့ ပုံမှန်ဖြစ်သွားပေတဲ့ ထွက်ပြေးမယ့်ပုံ မပေါ်ဘူး။ မောင်မူတို့၊ မောင်တာတို့ကလည်း အရပ်ထုံးစံအတိုင်း မီးဖုတ်၊ အရေဆုတ် လုပ်မယ့်ပုံ မပေါ်ဘူး။ ဒါတင် ဘာဟုတ်သေးလဲ။ ခုဆို နွားစာကျွေးတဲ့ ပေါက်ချွန်းက နွားစာ ကျွေးပြီးတာနဲ့ ဖွတ်ကြီးကို အချိန်မှန် အစာကျွေးရသတဲ့။ ဖွတ်ကြီးကလည်း အခုအချိန်မှန် အစာမျှော်ဆိုပဲ။ ဖွတ်ကြီးကို ဘာကျွေးမှန်းတော့ မသိဘူး။ ဖွတ်ကြီးက တော်တော် အကောင်ကြီးလာတယ်။ တစ်နေ့တော့ ပေါက်ချွန်းက ဖွတ်ကြီးထားတဲ့ ဝင်းထဲ ကြက်တစ်ကောင် ချကြည့်တယ်တဲ့။ ဖွတ်ကြီးများ လိုက်မလားလို့။ ဒါပေတဲ့ ဖွတ်ကြီးက လှုပ်တောင် မလှုပ်ဘူးဆိုပဲ။ အဲဒါကို ပေါက်ချွန်းက သူ့ဆရာကို ပြောပြတော့ သူ့ဆရာ မောင်တာက 'ဖွတ်ကြီးက မင့်လို မဟုတ်ဘူး။ သူတော်ကောင်းကြီးကွ'လို့ ပြောသတဲ့။ ပြောတုန်းက ရယ်စရာ နောက်စရာဖြစ်မှာပါ။ ဒါပေတဲ့ ပေါက်ချွန်းဆီကနေ အရပ်ထဲရောက်တော့ ကားသွားပုံရတယ်။ ခုတော့ မောင်မူတို့၊ မောင်တာတို့ ဖွတ်ကြီးက ဖွတ်သူတော်ကောင်းလို့ ဖြစ်နေတော့တယ်။

ပြောမယ်ဆိုရင်တော့လည်း ပြောစရာဖြစ်လာတဲ့ အကြောင်းတွေက ပေါ် လာပြန်တယ်။ ဖွတ်ကြီး မောင်တာ့အိမ် ရောက်ပြီး နှစ်လလောက်အကြာမှာ မောင်မူနဲ့ မောင်တာက အောင်ဘာလေမှာ ငါးရာ ပေါက်တယ်။ ဖြစ်တာက ဒီလို။ မြို့မှာ မြေခွန်သွားထမ်းပြီး ပြန်အလာ၊ တံတားထိပ်က ကားဆိပ်မှာ ကားစောင့်ရင်း မောင်မူတို့က အာ့စိန်ဆိုင် နောက်ဘက်မှာ တစ်ပက်၊ နှစ်ပက် ဝင်နှိပ်ကြသတဲ့။ အဲဒီမှာ ခွက်ပုန်းလာဆော်တဲ့ ဦးလေးဘတင်နဲ့

mgyoe.com

mgyoe.com SAMPLE BOOK


တွေ့တယ်ဆိုပဲ။ ဦးလေးဘတင်က ဘိုင်စကယ်နဲ့ လှည့်ပြီး ထီလက်မှတ်ရောင်းတယ်။ ဦးလေးဘတင်က ဒီနှစ်ကောင်ကို ငါ့မှာ ထီလက်မှတ်တစ်စောင်ကျန်နေတယ်။ ငါ ဖြတ်ပိုင်း ပြန်ပို့တော့မှာမို့ ပေးချင်သလောက် ပေးလို့ပြောသတဲ့။ ဒီတော့ မောင်မူတို့ နှစ်ယောက်သား အိတ်ထောင်ထဲမှာ ရှိသမျှအကြွေတွေ ထုတ်ရေကြည့်တော့ နှစ်ကျပ်မတင်းလား၊ တစ်ကျပ်ပြားရှစ်ဆယ်ဆိုလားပဲ ရှိသတဲ့။ ဦးလေးဘတင်က ရှိတာသာ ပေးကွာ၊ ကျန်တာ ပေါက်မှပေးလို့တောင် ရယ်စရာ ပြောသေးဆိုပဲ။ ပြီးတော့ အတိတ် ရေးလကွာလို့ပြောသတဲ့။

ဒီတော့ မောင်တာက အတိတ်အဖြစ်နဲ့ 'ဖွတ်ကူသံ သောသောညံစေ' လို့ ရေးသတဲ့။ အဲဒီတုန်းကတောင် မောင်မူက 'မင့်ဟာက ဘာတုံး'လို့ မေးသေးတယ် ဆိုပဲ။ 'မင်း မကြားဖူးဘူးလား။ ဖွတ်ကူသံ ကြားရင် ကမ္ဘာ့ရာဇဝင်ကြီးဆိုလား၊ သမိုင်းကြီးဆိုလား ပြီးသွားတယ်လို့ ဆိုတာ'လို့ မောင်တာက ဖြေတယ်။ မောင်မူကတော့ သိပ်မကျေနပ်ဘူး။ ဒီတော့ ခုလို ပြောပြန်တယ်။

'ဖွတ်က ကူရတယ်လို့ ငါ မကြားဖူးပေါင်ကွာ။ ချိုးတို့၊ ဘာတို့သာကူတယ် ကြားဖူးတယ်။ မင်းဟာက မတော်မတည့် မိုးကြိုးတွေ၊ ဘာတွေပစ်နေပါဦးမယ်'

'ဟကောင် … မောင်မူ၊ ဒွေးကြီးကျော်လင်း ပြောတာ မင်း မကြားဖူးဘူးလား။ ဂျပန်ပြည်ကို အဏုမြူဗုံးဆိုတာ မကြဲခင်က တောင်ပေါ်မှာ ဖွတ်ကြီးတစ်ကောင် ကူသတဲ့။ နောက်တော့ ဂျပန်ပြည်ကြီးမှာ ဗုံးကျရော။ သမိုင်းဆိုတာကြီး တစ်ခုလည်း ရပ်သွားရောတဲ့။ ဂျပန်တွေက ဖွတ်ကူတဲ့ တောင်နှစ်တောင်ကို ခုထိ အထိမ်းအမှတ် လုပ်ထားသေးတယ်ဆိုပဲ။ သင်းတို့ကတောင်ကို ယာမလို့ ခေါ်တယ် ဆိုသလားပဲ။ ဒီတော့ အခုဆို ဖွတ်ကူယာမဆိုပြီး အဲဒီဟာကြီးက နာမည်ကြီးနေတာတဲ့။ မင်းကတော့ ခက်တယ်။ ဘာမှအကြားအမြင် မရှိတဲ့ကောင်'လို့ ပြောပြီး မောင်တာက မောင်မူ့ကိုတောင်မာန်သေးတာ။ ဒီတော့ မောင်မူက 'မင်းဟာမင်း ဖွတ်ကူယာမဖြစ်ဖြစ်၊ သမိုင်းကြီးပဲ ပြီးသွား ပြီးသွား၊ ငါ့သောက်လုပ် မဟုတ်ဘူး။ ထီပေါက်မယ် ဆိုလို့ကတော့ မင်းနှမ မြစိန်နာမည်ပဲ ရေးရေး၊ ပေါက်ရင် ပြီးတာပဲ'လို့ ပြန်ပြောတယ်။

mgyoe.com

mgyoe.com

SAMPLE BOOK


သင်းတို့နှစ်ယောက် ထိပေါက်တဲ့ ဇာတ်လမ်းကတော့ အဲဒါပဲ။ အဲဒီလို ထိပေါက်သွားတော့ ဖွတ်ကြီးက သူတော်ကောင်းကြီးလို့ သတင်းဖြစ်နေရာက ဖွတ်ကြီးက လာဘ်သပ္ပကာ ရှင်တယ် ဖြစ်ပြန်ကရော။ အဲဒီလို သတင်းဖြစ်နေတာကို ထောက်ခံဖို့ အကြောင်းက ပေါ်လာပြန်သေးတယ်။ ဖြစ်ပုံက ဒီလို။ ဒီဘက်တစ်ကြောမှာ ဖဲရိုက်စားနေတဲ့ စံပ ဆိုတဲ့အကောင် တစ်ကောင် ရှိတယ်။ သူက မြောက်ရွာက။ စံပက ဖဲရိုက်တယ်ဆိုတော့ ဖဲသမားလို့ နာမည်ပျက်နေပေတဲ့ ဖဲရိုက်တာက လွဲလို့ ဘာမှတော့ မတော်မတရား မလုပ်ရှာဘူး။ တစ်နေ့တော့ မောင်တာကြီးက ဖွတ်ကြီးကို အစာကျွေးနေတုန်း စံပ ရောက်လာပြီး မောင်တာ့ကို ပြောတယ်။ 'အစ်ကိုရယ်၊ ညောင်ကန်ဘက်က အသုဘမှာ ဒီည ဝိုင်းကောင်းမယ်ဆိုလို့ ကျွန်တော် သွားမလို့။ အဲဒါ အစ်ကို့ ဖွတ်ကြီးနဖူးကို ကျွန်တော် ပိုက်ဆံတစ်ရွက်နဲ့ ပွတ်သွားပါရစေ။ ကက်ကင်းသဘောပေါ့ အစ်ကိုရယ်'လို့ ပြောသတဲ့။ ဒီတော့ မောင်တာက 'ပွတ်ချင် ပွတ်လေကွာ။ မင်းဘာသာ ကက်ကင်းခတ်ယူတာ ငါ မသိဘူး။ ရှုံးရင်တော့ ဖွတ်ကြီးကြောင့် မဟုတ်ဘူး။ နိုင်ရင်တော့ ငါဖို့ တစ်လုံး'လို့ ရယ်ရင်း ပြောတယ်။ ဒီတော့ စံပက သူ့လက်ထဲက ပိုက်ဆံတစ်ထပ်နဲ့ ဖွတ်ကြီးနဖူးကို ပွတ်သွားသတဲ့။

လိုရင်း ပြောရရင်တော့ နောက်တစ်နေ့ မွန်းမလွဲသေးခင် စံပ တစ်ယောက် မန္တလေးရမ်တစ်လုံးနဲ့ မောင်တာ့ဆီ ရောက်လာတယ်။ လက်ထိပ်လက်အောက် ရှောင်ရရုံ မဟုတ်ဘူး။ ဝိုင်းလုံးကျွတ်တောင် နိုင်လာတာတဲ့။ ဒီတော့ မောင်တာ့ကို ရမ်တစ်လုံးပေးရင်း အစ်ကိုတို့ အားတဲ့နေ့ ကျွန်တော် တံတားထိပ်က အာ့စိန်ကြီးဆိုင်မှာ ကျွေးဦးမယ်လို့တောင် ပြောတယ်။ အဲဒီကတည်းက စပြီး ဖွတ်ကြီးက သမိုင်းသစ်တွေ တွင်စရာ ဖြစ်လာတယ်။ ဒို့ပြင် သူကြီးတူ မောင်မူနဲ့ တောင်ရွာက မောင်တာတို့ နှစ်ယောက်သားဟာ နာမည်တစ်လုံး တိုးလာတယ်။ ဖွတ်ကြီးရဲ့ ဖက်စပ်ပိုင်ရှင်တွေ ဖြစ်လာကြတယ်။ ဖွတ်ကြီးလည်း ပိုပြီး ထင်ထင်ရှားရှား ဖြစ်လာတယ်။ ရွာနီးချုပ်စပ်က လူတွေတောင် လမ်းကြုံတဲ့အခါ ဝင်ကြည့်ကြရတယ်။ တချို့က အသာ ထိကြည့် တို့ကြည့်ကြတယ်။ ကံကောင်းတယ်၊ လာဘ်သပ္ပကာ ရှင်တယ်လို့ ဆိုကြတာကိုး။ ဘာပဲပြောပြော အဲဒီတစ်ကြောက လူတွေမှာ 'ဖွတ်' နဲ့ ပတ်သက်လို့ အမြင်၊ အသိ ပြောင်းသွား

mgyoe.com

တယ်။ ဖွတ်ဆိုတာ မွဲတတ်တယ်ဆိုတဲ့ နေရာမှာ ဖွတ်ဆိုတာ အကျိုးပေးတယ် ဖြစ်လာကြတယ်။ အရင်က ဖွတ်ကြီး မြင်ရင် မျက်စပ်အထက်တောင် ခြေမှုန့် သုတ်တတ်တဲ့ ဈေးသည်တွေတောင် ဈေးသွားဈေးပြန် ဝင်ဝင်ပြီး ဖွတ်ကြီးကို ကြည့်ကြရတယ်။

တစ်နေ့တော့ ပြဿနာပေါ်လာတယ်။ မောင်မှူတို့ ဘိုးအေကြီး ဘိုးအုန်းပွင့် အကြီးအကျယ် ဖျားပါလေရော။ ဘိုးအုန်းပွင့်က တောင်ရွာ၊ မြောက်ရွာတွေကို စတည်တဲ့သူတွေအထဲက မူလ လက်ဟောင်းကြီး။ သူတစ်ယောက်ပဲ ကျန်တော့တာ။ ဘိုးအုန်းပွင့်က လာမယ့် ဝါဆိုမှာ ကိုးဆယ်ထဲ ဝင်တော့မှာ။ မာတော့ အတော်မာတယ်။ ဒါပေတဲ့ ရေချိုးမှားပြီး အပူရှပ်ရာက ငန်းဖမ်း သလိုလိုတွေတောင် ဖြစ်လာတယ်။ ရင်တွေ ဘာတွေ ကျပ်ပြီး အသက်ရှူမဝဘူး ဖြစ်လာတယ်။ တံတားထိပ် ကားဆိပ် ဆေးခန်းက ဆရာဝန်ကလေးတို့၊ သြဋ္ဌာရိက ဆေးဆရာတွေကတော့ လက်မလျှော့ဘူး။ ဘူးသီးနဲ့ ဖွတ်သား ဟင်းခါး သုံးရက် စားခိုင်းပြီး ရေနိုင်နိုင်ချိုးရင် ဝဠ်နာကံနာက လွဲရင် ပျောက်မှာပဲတဲ့။ ဒီတော့ တစ်ရွာလုံးရဲ့ မျက်စိထဲမှာ ဖွတ်ကြီးကိုပဲ မြင်လာကြတယ်။ မောင်မှူနဲ့ မောင်တာလည်း ဘာပြောရမှန်း မသိတော့ဘူး။ ဒါပေတဲ့ ပြဿနာက ဘူးသီးပဲ။ ဓာတ်ဆရာ ဦးမှန် အလိုအရတော့ ဆွတ်သီး ဖြစ်ရမယ်တဲ့။ ဘူးသီး ခြောက်တို့၊ ဘာတို့ မဟုတ်ဘူးတဲ့။ ခက်တာက ခုလိုရာသီမျိုးမှာ ဒီဘက်မှာ ဘူးသီး ဘယ်က ရမှာတုံး။ အနီးစပ်ဆုံးက ကွင်းသာ ဆယ့်တစ်ရွာဘက်မှာ ရကောင်း ရနိုင်တယ်လို့ ကိုဦးကြည် ပြောလို့ သိရတယ်။ အဲဒီကို ဒလပြင်း လူလွှတ်ပြီး အရှာခိုင်းရမှာပဲ။ ဒါတောင် အသွားအပြန် တစ်ညအိပ်တော့ ကြာဦးမယ်။

ဘယ်လိုပဲဖြစ်ဖြစ် အဲဒီကို ကောင်ကလေး နှစ်ယောက် လွှတ်လိုက်တယ်။ ဒီမှာကတော့ မောင်မှူနဲ့ မောင်တာ ခေါင်းချင်းရိုက်နေကြရတယ်။ မရိုက်လို့ကလည်း မဖြစ်ဘူး။ ဘိုးအုန်းပွင့်အတွက်ဆို ဖွတ်ကြီးကို ပေါ်သင့် ပေါ်ရတော့မယ့် အခြေအနေမျိုး ရောက်နေပြီကိုး။ ဆွေမျိုးတွေကလည်း ဖွတ်ကြီးကို မျက်စောင်းထိုးနေကြပြီကိုး။ နောက်ဆုံးတော့ သင်းတို့နှစ်ယောက် ဆုံးဖြတ်ချက်တစ်ခု ချလိုက်ကြရတယ်။ ဘူးသီး ရ၊ မရ စောင့်ပြီး ဘူးသီး

mgyoe.com

mgyoe.com SAMPLE BOOK

ရခါမှ ဖွတ်ကြီးကို ပေါ်မယ်လို့ ဆုံးဖြတ်လိုက်ကြတယ်။ ဖြစ်ချင်တော့ ကောင်လေးတွေ ကွင်းသာဘက် ထွက်သွားတဲ့ ညနေမှာပဲ ဘိုးအုန်းပွင့် အသက်ထွက်သွားရှာတယ်။ ဆွေတွေ မျိုးတွေ ငိုယိုနေကြတုန်း မောင်မူနဲ့ မောင်တာတို့ ပြုံးနိုင်ကြတယ်။ ဖွတ်ကြီးကလည်း မောင်မူတို့ကို တွေ့တယ်ဆိုရင် ခေါင်းတမော့မော့နဲ့ ကျေးဇူးတင်ပါသဗျာလို့များ ပြောနေသလိုပဲလို့။ ပေါက်ချွန်း ပြောပြလို့ အရပ်ထဲမှာ ကြားကြရတယ်။ ကွင်းသာဘက်က ပြန်လာတဲ့ ကောင်ကလေးတွေ ယူလာတဲ့ ရှားရှားပါးပါး ဘူးသီးကိုတော့ မောင်တာကြီး အိမ်က ကြက်တစ်ကောင်ကို စပါးလင်များများနဲ့ ကာလသားဟင်း ချက်စား လိုက်ကြတယ်။ စံပကလည်း နောက်ထပ် မန္တလေးရမ်တစ်လုံး ယူလာပေးတယ်။

အရပ်ထဲမှာ တခြားလူတွေလို သိပ်အယူမသီးတတ်တဲ့ ဒေါ်လေး မမြတင်ကတော့ ပြောတယ်။ ရွာထိပ်က လက်ပံပင်ကို ကပ်ကလူတွေ ကျ ကတည်းက ဘိုးအုန်းပွင့် မရတော့ဘူးဆိုတာ သိသတဲ့။ ပိုဆိုးတာက ဖွတ်ကြီး နဲ့ သွားပြီး ကံချင်း ပြိုင်တာပဲတဲ့။ ဖွတ်ကြီးက ဇာတာစန်းထနေချိန်မှာ ဘိုး အုန်းပွင့်က ထိပ်တိုက်တိုးတော့ ကံနိမ့်တဲ့လူ ခံရတာပဲတဲ့။ ဘိုးအုန်းပွင့်ရယ် အသက်ကိုးဆယ်နား နီးနေတဲ့ အကြောင်းတော့ မပြောဘူး။ ဒေါ်လေးမမြတင် ပြောတဲ့အထဲက လက်ပံပင်ရယ်၊ ကပ်ကလူရယ်၊ ဘိုးအုန်းပွင့်ရယ်၊ ဖွတ်ကြီး ရယ် အဲဒီကြားထဲမှာ ဘယ်လိုတွေ ဆက်စပ်နေတယ် ဆိုတာကတော့ မသိဘူး။ ဒီတော့လည်း နားထောင်မိတဲ့ လူတွေအဖို့တော့ ဟုတ်ချင်တော့လည်း ဟုတ် မယ်လို့ပဲ တွေးကြည့်ရတော့တယ်။

■

စတိုင်သစ်မဂ္ဂဇင်း၊ ဧပြီ၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

# အသက်ရှူ ကွဲလို့ အနက်ယူ လွဲတယ်

'ခွေးကောင်တွေ ... တာကြီးတန်းက အကောင်တွေ၊ ရွာသစ်က အကောင်တွေ ...' ဆိုပြီး စကား စလိုက်ရင်း သောင်းစိန် ပြောတဲ့ စကားထဲမှာ မအေတွေ၊ နှမတွေ အကုန်ပါသွားတော့တယ်။ ဝင်းမောင်က နောက်လိုက်ဆိုတော့ 'ဟုတ်သကွာ ... ဟုတ်သကွာ'နဲ့ ဆိုင်းနောက်ထမျှားလိုပဲ။ သူကလည်း တစ်ချီ၊ တစ်ချီတော့ အားရပါးရ ဆဲရင်း ထောက်ခံလိုက်တယ်။ ဆဲတယ် ဆိုတာကလည်း သူ့နေရာနဲ့သူမှ အရသာရှိတာကိုး။ စကားလုံးကတော့ ဒီစကားလုံးပဲ။ အနက်ပြောင်းလို့ အကြောင်းအရာ ပြောင်းသွားမှပဲ ဆဲတယ်လို့ ခေါ်ကြတာ မဟုတ်လား။ တကယ်တော့ ဘာသာစကားထဲမှာ ဆဲတာက အလိုလို ရှိနေတာမှ မဟုတ်ဘဲ။ ဒါပေတဲ့ ဒီနှစ်ကောင် ဦးနှောက်ထဲမှာ အဲဒီလောက် ကြီးကြီးကျယ်ကျယ်တွေ တွေးမထားပါဘူး။

'စိန်မောင်က ဘာလို့ အဲဒီကောင်မကို သွားကြိုက်တာတုံး'လို့ သောင်းစိန်က မအေတွေ၊ နှမတွေကို ခဏဘေးဖယ်ထားပြီး ဝင်းမောင်ကို လှမ်းမေးလိုက်

mgyoe.com

တယ်။ ဝင်းမောင်ကတော့ သောင်းစိန်ကို အင်္ဂါဂြိုဟ်သားတစ်ယောက်နဲ့ တွေ့လိုက်ရသလိုပဲ အဆန်းတကြယ်နဲ့ လှမ်းကြည့်လိုက်တယ်။ ပြီးတော့မှ 'ငါက ဘယ်လိုလုပ် သိမှာတုံးဟ။ သူ့ဘာသာ သွားကြိုက်တာပဲ။ လူပဲ ကြိုက်ချင်ရာ ကြိုက်မှာပေါ့'လို့ ပြန်ဖြေတယ်။ ဒီတော့ သောင်းစိန်က သိပ်မကျေနပ်ဘူး။ ချက်ချင်း ဘာမှတော့ ပြန်မပြောသေးဘူး။ ခဏကြာမှ 'မင်းကလည်း ဒုံးဝေးရန်ကော။ ငါ ပြောတာက တို့ဘက်အပိုင်းမှာကော၊ ရေတိမ်ကန်ဘက် အပိုင်းမှာကော ကောင်မလေးတွေ ပေါပါသဘိနဲ့။ တာကြီးတန်းက သန်းတင် နှမမှ သွားကြိုက်ရတယ်လို့' ပြောလိုက်သည်။

'ကောင်မလေးက နိုပ်တယ်ကွ။ ငါတောင် ကြိုက်ချင်သား'လို့ ဝင်းမောင်က ပြောတယ်။

'ဒီကောင် ... ငါ ဆဲထည့်လိုက်ရ၊ မင်းတို့ တစ်မျိုးလုံး နာသွားမယ်။ ဒီဘက်အပိုင်းမှာ မင်းတို့ ကြိုက်စရာမိန်းမ မရှိတော့ဘူးလား'

'ငါ့အတွက်တော့ ရှိပါသော်ကောကွာ။ ငါ့ကိုသာ ပြန်မကြိုက်ကြလို့' လို့ ဝင်းမောင်က ရယ်ကျဲကျဲနဲ့ ပြန်ဖြေလိုက်တယ်။ သောင်းစိန်က ပါးစပ်က ဘာမှ မပြောတော့ဘဲ ခပ်တည်တည်နဲ့ အတော်ကြာအောင် ဝင်းမောင်ကို လှမ်းကြည့်နေရင်း နောက်တော့ အသာ ပြုံးပြီး ခေါင်းခါလိုက်တယ်။

တကယ်တော့ ဖြစ်တာက ဒီလို။ သောင်းစိန်တို့ အဖွဲ့ထဲက စိန်မောင် ဆိုတဲ့ အကောင်နဲ့ တာကြီးတန်းဘက်က သန်းတင်ဆိုတဲ့ အကောင်ရဲ့ နှမ မိဆယ် ဆိုတာ ကြိုက်ကြတယ်။ ကြိုက်ဆို နှစ်ယောက်စလုံး အရင်က လက်ပန်ဝင်းက အထက်တန်းကျောင်းမှာ အတူတက်ကြတာ။ အဲဒီကတည်းက အဆက်ဖြစ်ကြပုံပဲ။ နောက်တော့ နှစ်ယောက်စလုံး ကျောင်းက ထွက်ပြီး သူတို့မိဘ လုပ်ငန်းတွေမှာ ဝင်လုပ်ကိုင်နေကြတယ်။ သန်းတင်တို့၊ မိဆယ်တို့ မိဘတွေက ပွဲရုံတွေ ဘာတွေ ရှိတယ်။ တာကြီးတန်းတို့၊ ရွာသစ်တို့ဆိုတာက အတော်ကလေး ပိုက်ဆံရှိတဲ့လူတွေ နေကြတာကိုး။ မြို့တက်ရင် ရုပ်ရှင် ဝင်ကြည့်တတ်တဲ့ လူတွေ။ မြို့ရောက်ရင် ဒံပေါက်ဆိုင် ဝင်စားရဲတဲ့ လူတွေ။ နေမကောင်းရင် ဆေးခန်းက ဆရာဝန်ကလေးနဲ့ပြတဲ့ လူမျိုးတွေ နေကြတာ။ သောင်းစိန်တို့ ရွာလယ်ရပ်ကလို လုပ်လုပ်စားစားတွေ မဟုတ်ကြဘူး။

mgyoe.com

mgyoe.com SAMPLE BOOK

စိန်မောင်ကတော့ သောင်းစိန် ရွာလယ်ရပ်ကပဲ။

စိန်မောင့်အဖေ ကိုထွန်းမောင်ကြီးက အရင် မြို့မှာ အဝေးပြေးကား မောင်းတယ်။ နောက်တော့ သူ့ဘာသာ လော်လီဝယ်ပြီး ဒီဘက်တစ်ကြောက ကုန်ရုံတွေ၊ ပွဲရုံတွေက ပစ္စည်းတွေ မြို့ကို တိုက်တယ်။ ဒီတော့ တာကြီးတန်း ဘက်က ကုန်ရုံတွေနဲ့ အဆက်အသွယ် ရှိနေတာပေါ့။ စိန်မောင်က အခုဆို သူ့အဖေ ကားမှာ လိုက်နေတာ။ ဒီတော့ အရင်ကတည်းက ငြိလာခဲ့တဲ့ မိဆယ် နဲ့ ပြန်ပြီး ဆက်ကြတယ်ပဲ ပြောရမယ်။ မိဆယ်တို့ အဖေ၊ အမေတွေက ဒီလောက် ပြဿနာမရှိဘူး။ မရှိဆို စိန်မောင်က ရိုးသားတယ်။ သူ့အဖေလိုပဲ အလုပ်ကြိုးစားတယ်။ ခက်နေတာက သူ့အစ်ကို သန်းတင်။ ဒီအကောင်က နဂိုကတည်းက မိုက်ဂိုက်ဖမ်းနေတဲ့ကောင်။ တကယ်တော့ သတ္တိရှိလှတယ် မဟုတ်ဘူး။ အရှိန်အဝါလေး ကောင်းနဲ့ မိုက်ပြနေတာ။ စိန်မောင့်ကို သဘော မကျပေတဲ့ အီစမ်အင် မောင်ခင့် သားတွေ သူတို့ပွဲရုံ ဝင်ထွက်သွားလာနေတာ တော့ အတော် ကြည်ဖြူတယ်။ ကြည်ဖြူဆို မောင်ခင်တို့က မော်တော်ပိုင် တာကိုး။

တစ်နေ့ ညဘက် စိန်မောင် အရိုက်ခံရတယ်။ မိဆယ်နဲ့ သွားတွေ့ပြီး ပြန်အလာမှာ မှောင်ရိပ်ထဲက ထွက်ရိုက်တာတဲ့။ ရိုက်တာက သန်းတင် ပွဲရုံက ကောင်တွေ။ လူမှားလို့တဲ့၊ သူခိုး မှတ်လို့တဲ့။ စိန်မောင်လည်း ခေါင်းပေါက်ပြီး ခါးလည်း အတော်မျက်သွားတယ်။ ဒီတော့ သတင်းကြားတယ်ဆို သောင်းစိန် နဲ့ ဝင်းမောင်က ဘယ်နေလိမ့်မှာတုံး။ ရွာလယ်ရပ်က ကာလသားခေါင်းတွေ ကိုး။ လက်သည်း ဆိတ်တော့ လက်ထိပ် နာသပေါ့။ တာကြီးတန်းဘက် သွားရိုက်မယ်။ သန်းတင်တို့ ပွဲရုံတွေ၊ ဘာတွေ မီးရှို့မယ် ဖြစ်ကရော။ ရွာ လယ်ရပ်က ကာလသားပေါတော့ အတော် အားကောင်းတယ်။ စိန်မောင့် အဖေ ကိုထွန်းမောင်ကြီးက တောင်းပန်တာတောင် မရဘူး။ ညဦနက်ကြီး ဆိုတော့ ပုလိပ်သားကလေးတွေကလည်း နီးနီးနားနားမှာ မရှိဘူး။ သောင်းစိန် တို့ကို နိုင်တဲ့ စာသင်တိုက်က ကိုယ်တော်တွေလည်း ကျိန်းကုန်ကြပြီ။ အရပ် ထဲက လူကြီးတွေကလည်း ဘာလုပ်ရမှန်း မသိဘူး။

သန်းတင် အဖေကြီးကတော့ ကောင်းရှာတယ်။ သတင်းကြားတယ်ဟော့

mgyoe.com

ဆိုတာနဲ့ သူကိုယ်တိုင် ဂျစ်ကားကြီး မောင်းပြီး တံတားထိပ် ကားဆိပ်က ဆရာဝန်ကလေးကို ကိုထွန်းမောင်ကြီးအိမ် ပင့်သွားတယ်။ စိန်မောင့်ကို ကြည့်ခိုင်းရုံတင် မကဘူး။ ကိုထွန်းမောင်ကြီးကို တောင်းပန်တယ်။ ကိုထွန်းမောင်တို့ကလည်း မိတ်မပျက်ချင်ရှာတော့ ကလေးချင်း ဖြစ်တာပဲဆိုပြီး ပြီးပြီး ပျောက်ပျောက် သဘောမျိုး ပြောတယ်။ အဲဒီလို ဖြစ်လေ သောင်းစိန်တို့က မကျေနပ်လေပဲ။ ဒါတောင် သန်းတင် အဖေကြီးက ဆရာဝန် သွားမခေါ်ခင်၊ ဒီလို လုပ်ရကောင်းလားဆိုပြီး သန်းတင်ကို နှစ်ချက်လောက် နားရင်း ကျင်းခဲ့သေးတာ ဆိုပဲ။ သောင်းစိန်တို့ လူသိုက်ကို ထိန်းမရတော့ဘူးလို ဖြစ်နေတုန်း ကံကောင်းတယ်ပဲ ခေါ်ရမလား၊ အကြောင်းတိုက်ဆိုင်တယ်ပဲ ခေါ်ရမလား မသိဘူး။ သူကြီးတူ မောင်မူနဲ့ တောင်ရွာက မောင်တာတို့ နှစ်လုံးပြူးကြီး ထမ်းပြီး ရောက်လာတယ်။ သူတို့လည်း ယုန်လိုက်သွားရာက ရွာလယ်ဘက်မှာ အချိန်မတော် လူသံတွေ ကြားတယ်ဆိုပြီး ဝင်လာတာတဲ့။

သူတို့ နှစ်ယောက်က ဒီတစ်ကြောမှာတော့ လူရိုသေ၊ ရှင်ရိုသေ ပြောရမယ်။ ခပ်ရိုင်းရိုင်း ပြောရရင် သိပ်ပြောဆိုမနေဘူး။ လုပ်စရာရှိရင် လုပ်ထည့်လိုက်တယ်ဆိုတဲ့ လူမျိုးတွေ။ စိတ်ရင်းတော့လည်း ကောင်းကြတယ်။ ဒီတော့ သူတို့ကပဲ သောင်းစိန်တို့ကို ဝင်ထိန်းလိုက်တယ်။ သန်းတင် အဖေကြီးကိုလည်း ရာဇသံပေးလိုက်တယ်။ ပြန်ခါနီးတော့ တောင်ရွာက မောင်တာက သောင်းစိန်ကို ပြောတယ်။ 'ဟကောင် ... ရွာသစ်ဘက်မှာ မင်း မွှေသွားတယ်တို့၊ ဘာတို့ ဆိုတာမျိုးတွေ ငါ မကြားချင်ဘူး။ ကြားလား'တဲ့။ သောင်းစိန်ခမျာ အတော် အခက်အခဲ တွေ့သွားပုံရတယ်။ ဘာမှတော့ ပြန်မပြောဘူး။ ဒီတော့ သူကြီးတူ မောင်မူက နှစ်လုံးပြူးကြီး ထမ်းပြီး ပြန်ခါနီး သောင်းစိန်အနားက ဖြတ်လျှောက်တဲ့အခါ ခပ်တိုးတိုး လေသံကလေးနဲ့ ပြောလိုက်တယ်။ 'သောင်းစိန် ... ရေတိမ်ကန်ဘုရားပွဲကြီးလည်း နီးပြီပဲကွ'တဲ့။ ဒီတော့ သောင်းစိန် မျက်နှာ အတော်ကလေး ဝင်းသွားတယ်။ ရေတိမ်ကန်ဘုရားပွဲက လမိုက်ရက်မှ ပွဲလုပ်ကြတာကိုး။ ရွာနီးချုပ်စပ်က ကာလသားတွေ မလာ မရှိဘူး။ ကာလသားတွေ အမြဲ ရိုက်ကြတဲ့ ဘုရားပွဲ။ ဒီတော့ ပါးစပ်ကလည်း 'ဟုတ်ကဲ့ အစ်ကို။ စိတ်ချပါ၊ စိတ်ချပါ'လို့ မောင်တာနဲ့ မောင်မူကို ကြည့်ပြီး ပြောလိုက်တယ်။

mgyoe.com

mgyoe.com SAMPLE BOOK

ဒီအကြောင်းတွေဟာ သောင်းစိန် ခေါင်းထဲ မထွက်ဘူး။ ဒီညနေတော့ ထန်းသမားရေကျုန်လေး သောက်လာလို့ ပိုတောင် ဒေါသထွက်နေမိတယ်။ ဖုန်းမြေဘက်က ဖြတ်လာတဲ့ လမ်းကလေးကနေ လျှောက်လာရင်း ဒီနားက ကမူကလေးမှာ ထိုင်ပြီး မြစ်ဘက် ကြည့်နေမိတယ်။ ဝင်းမောင်ကို သူ မကျေနပ်တာတွေ ပြောပြပြီး သူ့အကြံအစည်တွေ ပြောဖို့ စိတ်ကူးရှိနေတယ်။ ဒီကိစ္စကတော့ တာကြီးတန်းဘက်က ကောင်တွေ သက်သက် လူပါးဝတာပဲ။ အရပ်ကွာလို့ ပြဿနာဖြစ်တယ်ဆိုတာ သင်းတို့က စလို့ပဲဆိုပြီး သူ့စိတ်ထဲက မထွက်တော့ဘူး။ အဲဒီတုန်း မြစ်ဘက်က ဘုန်းကြီးတစ်ပါး ကြွလာတာ တွေ့လိုက်ရတယ်။ သေသေချာချာ ကြည့်လိုက်တော့ သူ့ဆရာ ဘုန်းကြီးကလေး ဦးဉာဏိန္ဒပဲ။ ကိုယ်တော်ကလေးက တစ်ခါတလေ ညနေဘက် ဣရိယာပုတ်မျှအောင် မြစ်ဘက်ကို လမ်းလျှောက်တတ်တယ်။

အနားရောက်တော့ သောင်းစိန်က သူ ထိုင်နေတဲ့ ကျောက်တုံးကြီးပေါ်က ဆင်းပြီး သူ့ပခုံးပေါ်က တဘက်ကို ကျောက်တုံးပေါ်မှာ ခင်းလိုက်ရင်း ဘုန်းကြီးလေးကို လျှောက်တယ်။ 'အရှင်ဘုရား ... နားပါဦးလား ဘုရား'တဲ့။ ဘုန်းကြီးကလေးကလည်း 'အေး ... အေး'လို့ ပြောပြီး အသာ ဝင်ထိုင်လိုက်တယ်။ ဒီနေရာမှာက ဆရာတပည့်တွေ ဆုံတတ်တယ်။ ဘုန်းကြီးလေး ဦးဉာဏိန္ဒက သောင်းစိန်တို့ အကြောင်းသိ။ စိန်မောင့်အကြောင်းတော့လည်း ဘုန်းကြီးလေး သိပြီးလောက်ပြီလို့ သူ ထင်တယ်။ ဒါပေတဲ့ သူ့ကို တစ်ခါမျှ ခေါ်မမေးဖူးသေးဘူး။ သောင်းစိန်နဲ့ ဝင်းမောင်က မြက်ခြောက်တွေပေါ်မှာ အသာထိုင်ရင်း ဘုန်းကြီးကို ဝတ်ချလိုက်ပြီးမှ သောင်းစိန်က ခုလို မေးလိုက်တယ်။

'အကြီးတန်းတွေ ဖြေပြီးကြပြီလား ဘုရား'

'ဖြေတော့မယ်ကွာ။ ငါတို့မှာလည်း ပြဿနာဖြစ်နေတယ်။ စာချ ကိုယ်တော် တစ်ပါးက မယ်တော်ပျံမို့ ဗြုန်းစားကြီး အရပ်ကို ပြန်ကြွသွားတယ်။ ကိုယ်တော်တစ်ပါးက ဂီလာန။ အခုဆို ဆရာတော်ကြီးရော ငါပါ စာဝင်ချနေရတယ်'လို့ ဘုန်းကြီးလေးက ဖြေတယ်။ 'နည်းနည်း ပန်းသပေါ့ကွာ'လို့လည်း ပြောတယ်။ ဒီတော့လည်း သောင်းစိန်က ...

mgyoe.com

'ဒီလိုဖြင့် ကြုံတုန်း တပည့်တော် နောက်ကျောကလေး ဖြေပေးလိုက်မယ် အရှင်ဘုရား'လို့ ပြောတယ်။

ဘုန်းကြီးလေးကလည်း ကောင်းသားပဲလို့ ပြောတာနဲ့ သောင်းစိန်လည်း ဘုန်းကြီးလေး နောက်ကျောကို သွားပြီး မတ်တတ်ရပ်ရင်း အသာနှိပ်ပေးနေတယ်။ ဘုန်းကြီးလေးကတော့ မတ်မတ်ထိုင်ရင်း ဇကေသီကို နောက်ကို အသာလျှောထားပြီး မြစ်ဘက်ကို ကြည့်ပြီး ဘာမှမပြောတော့ဘူး။ တစ်ချက်တစ်ချက် သူ့ကို နှိပ်ပေးနေတဲ့ သောင်းစိန်ကို အောက်နားကလေး နည်းနည်း၊ ဒီဘက်နားကလေး နည်းနည်း စသည်ဖြင့် နှိပ်ဖို့နေရာ ညွှန်းနေတတ်တယ်။ အဲဒီလို အနှိပ်ခံနေတုန်း ဘုန်းကြီးလေးက ဝင်းမောင်ကို လှမ်းကြည့်ရင်း ရုတ်တရက် မေးလိုက်တယ်။

'ဝင်းမောင် ... စိန်မောင်တစ်ယောက် ဘယ့်နှယ်နေသေးသလဲ'

'အတော် ကောင်းလာပါပြီ ဘုရား။ ခါးမျက်နေတော့ ခြေတစ်ဖက် နည်းနည်း ဆာနေတာကလေးက ရှိနေသေးတယ် ဘုရား'လို့ ဝင်းမောင်က ပြန်ဖြေလိုက်တယ်။ ဒီတော့ သောင်းစိန်က ချက်ချင်း ရိပ်မိလိုက်တယ်။ ဒီကိစ္စကို သူ့ဆရာ ဘုန်းကြီးလေး သိပြီးပြီ။ ဒါပေတဲ့ သူ့ကို ဘာလို့ မမေးသလဲ။ အရင်ကဆိုရင် ထစ်ခနဲဆို သူ့ကို လှမ်းခေါ်ပြီး မေးနေကျ။ ဘုန်းကြီးလေးများ သူ မသိတဲ့ အကြောင်းတစ်ခုခုကိုများ သိထားသလားလို့ သံသယဖြစ်သွားတယ်။ ဘုန်းကြီးလေး ကြည့်ရတာ တစ်ခုခု တွေးနေပုံမျိုး။ ဒီတော့ အသာ သွေးတိုးစမ်းတဲ့အနေနဲ့ ခုလို ပြောလိုက်တယ်။ 'တာကြီးတန်းဘက်က လူတွေ နည်းနည်းကို ကြီးကျယ်တယ် ဘုရား။ ဒီဘက်က လူတွေဆိုရင် မတူသလို မတန်သလို လုပ်ချင်ကြတယ် ဘုရား'

ဒီတော့ ဘုန်းကြီးလေး ဦးဉာဏိန္ဒက ပြန်မေးတယ်။

'ဘာလို့တုံး'

'စိန်မောင် အရိုက်ခံရတာ ဘုန်းကြီးလေးလည်း ကြားပြီးပြီပဲ။ အဲဒါ သက်သက် ဘုရား။ သူတို့နဲ့ တပည့်တော်တို့ မတူဘူး၊ မတန်ဘူး လုပ်ပြတာ'လို့ သောင်းစိန်က ရှင်းပြတယ်။ ဒီတော့ ဝင်းမောင်ကပါ ...

'ဟုတ်ပါ့ ဘုရား ... မှန်ပါ့ ဘုရား ...'လို့ ဝင်ပြောတယ်။

mgyoe.com

mgyoe.com  SAMPLE BOOK 

ဒီတော့ ဘုန်းကြီးလေးက သူ့ကို နှိပ်ပေးနေတဲ့ သောင်းစိန်ကို ခဏရပ်ဖို့ လက်နဲ့ အသာပြရင်း 'ဟ ... ဟ ... နေကြဦး။ ဒီကိစ္စက လူငယ်ချင်း ဖြစ်ကြတာပါ။ မင်းတို့ ပြောသလို ဟုတ်ပုံမပေါ်ပါဘူး'လို့ ပြောလိုက်တယ်။

'ဘယ် ... လူငယ်ချင်းရမှာတုံး ဘုန်းကြီးရ'လို့ သောင်းစိန်က မကျေမနပ်နဲ့ ဆက်ပြန်တယ်။ 'အဲဒီက လူကြီးတွေက အစ ဘုန်းကြီးကျောင်းတောင် သူတို့ကျောင်းမှ သူတို့ကျောင်း လုပ်နေတာ'

'ဘာလို့တုံး ဟကောင်ရ ...'လို့ ဘုန်းကြီးလေးက မေးမြန်တယ်။

'ကြည့်ပါလား ဘုန်းကြီးရ။ သူတို့ ရွာသစ်က အောင်မင်္ဂလာကျောင်းမှ တရားတိုက်တဲ့။ ဘုန်းကြီးတို့ ကျောင်းကိုတော့ စာသင်တိုက်တဲ့။ အဲဒီဘက်က လူတွေ ဘယ်မှာ သိပ်လာလို့တုံး။ သူတို့ ကျောင်းများဆို အမြဲ ဝင်ထွက်နေကြတာ လူတိုင်း တွေ့နေရတာပဲ'

'ဟကောင် ... သောင်းစိန်၊ သူတို့ပြောတာ ဟုတ်နေသားပဲ။ တို့ကျောင်းက စာသင်တိုက်၊ အောင်မင်္ဂလာကျောင်းက ဝိပဿနာ ကမ္မဋ္ဌာန်းပြတယ်၊ ဘာဖြစ်တုံး။ ဟိုဘက်နဲ့ နီးတဲ့လူတွေ ဟိုဘက် သွားတယ်။ တို့ဘက်နဲ့ နီးတဲ့လူတွေ တို့ဘက် လာတယ်။ စာသင်တိုက်ဆိုတော့ စာသင်သားတွေ အနှောင့်အယှက်ဖြစ်မှာ စိုးတော့ ဒကာတွေ သိပ်မလာကြဘူးပေါ့။ အဲဒါ ဘာဖြစ်တုံး'လို့ ဘုန်းကြီးလေးက ပြန်ပြောတယ်။

သောင်းစိန်ကတော့ သိပ်မကျေနပ်ဘူး။ ဘာပြန်ပြောရမှန်းလည်း မသိဘူး။ ဒီတော့ ဘုန်းကြီးလေးကပဲ ထပ်ပြီး မေးလိုက်တယ်။

'ငါ ပြောတာ မဟုတ်ဘူးလား သောင်းစိန်'

ဒီတော့ သောင်းစိန်က ဟုတ်တယ်၊ မဟုတ်ဘူး မဖြေဘဲ ခုလို ပြောလိုက်တယ်။

'ကိုယ်တော် မသိပါဘူး'

'အေးကွာ၊ ငါ မသိတာပဲ ကောင်းပါတယ်'လို့ ပြောရင်း ညာဘက်လက်နဲ့ အသာ သူ့ကျောကို ထိုးပြရင်း သောင်းစိန်ကို ဆက်နှိပ်ခိုင်းတယ်။ ဘယ်သူကမှ စကားမပြောဘဲ ငြိမ်နေကြတယ်။ အဲဒီတုန်း ဘုန်းကြီးလေးကပဲ စကားစလိုက်ပြန်တယ်။ 'ရေတိမ်ကန် ဘုရားပွဲကြီး နီးပြန်ပြီကွ'ဒီတော့ ဘုန်းကြီးလေး

mgyoe.com

mgyoe.com

လက်ပြင်ကို အသာဖြေပေးနေတဲ့ သောင်းစိန်မျက်နှာ ဝင်းလက်လာတယ်။ ပြီးတော့ မေးလိုက်တယ်။ 'ဒီနှစ် ဘုရားပွဲကြီး ဖြစ်မယ်မဟုတ်လား ဘုရား'

'ဖြစ်အောင် လုပ်ရတော့မှာပေါ့။ ဦးအဂ္ဂ ပြန်ကြွသွားပြီး တစ်နှစ် မလုပ်ဖြစ်တာ၊ ဆရာတော်ကြီးက သဘောမကျဘူး။ ဒီနှစ်တော့ အစောကြီးကတည်းက ငါ့ကို မိန့်ထားတယ်။ ဘယ်သူ ရှိရှိ၊ မရှိရှိ ငါက ဖြစ်အောင် လုပ်ရမယ်တဲ့။ ဒီတော့လည်း ငါက အထမြောက်အောင် လုပ်ရတော့မှာပေါ့'လို့ ဘုန်းကြီးလေးက ပြောတယ်။

'အရှင်ဘုရား ... မီးစက်ကြီးနဲ့ လုပ်မှာလား'လို့ ဝင်းမောင်က ဝင်မေးတယ်။

'ဟာ ... အစဉ်အလာအတိုင်းပဲ လုပ်မယ်ကွာ။ မီးစက်ကြီးနဲ့ မီးထိန်ထိန်လင်းနေတာ ဟန်မကျပါဘူး။ မင်းတို့လည်း မြင်သားပဲ'လို့ ပြောတော့ သောင်းစိန်ရော ဝင်းမောင်ပါ တစ်ပြိုင်တည်း 'တင်ပါ့ဘုရား ... တင်ပါ့'လို့ ဖြေလိုက်ကြတယ်။ ဒီတော့ ဘုန်းကြီးလေးက သောင်းစိန် နှိပ်နေတာကို အသာရပ်ခိုင်းပြီး မတ်တတ်ထရပ်တယ်။ ပြီးတော့ ငါ ကျောင်းပြန်လိုက်ဦးမယ်လို့ ပြောရင်း တစ်ခုခု တွေးနေပုံရတယ်။ သောင်းစိန်နဲ့ ဝင်းမောင်လည်း ဘုန်းကြီးလေးကို အသာ ဝတ်ချလိုက်ကြတယ်။ ဘုန်းကြီးလေးက ဧကသီကို အသာ ပြန်ရုံရင်း ကျောင်းဘက်ကို ပြန်ကြွဖို့ ခြေလှမ်းတစ်လှမ်းပဲ လှမ်းရသေးတယ်။ ခြေလှမ်းကို အသာ ရပ်လိုက်ရင်း သောင်းစိန်နဲ့ ဝင်းမောင်ကို လှည့်ကြည့်လိုက်တယ်။ ပြီးတော့ ခုလို ပြောတယ်။

'ဒီမှာ ... မင်းတို့နှစ်ကောင် ငါ့ကို ကူစမ်း။ ရေတိမ်ကန်ဘုရားပွဲ လုပ်တဲ့အခါ ပွဲကြပ်ပေးစမ်း၊ ကြားလား'

ဒီတော့ သောင်းစိန်ရော ဝင်းမောင်ပါ လိုလိုလားလားနဲ့ တစ်ပြိုင်နက်ပြန်ပြီး ပြောတယ်။

'တင်ပါ့ ဘုရား၊ စိတ်ချပါ ဘုရား၊ တပည့်တော်တို့ တာဝန်ထားပါဘုရား'တဲ့။

ဘုန်းကြီးလေးလည်း တစ်ခုခု ဘဝင်ကျသွားပုံ ပေါ်တယ်။ တာဝန်တစ်ခု ပေါ့သွားပုံပဲ။ ခေါင်းကို ဖြည်းဖြည်းညိတ်ရင်း စဉ်းစားစရာအသစ်ကို ရှာနေပုံရတယ်။ စိတ်ဆိုတာ တစ်နေရာရာမှာ တည်ရမှာကိုး။ ပြီးတော့ အသာပဲ

mgyoe.com

mgyoe.com SAMPLE BOOK


ကျောင်းဘက်ကို ပြန်ကြွသွားတယ်။ သောင်းစိန် မျက်နှာဟာ ဝင်းလို့ သွားပြန်တယ်။ သူ့ဆီက ခုနက ကြားရတဲ့ မအေတွေ၊ နှမတွေ ပါတဲ့ စကားလုံးတွေ မကြားရတော့ဘူး။ ဒေါသတွေ ယာယီပဲ လျော့သွား လျော့သွား၊ အရပ်ထဲက မအေတွေ၊ နှမတွေတော့ အတော် နေသာသွားပုံ ပေါ်တယ်။ မျက်နှာလည်း မာမနေတော့ဘူး။ ဝင်းမောင်ကို အသာကြည့်ရင်း ပြုံးလိုက်တယ်။ ဝင်းမောင် ကိုယ်တိုင်ကလည်း သူ့ဘာသာ တစ်ခုခုတွေးရင်း ပြုံးနေပုံရတယ်။ ငါးသလောက် ပြုံး ပြုံးတယ်ဆိုတာ အဲဒီလိုမျိုးလား မသိဘူး။ မှီရတဲ့ မျက်နှာလို့ပဲ ခေါ်ရ မလား မသိဘူး။

■

စတိုင်သစ်မဂ္ဂဇင်း၊ မတ်၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

## ဓမ္မပြီးသား ဓမ္မထားလိုက်ပါတော့

ဒီဘက်မှာ ခေါ်ကြပြောကြရာမှာ လူတွေက အညွှန်းကလေးတွေနဲ့ ပြောတတ်တယ်။ ပြောရစေတော့ရဲ့။ ဘုန်းကြီးတစ်ပါး ကြွလာတာ တွေ့တာနဲ့ ဘွဲ့တွေ ဘာတွေ ပြောမနေဘူး။ ဟော ... စာသင်တိုက်က တိုက်အုပ် ကြွလာတယ်။ မဟုတ်ရင် အောင်မင်္ဂလာတိုက်သစ်က တရားပြကိုယ်တော်လေး ကြွလာတယ်။ စသဖြင့် ပြောကြတယ်။ စပ်လို့ ပြောရဦးမယ်။ အောင်မင်္ဂလာတိုက်သစ်လို့သာ ပြောကြတာ။ ဒီအရပ်မှာ အောင်မင်္ဂလာတိုက်ဟောင်းရယ်လို့တော့လည်း မရှိဖူးဘူး။ ထားတော့၊ ဒါက တစ်ကိစ္စ။ လူတွေကို ခေါ်တာတွေကအစ ကြည့်ဦး။ သူကြီးတူ မောင်မှုတဲ့။ တောင်ရွာက မောင်တာတဲ့။ တောင်ခြေနားနေတဲ့သူကို တောင်ခြေက အောင်ရွှေတဲ့။ ဟော ... ကြည့်ဦး ဒီအရပ်က တစ်ဦးတည်းသော ဆရာဝန်လေးကို တံတားထိပ် ကားဆိပ်က ဆရာဝန်ကလေးတဲ့။ ဟုတ်တော့ ဟုတ်သား။ ချောင်းကူးတံတားထိပ်မှာ ကားတွေရပ်တဲ့ ကားဆိပ် ရှိတာကိုး။ ဒီတော့ တံတားထိပ် ကားဆိပ်ပေါ့။

mgyoe.com

mgyoe.com SAMPLE BOOK


အဲဒီနား ဆေးခန်းဖွင့်ထားတဲ့ ဆရာဝန်ကလေးကို တံတားထိပ် ကားဆိပ်က ဆရာဝန်ကလေးလို့ ခေါ်ကြတယ်။ ကိုင်း ... ဘာငြင်းချင်ကြသေးတုံး။

ဒီကြားထဲ ထူးထူးခြားခြား ပြောစရာက ရှိနေပြန်တယ်။ အဲဒါ မောင်ဆင်ပါ။ သင်းက 'သက်ကယ်သောင် မောင်ဆင်'ရယ်လို့ တွင်နေတယ်။ ပြောမယ်ဆိုရင်လည်း ရာဇဝင်ကလေး ချီရဦးမယ်။ ရာဇဝင်ဆိုပေတဲ့လည်း မြို့က ရာဇဝင်ဘုတ်အုပ်တွေ ရေးတဲ့ ရာဇဝင်ဆရာကြီးတွေ ရေးတာမျိုး မဟုတ်ပါဘူး။ မြို့က ဆရာကြီးတွေ ရေးတဲ့ ရာဇဝင်ဆိုတာက မြို့က လူတွေအကြောင်း။ ကမ္ဘာလောကကြီး ပြောင်းလဲနေတာက မြို့က လူတွေကြောင့် မဟုတ်လား။ တောက လူတွေက ဘာမှ မလုပ်တတ်။ ဒီတော့ ဘာမှမလုပ်။ ဒီတော့လည်း ဘာပြောင်းရမှာတုံး။ ထန်းသမားသား ထန်းသမား ဖြစ်တယ်။ ယာသမားသားက ယာ ဆက်ကိုင်တယ်။ ဒီတော့ သမိုင်းမတွင်လောက်ဘူးပေါ့ဗျာ။ သမိုင်းမှ မတွင်လောက်တော့ ရာဇဝင်ဆိုတာ ဝေလာဝေး။ ဒီတော့ မြို့က သမိုင်းဘုတ်အုပ်ရေးတဲ့ ဆရာကြီးတွေအနေနဲ့ ရာဇဝင်တို့၊ သမိုင်းတို့ဆိုတာ တောမှာ ရှိတယ်လို့ မထင်ကြဘူး။ တောက လူတွေမှာ သမိုင်း မရှိဘူးလိုပဲ။ ဟုတ်တော့လည်း ဟုတ်သမို့လား။ ဒီတော့ တောက လူတွေအနေနဲ့က ဘာတွေ နာခံနေရဦးမှာတုံး။ ဘာနာစရာ ရှိလို့တုံး။

မောင်ဆင့်အကြောင်းကို ရာဇဝင်ချီရမယ် ဆိုတာကတော့ ဒီလို ...။ သက်ကယ်သောင် မောင်ဆင်လို့ ဆိုရာက စရမယ်။ သက်ကယ်သောင်က မြစ် ဟိုဘက်ကမ်းမှာ။ အထက်ဘက် နည်းနည်းကျတယ်။ သက်ကယ်သောင် မောင်ဆင် ဆိုတော့ သင်းကိုများ သက်ကယ်သောင်ကပဲလို့ မထင်လိုက်နဲ့။ သင်း အပြောကတော့ ယင်းတိုက်တောကတဲ့။ ယင်းတိုက်တောဆိုတာ သက်ကယ်သောင်ကနေ အတွင်းထဲ အတော်သွားရသေးတယ်။ ကုန်းတွင်းဘက် ပိုကျတယ်။ ဒီတော့ 'မင်းက ယင်းတိုက်တောကဆိုရင် ဘာလို့ သက်ကယ်သောင် မောင်ဆင် ဖြစ်ရတာတုံး'လို့ မေးကြည့်ကြတိုင်း မောင်ဆင်က 'သိဘူးလေဗျာ'လို့ စိတ်ပျက်လက်ပျက် အသံမျိုးနဲ့ ဖြေလေ့ရှိတယ်။ ဒီမှာတင် ဆက်မေးစရာ မရှိတော့ဘူးလို ဖြစ်သွားတယ်။ သမိုင်းဆိုင်ရာက ဆက်မေးစရာ ရှိရတယ် မဟုတ်လား။ ဒီအတိုင်းဆို မောင်ဆင့် ပြဿနာက ဆက်စရာမရှိလို့

mgyoe.com

mgyoe.com

ပြီးသလောက် ဖြစ်သွားတယ်။ ဒါပေတဲ့ သင်းကိစ္စက ဒီလောက်နဲ့ မပြီးသေးဘူး။

သက်ကယ်သောင်ကဖြစ်ဖြစ်၊ ယင်းတိုက်တောကဖြစ်ဖြစ် မောင်ဆင်က တော့ မောင်ဆင်ပဲ ဖြစ်ရတော့မှာ။ ဘယ်မှာ အဲဒီလို ဟုတ်လို့တုံး။ မောင်ဆင်က ပြောတယ်။ 'ကျုပ်နာမည်က အောင်ရင်'တဲ့။ ဒီတော့ မင်းက ဘာလို့ မောင်ဆင် ဖြစ်နေရတာတုံးလို့ မေးများ ကြည့်စမ်း။ 'သိဘူးလေဗျာ'လို့ပဲ သူက ဖြေမှာ။ ဒီတော့လည်း ယင်းတိုက်တောက အောင်ရင်က သက်ကယ်သောင် က မောင်ဆင် ဖြစ်နေရတယ်ဆိုတာ စဉ်းစားမယ်ဆိုတော့လည်း စဉ်းစားစရာပဲ။ ခက်နေတာတစ်ခုက စဉ်းစားတယ်ဆိုတာက စဉ်းစားဖို့ အချိန်ရှိရမယ်။ စဉ်းစားတတ်ရမယ်။ အလကားပဲတင်း တောတွေး တောင်တွေးဆိုတာက စဉ်းစားတာ မဟုတ်ဘူး။ တကယ်တော့ စဉ်းစားတယ်ဆိုတာ မြို့က ပညာ တတ်တွေသာ စဉ်းစားတတ်ကြတာလား။ ဒါပေတဲ့ ဒီမှာလည်း ပညာတတ် ဆိုတာတွေ ရှိပါသေးသကော။ အငြိမ်းစား ကျောင်းဆရာကြီး ညီအစ်ကို ဦးလှမောင်နဲ့ ဦးအေးမောင်ဆိုတာ ရှိသဗျ။

သူတို့က အငြိမ်းစားဆိုတော့လည်း မသေမချင်း ထိုင်စဉ်းစားဖို့ အချိန် ရနေကြတယ်။ ဒီတော့ စပ်စပ်စုစုရှိတဲ့ ဦးလှမောင်က ယင်းတိုက်တောက အောင်ရင်ဟာ ဘာလို့ သက်ကယ်သောင် မောင်ဆင် ဖြစ်ရတယ်ဆိုတာ စုံစမ်း တယ်။ မြို့မှာဆိုရင်တော့ဗျာ သုတေသနပြုတယ်ဆိုလား၊ ဘာလား ဆိုပြီး ကြီးကြီးကျယ်ကျယ်တွေ လျှောက်ပြောတာမျိုး ထင်တယ်။ ဒီတော့ စဉ်းစားစရာ ကလေး ရအောင် မောင်ဆင်ရဲ့အဒေါ် မဆိတ်ဆီ သွားမေးရတယ်။ မဆိတ် ကလည်း သူ့တူ ဘာလို့ အောင်ရင်က မောင်ဆင် ဖြစ်သွားရမှန်း မသိဘူး။ 'အားလုံးက မောင်ဆင် ခေါ်နေကြတော့ ကျုပ်ကလည်း မောင်ဆင်ပဲ ခေါ် လိုက်တော့တာပဲ'တဲ့။ တစ်ခုတော့ ကျောင်းဆရာကြီး ဦးလှမောင်အနေနဲ့ ထည့်စဉ်းစားစရာ အကြောင်းတွေ ရလာတယ်။ အဲဒါက ဒီလို။

မဆိတ်ကြီး ယောကျ်ား၊ ဆုံးသွားတဲ့ လက်သမားဆရာ ကိုအောင်စိန် မမာနေတုန်းက မဆိတ်က ကူဖော်လောင်ဖက်ရအောင် သူ့တူ မောင်ဆင်ကို လှမ်းခေါ်သတဲ့။ မောင်ဆင်က အဖေ၊ အမေ မရှိတော့ဘူး။ ယင်းတိုက်တောက သူ့ဘကြီးနဲ့ နေတာ။ ဘကြီးက ကျောင်းထားပေးလို့ အစိုးရစစ် ခုနစ်တန်းထိ

mgyoe.com

m g y o e . c o m  SAMPLE BOOK 

တောင် စာလိုက်ဖူးတာ။ ကိုအောင်စိန်ကြီး လေဖြတ်သွားကတည်းက ဒီမှာ လာနေတာ။ ဒီကောင်က လက်သမားတွေဆီမှာ ပုတ်ပြတ် လိုက်လုပ်တယ်။ ကိုအောင်စိန်ကြီး ဆုံးသွားတော့ သူ့ဘကြီးကပဲ သူ့ကို မဆိတ်ဆိမှာပဲ နေပေတော့ ပြောတာနဲ့ မောင်စိန်လည်း ဒီမှာ အမြဲနေတော့တာပဲ။ မဆိတ်တို့ကလည်း ကျောထောက်နောက်ခံ သားသမီးမှ မရှိတော့ တူဆိုပေတဲ့လည်း သားလိုပဲ ဂရုစိုက်ရှာတာပါ။ သင်းကလည်း အမေအရင်းလို ရှာဖွေကျွေးနေတာ။ စဉ်းစားစရာဆိုတာက အောင်ရင် ဆိုတာကို လေဖြတ်ထားတဲ့ ကိုအောင်စိန်ကြီးက မပီမသခေါ်ရင်း မောင်ဆင် ဖြစ်သွားသလား ဆိုတာပဲ။ ကိုအောင်စိန် ခေါ်တာကို အကြားနဲ့ ကျန်တဲ့လူတွေကပါ မောင်ဆင်လို့ ခေါ်ကြတာပဲ ဖြစ်မယ်လို့ ဦးလှမောင်ကြီးက တွေးတယ်။

သက်ကယ်သောင် ကိစ္စကိုတော့ ဆရာကြီး ဦးလှမောင်က ဒီလို မြင်ပြန်တယ်။ ဒီကို မောင်ဆင် ရောက်လာခါစက လူတွေက မေးကောင်း မေးကြလိမ့်မယ်။ မင်း ဘယ်က လာတာတုံးလို့။ ဒီတော့ မောင်ဆင်က ဖြေတယ်။ ကျွန်တော် သက်ကယ်သောင်က လာတာပါလို့။ ဟုတ်တာပေါ့။ သက်ကယ်သောင်မှာမှ မော်တော်ဆိပ် ရှိတာကိုး။ ဒီတော့ မောင်ဆင့်အနေနဲ့ မှန်တာ ဖြေတယ်။ ဒါပေမဲ့ ဒီက လူတွေ စိတ်ထဲမှာ မောင်ဆင်က သက်ကယ်သောင်ကပဲလို့ ထင်ပြီး သက်ကယ်သောင်လို့ပဲ ဆွဲခေါ်လိုက်တာ ဖြစ်မယ်။ ဘယ်လိုပဲဖြစ်ဖြစ် ယင်းတိုက်တောက အောင်ရင်ဟာ အခုတော့ သက်ကယ်သောင် မောင်ဆင်ပဲ။ ဘယ်သူ ကြိုက်ကြိုက်၊ မကြိုက်ကြိုက်၊ ဘယ်သူ သဘောတူ၊ မတူ အောင်ရင်ဟာ မောင်ဆင် ဖြစ်လာတာဟာ သမိုင်းဘုတ်အုပ်ကြီးရေးတဲ့ ဆရာကြီးတွေအတွက် အရေးမကြီးဘူး။ မကြီးသမှ မောင်ဆင်လောက် မပြောနဲ့၊ ဒါဘာပွဲတွေ၊ ဘာတွေ တက်ဖူးတဲ့ သူကြီး ဦးကံရတောင် ဘယ်သမိုင်းထဲ ပါလို့တုံး။

ဒါပေတဲ့ လောလောဆယ်မှာ သက်ကယ်သောင် မောင်ဆင်နဲ့ ပတ်သက်လို့ ကြိတ်ပြီး ပြဿနာကလေးတစ်ခု ဖြစ်နေတယ်။ အဲဒါက တစ်ခါတစ်ခါ မောင်ဆင် ရွာထဲရပ်ထဲကနေ ပျောက်သွားတာပဲ။ သူ့အဒေါ်က မေးတော့လည်း ကျွန်တော် တံတားထိပ်သွားတာပါလို့ပဲ ဖြေတယ်။ ဘာတွေလုပ်တုံး ဆိုတော့ ကျွန်တော် ပျင်းလို့ပါတဲ့။ သူ့အဒေါ်က ဘုန်းကြီးတွေကို လျှောက်တယ်။

mgyoe.com

mgyoe.com
SAMPLE BOOK


အထူးသဖြင့် အောင်မင်္ဂလာကျောင်းသစ်က ဘုန်းကြီးလေး ဦးပညာသာမိ ကတော့ ကိုအောင်စိန်ကြီး ရှိစဉ်ကတည်းက ဘုန်းကြီးလေးနဲ့ ရင်းတယ်။ ဘုန်းကြီးကလည်း မောင်ဆင်ကို စောင့်ရှောက်တယ်။ ဘုန်းကြီးလေး ဆက်ပေးလို့ပဲ မောင်ဆင်လည်း လက်သမားအလုပ် အတော်ရတယ်။ ခုဆို ဒီတစ်ကြောက ဘုန်းကြီးကျောင်းတွေက ဘုရားတံကဲ မှန်သမျှ မောင်ဆင့်လက်ရာချည်းပဲ။ ကျွဲကော်ကောင်းကောင်း၊ သစ်စေးကောင်းကောင်းများ ရရင် ဘုန်းကြီးကျောင်းတွေက ကုလားထိုင်တွေကို အလကား ပေါလစ်သုတ်ပေးသေးတာ။ ဒါတင် မကဘူး။ စာသင်တိုက်ကြီးမှာ စနုဆောင် ဆောက်တော့လည်း တိုက်အုပ်ကပဲ မောင်ဆင့်ကို ကြီးကြပ်ခိုင်းတယ်။ မောင်ဆင် ဖင်ပေါ့တယ် ခေါ်ရမယ်။ ဘယ်သူ ခေါ်ခိုင်းခိုင်း လုပ်ပေးတာချည်းပဲ။ လူချစ်လူခင် ပေါတယ် ဆိုရမယ်။

တစ်ခုတော့ ရှိတယ်။ သင်းက ဘဝနာထားပုံရတယ်။ ငယ်ကတည်းက မိဘက မျက်ကွယ်ပြုသွားတာရယ်၊ ကျောင်းသားဘဝက သင်းနဲ့ ရည်ငံဖူးတဲ့ ကောင်မလေးကို ကောင်မလေး မိဘတွေက တစ်ကောင်ကြွက်က ရာရာစစ၊ ဘာဘာညာညာ ပြောပြီး သူတို့သမီးကို မြို့က ကားစပယ်ယာ တစ်ယောက်နဲ့ ပေးစားလိုက်တာရယ်။ အဲဒါတွေကြောင့် မောင်ဆင် ဘဝနာတယ်လို့ ပြောကြရတာ။ အရပ်ထဲမှာတော့ လူတိုင်းနဲ့ သင့်တယ်။ ဒါပေတဲ့ သင်း မကြာမကြာ ပျောက်သွားတတ်တော့ ဟိုနားဒီနားက သတင်းပလင်းတွေ ပြောလာကြတယ်။ တချို့က ကားဆိပ်မှာ ကားသမားတွေနဲ့ လာပလူးနေတဲ့ ကောင်မတွေနဲ့ပဲ ဖြစ်နေသလိုလို။ တချို့ကတော့လည်း အထက်ကို ရောက်လာတဲ့ ကွန်မြူနစ်ဆိုတာတွေနဲ့ပဲ သွားပေါင်းနေသလိုလို ပြောကြတယ်။ ဒါပေတဲ့ ဘယ်သူက မေးမေး မောင်ဆင်ကတော့ တစ်မျိုးပဲ ဖြေတယ်။ ပျင်းလို့ တံတားထိပ် ကားဆိပ်ကို သွားတာတဲ့။

ဒီအပိုင်းတော့ ကျောင်းဆရာကြီး ဦးလှမောင် သိပ်စိတ်မဝင်စားတော့ ဘူး။ ဘာမှ ဆက်မစုံစမ်းတော့ဘူး။ ဆက်စုံစမ်းလို့လည်း စာတစ်စောင် ပေတစ်ဖွဲ့ ရေးလောက်တာမှ မဟုတ်ဘဲ။ သမိုင်းတင်လောက်တာမျိုးမှ မဟုတ်ဘဲ။ ဒါပေတဲ့ သမိုင်းမတင်ကာမှ နေကရော သက်ကယ်သောင် မောင်ဆင် ရွာထဲရပ်ထဲ ပျောက်ပျောက်သွားတဲ့ ကိစ္စဟာ တစ်နေ့တော့ အဖြေပေါ်လာတယ်။

mgyoe.com

mgyoe.com SAMPLE BOOK


ပေါ်လာတာ တိုက်ဆိုင်လို့ပဲ ပြောရတော့မယ်။ တစ်နေ့တော့ အောင်မင်္ဂလာ တိုက်သစ်က ဘုန်းကြီးလေး မြို့ကအပြန် တံတားထိပ် ကားဆိပ်မှ ဒီဘက် ပြန်မယ့် ကိုထွန်းမောင်ကြီးလော်လီ စောင့်သတဲ့။ အဲဒီတုန်း အာ့စိန်ကြီးက တွေ့တော့ ဘုန်းကြီးလေး ငါ့ဆိုင် လာလို့ ခေါ်ပြီး အချိုရည်ကပ်သတဲ့။ အဲဒါက အာ့စိန်ကြီး လုပ်နေကျ။ ကားစောင့်တဲ့ ဘုန်းကြီးတွေ၊ သီလရှင်တွေ မြင်ရင် အဲဒီလိုပဲ သူ့ဆိုင်ကို ပင့်ပြီး လက်ဖက်ရည်တန် လက်ဖက်ရည်၊ အချိုရည်တန် အချိုရည် ကပ်နေကျ။

အဲဒီနေ့ကတော့ အာ့စိန်ကြီးက ဘုန်းကြီးလေး ဦးပညာသာမိကို ဆိုင် နောက်ဖေးထဲ ခေါ်ပြီး ပင်မှည့်ကပ်ရင်း လျှောက်သတဲ့။ 'ဘုန်းကြီး၊ မောင်ဆင့် ကို တစ်ခု မေးစမ်းပါ'လို့ ဆိုသတဲ့။ ဒီတော့ ဘုန်းကြီးက 'ဟ ... ပေါက်ဖော် ကြီး၊ မောင်ဆင်က ဘယ်မှာတုံး။ ခင်ဗျားဆီမှာလား'လို့ ပြန်မေးတယ်။

ဒီတော့ အာ့စိန်ကြီးက ခုလို ဖြေသတဲ့။

'ဒီမှာ ရှိတယ် ဘုန်းကြီး။ ခုပဲ ချောင်းဖျားသွား ရေချိုးတယ်။ ထွန်းမောင် ကားလာရင် သူလည်း ရွာပြန်လိုက်မှာ'

'ဒီလို ဘုန်းကြီးရဲ့။ ဒီကောင် တစ်လ တစ်ခါ၊ နှစ်ခါ ငါ့ဆီလာပြီး အရက်သောက်တယ်။ သောက်ရင် မန္တလေးရမ်တစ်လုံး သောက်တယ်။ ကုန်အောင် သောက်တာ။ မူးအောင် သောက်ပြီး အိပ်ရော။ ဒီတော့ ငါက သနားတယ်လေ။ ကောင်လေး မူးတဲ့အခါ နောက်ဖေးက ထင်းရုံမှာပဲ အိပ်ခိုင်း ထားရတယ်။ အမူးပြေပြီးတော့ နောက်တစ်ရက်၊ နှစ်ရက်လောက်မှ ရွာကို ပြန်တယ်'

ပေါက်ဖော်ကြီးက ခဏနားလိုက်တယ်။ ဒီတုန်း ဘုန်းကြီးလေးက ဘဉ်းပေးစ အချိုရည်ခွက်ကို အသာချရင်း မေးလိုက်တယ်။

'ဘာဖြစ်လို့ အဲဒီလို သောက်တာတုံး အာ့စိန်ကြီး'

'အဲဒါ ပြောချင်တာ ဘုန်းကြီးရဲ့'လို့ အစချီရင်း အာ့စိန်က ပြောပြန်တယ်။ 'ငါက မင်း ဘာလို့ ခုလို မူးအောင်၊ မေ့အောင် သောက်တာတုံးလို့ မေးတော့ သူက မေ့ချင်လို့တဲ့။ ဒီတော့ ငါက ထပ်မေးတယ်။ ဘာလို့ မေ့ချင်တာလဲ ဆိုတော့ မောင်ဆင်က ဘာမှမဟုတ်ဘူး။ မေ့ချင်တာသက်သက်ပဲလို့ ဖြေတယ်။

mgyoe.com

mgyoe.com

အဲဒါ ဘုန်းကြီး မေးစမ်းပါဦး'တဲ့။

ဘုန်းကြီးလေးက ဘာမှ ပြန်မပြောနိုင်တော့ဘူး။ အဲ့စိန်ကြီးကပဲ ထပ်လျှောက်တယ်။ 'ခဏစောင့်နေ၊ မောင်ဆင် ပြန်ရောက်တော့မှာ'တဲ့။ ဘုန်းကြီးလေးလည်း အဲ့စိန်နဲ့ ထွေရာလေးပါး ပြောရင်း စားပွဲပေါ်မှာ တွေ့ရတဲ့ သမာဓိ သတင်းစာကို လှန်လှောကြည့်နေတယ်။ သတင်းစာက တစ်ပတ်လောက်တော့ နောက်ကျနေပြီ။ အဲ့စိန်က သမာဓိသတင်းစာထဲက ဦးစံသိန်းရဲ့ ကုန်ဈေးနှုန်းကို ဖတ်လေ့ရှိတာ။ ဒီတုန်း ရေလဲပုဆိုးလေး ကိုင်ပြီး မောင်ဆင် တစ်ယောက် နောက်ဖေးကို ဝင်လာတယ်။ ဘုန်းကြီးလေးကိုတွေ့တော့ အံ့သြသွားပုံရတယ်။ ချက်ချင်းပဲ ဘုန်းကြီးလေးအနား လာထိုင်ပြီး ဝတ်ချရင်း 'ကိုယ်တော် ... ရွာပြန်ကြွမှာလား ဘုရား'လို့ မေးလိုက်တယ်။

'အေးအေး ...'လို့ ဖြေပြီး ဘုန်းကြီးလေးက နားနေတယ်။ မောင်ဆင်များ ဘာပြန်ပြောမလဲလို့ စောင့်နေပုံရတယ်။ မောင်ဆင်က ဘာမှ ပြန်မပြောဘူး။ ဒီတော့ ဘုန်းကြီးလေးကပဲ စကား ပြန်စလိုက်တယ်။

'မင်းကော ပြန်လိုက်မှာ မဟုတ်လား။ ငါလည်း ကိုထွန်းမောင် ကား စောင့်နေတာပဲ'

'တင်ပါ့'လို့ မောင်ဆင်က ပြန်ဖြေတယ်။ ဒီတော့ ဘုန်းကြီးလေးက အဲ့စိန်ကြီးကို တစ်ချက် လှမ်းကြည့်လိုက်ရင်း မောင်ဆင်ကို ပြောတယ်။

'နေပါဦးကွယ် မောင်ဆင်ရဲ့။ အဲ့စိန်ကြီးက မင်းက မေ့ချင်တယ်လို့ ပြောတယ်လို့ ငါ့ကို လျှောက်တယ်။ ဘာများ မင်းက မေ့ချင်ရတာတုံး'လို့ မေးလိုက်တယ်။ မောင်ဆင်က ဘုန်းကြီးလေးကို အသာကြည့်ရင်း ခုလို ဖြေလိုက်တယ်။

'တခြားအကြောင်းတော့ မဟုတ်ပါဘူး ဘုရား။ တပည့်တော်အကြောင်းပဲ တပည့်တော် မေ့ပစ်ချင်တာပါ'

'ဘာလို့တုံးဟ မောင်ဆင်ရ'

ဒီတော့ မောင်ဆင်က ဖြေတယ်။

'တပည့်တော်က နေရာတကာမှာ ပျောက်ဆုံးနေတဲ့လူပါ ဘုရား။ တပည့်တော်ဟာ မေ့ထားခံရတဲ့ လူပါ။ ယင်းတိုက်တောမှာ၊ သက်ကယ်သောင်

mgyoe.com

 SAMPLE BOOK 

မှာ မောင်ဆင် မရှိဘူး ဘုရား။ အောင်ရင်ဆိုတဲ့ အကောင်ပဲ ရှိခဲ့ဖူးတယ်။ ခု အဲဒီမှာ အောင်ရင်လည်း မရှိတော့ဘူး။ မောင်ဆင်လည်း မရှိဘူး။ ဟောကြည့် ... ဒီမှာ ယင်းတိုက်တော အောင်ရင် မရှိဘူး။ ဒီမှာ ရှိနေတာက သက်ကယ်သောင်က မောင်ဆင်ပဲ။ တစ်ခါကမှ မရှိဖူးတဲ့ သက်ကယ်သောင်က မောင်ဆင်ပဲ ရှိတယ်။ တပည့်တော်က တစ်နေရာမှာ၊ ဘယ်မှာဖြစ်ဖြစ် အမေ့ခံထားရတဲ့ လူတစ်ယောက်နဲ့ပဲ တူတယ်။ မမေ့တာက တပည့်တော်ပဲ။ တပည့်တော်ကို တပည့်တော်ပဲ သိနေတယ်။ သတိရနေတယ်'

မောင်ဆင်က ခဏနားလိုက်တယ်။ ဘုန်းကြီးလေး ပါးစပ်ကတော့ 'ဟေ ...'လို့ တစ်ချက် ထွက်လာတယ်။ ပင်မှည့် သောက်ထားလို့ လေချဉ်တက်တာလည်း ဖြစ်ချင်ဖြစ်မှာ။ ဒီတုန်း မောင်ဆင် ဆက်ပြောတယ်။

'အားလုံးက မေ့ထားပြီးသားဖြစ်နေတဲ့ တပည့်တော်ကို တပည့်တော်ကပဲ သိနေတယ်။ ဒီတော့ တပည့်တော်ဘာသာ တပည့်တော် မေ့ပစ်လိုက်ချင်တယ်။ တပည့်တော်ကို တပည့်တော် သိနေတာ ပင်ပန်းတယ် ဘုန်းကြီးရာ' တဲ့။

ဒီတော့ ဘုန်းကြီးလေး ပါးစပ်က 'ဟေ ...'လို့ ထွက်လာပြန်တယ်။ ဒီတစ်ခါတော့ အာမေဍိတ်ဖြစ်မှာ သေချာပါတယ်။ မျက်လွှာ အသာချရင်း သာသာပဲ ခေါင်းခါလိုက်ပြီး လက်ထဲက တဘက် အသေးကလေးနဲ့ နဖူးပေါ်က ချွေးကို သုတ်လိုက်တယ်။ အာ့စိန်ကတော့ ဘာမှ နားလည်လိုက်ပုံ မပေါ်ဘူး။ စွန်တန်ထဲ ဘယ်လောက် သကြားထည့်ထည့် မချိုတာကတော့ သေချာတယ်ဆိုတာမျိုးလို ဒီကိစ္စက မရှင်းတာ။ ငါကတော့ သူ တွေးသလို ဘာလို့ မတွေးတာတုံးလို့ စဉ်းစားကြည့်နေပုံရတယ်။ ဒီတုန်း သူ့ဆိုင်က ကောင်ကလေး တစ်ယောက်က ကိုထွန်းမောင်ကြီး လော်လီရောက်လာကြောင်း လာပြောတယ်။ ဒီတော့ ဘုန်းကြီးလေး ထရပ်လိုက်ရင်း 'မင်း ပစ္စည်းတွေ သွားယူချေလေ'လို့ မောင်ဆင့်ကို ပြောလိုက်တယ်။ အာ့စိန်ကြီး ကွပ်ပျစ်ပေါ်က ဆင်းပြီး အသာ ဝတ်ချလိုက်တယ်။

ကားဆိပ်ရောက်တော့ သူတို့ကို စောင့်နေတဲ့ ကိုထွန်းမောင်ကြီးတို့ သားအဖကို တွေ့တယ်။ ကိုထွန်းမောင်ကြီးက ဘုန်းကြီးလေးကို ကားခေါင်းခန်း

mgyoe.com

mgyoe.com

ထဲ နေရာပေးတယ်။ မောင်ဆင်ကတော့ ကိုထွန်းမောင်ကြီးသား စိန်မောင်နဲ့ ကားနောက်ဘက်က ကုန်တွေအပေါ်မှာ ထိုင်ရင်း လိုက်လာကြတယ်။ ကိုထွန်းမောင်က ဘုန်းကြီးလေးကို တောတောင်တောင် ပြောနေပေတဲ့ ဘုန်းကြီးလေးက နားထဲ ဝင်တစ်ချက်၊ မဝင်တစ်ချက်ပဲ။ ရှေ့တည့်တည့်က လမ်းကိုပဲ ဘုန်းကြီးလေးက အာရုံစိုက်နေမိရင်း နားထဲမှာတော့ မောင်ဆင့် စကားတွေ ကြားနေမိတယ်။ လမ်းတစ်နေရာမှာ နွားလှည်းတွေ ခံနေတော့ ကားအရှိန်လျှော့ရင်း ဆိုင်းနေလိုက်တုန်း ဘုန်းကြီး ဦးပညာသာမိ အတွေးထဲမှာ လမ်းကတော့ ဒီတစ်လမ်းပဲ၊ သွားပုံချင်းသာ ကွဲကြတာကိုးလို့ ဘာအကြောင်းမှ မရှိဘဲ မဆီမဆိုင် တွေးလိုက်မိတယ်။

တစ်ဆက်တည်း ကျောင်းပြန်ရောက်တဲ့အခါ မောင်ဆင့်ကို ဘယ်လိုဘယ်ပုံ၊ ဘာပြောရမယ်ဆိုတာ တွေးကြည့်လိုက်မိပြန်တယ်။ ခက်နေတာက မြို့ပေါ်က သမိုင်းဘုတ်အုပ်ရေးတဲ့ ပညာရှိကြီးတွေ အမြင်မတော့ တို့တစ်တွေကမှ မရှိဘဲ။ မင်းမှ မဟုတ်ဘူး။ တို့တစ်တွေအားလုံးဟာ အမေ့ခံထားရတာပဲ။ မြူရွက်သုပ်လောက် စားတတ်တဲ့သူတွေ၊ လက်ပံခေါင်းချဉ်ရည်လောက် သောက်တတ်တဲ့သူတွေကို သူတို့ ဘယ်မှာ သိကြလို့တုံး။ လူတွေမပေါ်ခင်က ဆင်ကြီးတွေ၊ ကျဲကြီးတွေအကြောင်းကိုသာ သတိရနေကြတာ။ အဲဒီကမ္ဘာကဟာတွေက အသက်ရှိနေသေးတဲ့ တို့တွေထက် အရေးကြီးနေတာ။ သမိုင်းဆိုတာထဲမှာ မင်းလည်း မပါဘူး၊ ငါလည်း မပါဘူး။ တို့တစ်တွေကို မေ့ထားကြပြီးသားပဲ။ ဒီတော့ မောင်ဆင့်ကို တစ်ခု ထပ်မေးရမှာပဲလို့ ဘုန်းကြီးလေးက တွေးမိတယ်။ ဘယ်လိုများ မင်းက ထပ်ပြီး မေ့ချင်နေရသေးတာတုံးလို့။

■

စတိုင်သစ်မဂ္ဂဇင်း။ ဩဂုတ်၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

## သေတာများ လွယ်ပါသော်ကော

ဩရိယာပုတ်မျှအောင် မြစ်ဘက်ကို လမ်းလျှောက်ရာက ပြန်လာရင်း တိုက်အုပ်ဘုန်းကြီး ဦးဉာဏိန္ဒက တစ်ခု တွေးမိလိုက်တယ်။ အနောက်တိုင်းက တက္ကသိုလ်ပါမောက္ခကြီးတွေ ရေးကြသလို လောကကြီးဟာ စနစ်တကျ မရှိဘူးဆိုတာ စဉ်းစားဖို့တော့ အကောင်းသား။ တစ်ခါတစ်ခါတော့ လောကကြီးဟာ ကမောက်ကမကို နိုင်လွန်းတယ်လို့ တွေးမိလိုက်တယ်။ သို့ပေတဲ့လေ လောကကြီးကိုက သူ့ဘာသာ ဖြစ်နေတာကိုး။ သဘာဝဆိုတော့လည်း သူ့အလိုလို ဖြစ်ပျက်နေတာကိုးလို့ စိတ်ထဲမှာ အဖြေတွေ့လိုက်မိတယ်။ ခါတိုင်း ဖုန်းမြေဘက်က ဖြတ်ပြန်လာရင် ဒီနေရာမှာ သူ့တပည့် တစ်ယောက် ယောက်ကို တွေ့ရတတ်ပေတဲ့ ဒီနေ့တော့ ခွေးတစ်ကောင် ကြောင်တစ်မြီး တောင် မတွေ့ရဘူး။

ကျောင်းဝင်းထဲရောက်တော့ အင်္ဂတေရံထားတဲ့ ညောင်ကုလားပင် အောက်မှာ တံမြက်စည်းကို ဘေးချပြီး ပေါင်ပေါ်မှာ ထိုင်နေတဲ့ ကိုရင်ကြီး စံမောင်ကို တွေ့လိုက်ရတယ်။ ဒီတော့ ကိုရင်ကြီး စံမောင်အကြောင်း စိတ်ထဲ

mgyoe.com

mgyoe.com

SAMPLE BOOK


ရောက်လာပြန်တယ်။ ကိုရင်ကြီး စံမောင်က ကိုရင်ဘဝကကို မတက်ချင်ဘူး။ တပည့်တော် ရဟန်းဖြစ်ရင် သိက္ခာပုဒ်တွေ အားလုံးကို ထိန်းနိုင်မှာ မဟုတ်ဘူး လို့ ဆင်ခြေပေးလေ့ ရှိတယ်။ ဒီလိုဆိုပြန်တော့လည်း သူ့ရိုးသားမှုကို တိုက်အုပ် တင် မကဘူး၊ ဆရာတော်ကြီးကပါ အသိအမှတ်ပြု တန်ဖိုးထားကြရပြန်တယ်။ ကိုရင်ကြီး စံမောင်က ကိုရင်ဘဝကနေ ခုလို ကိုရင်ကြီး ဖြစ်လာပေတဲ့ ဘာမျှ မပြောင်းဘူး။ ကိုရင်ဘွဲ့ စန္ဒောဘာသဆိုတာတောင် ဘယ်သူမျှ မခေါ်ကြဘူး။ ဝတ်ကြောင် ဘဝတုန်းက စံမောင်ဆိုတဲ့ နာမည်ပဲ လူတိုင်းက ခေါ်နေကြတယ်။ ကိုရင်ကြီး စံမောင်ရယ်လို့ပဲ အားလုံးက ခေါ်ကြတယ်။ ဒီအကြောင်းနဲ့ စကား စပ်လို့ ပြောကြတော့ ကိုရင်ကြီး စံမောင် ပြောဖူးတာတစ်ခု သတိရမိလိုက် ပြန်တယ်။ 'ဘယ်လိုခေါ်ခေါ်ပါ ဘုရား။ တပည့်တော်ဟာ တပည့်တော်ပါပဲ' တဲ့။ ဒီလိုတော့လည်း အဟုတ်သားကလား။

ဘုန်းကြီးလေး ဦးဉာဏိန္ဒ အနားရောက်တော့ ကိုရင်ကြီး စံမောင်က ရုတ်တရက် အံ့အားသင့်သွားတယ်။ ပြီးမှ သူ ထိုင်နေတဲ့ အင်္ကျီတေအုတ်ရိုး ပေါင်ပေါ်က အသာဆင်းပြီး ဘုန်းကြီးလေးကို လက်အုပ်ချီရင်း လျှောက် လိုက်တယ်။ 'အရှင်ဘုရား၊ စကြံလျှောက်ရာက ပြန်လို့ အားတဲ့အခါ ကျောင်း ကြီးပေါ် ခဏကြွဖို့ ဆရာတော်က တပည့်တော်ကို မှာကြားထားပါတယ် ဘုရား'တဲ့။ ဒီတော့ တိုက်အုပ်ဘုန်းကြီးအနေနဲ့ တစ်ခု စဉ်းစားမိလိုက်တယ်။ ငါ ညတိုင်း ဆရာတော်ကို ရေနွေးပူ သွားကပ်နေကျ။ အခု ဘာအကြောင်းများ ထူးတယ် မသိဘူး။ ညအထိ စောင့်နိုင်မယ် မပေါ်ဘူး။ ဘာများတုံးလို့ တွေးလိုက်မိတယ်။ ဒီတော့ ကိုရင်ကြီး စံမောင့်ကိုပဲ ပြန်မေးလိုက်ပြန်တယ်။

'ဘာများ အကြောင်းထူးတုံး ကိုရင်ကြီး'

'တပည့်တော် တပ်အပ်တော့ မပြောနိုင်ဘူး ဘုရား။ ကြည့်ရတာ ညောင် ပင်ဝန်းက ဘုန်းကြီး ဦးခေမာကိစ္စ ထင်တယ်။ ဒီညနေစောင်းလေးတင် ဦးခေမာ ပျံလွန်တော်မူသွားပါတယ် ဘုရား'လို့ ကိုရင်ကြီး စံမောင်က ပြန်ဖြေ တယ်။

ဒီတော့မှ တိုက်အုပ်ဘုန်းကြီး ဦးဉာဏိန္ဒဟာ ညောင်ပင်ဝန်းကျောင်းက ဘုန်းကြီး ဦးခေမာကို သတိရလိုက်မိတယ်။ ဦးခေမာတစ်ပါး မမာနေတာ

mgyoe.com

ကြာပြီ။ ကိုယ်တော်ကြီးက သက်တော်လည်း ကြီးလှပြီ။ တောထွက်ကြီး ဖြစ်လို့သာ ဝါအရ ငယ်နေပေတဲ့ သက်တော်ဆိုရင် ဆရာတော်ကြီးထက်တောင် ကြီးဦးမှာ။ ငယ်ဖြူ မဟုတ်ပေတဲ့ သူ့ခမျာ အင်မတန် တော်ရှာတယ်။ ဒီဘက် ရောက်လာတော့ တိုက်အုပ်တောင် ပဋ္ဌင်းဖြစ်ပြီးကာ ရှိသေးတာ။ အဲဒီကတည်းက ဦးခေမာ ကျောင်းထိုင်လောက်အောင် ဝါက ရပြီးသားပေတဲ့ ထိုင်စရာ ကျောင်း တွေ၊ ဘာတွေ ရှိတာမဟုတ်ဘူး။ ငယ်ဖြူလည်း မဟုတ်တော့ စာတွေ ဘာတွေ ကလည်း ပေါက်ပေါက်မြောက်မြောက် လိုက်ခဲ့ဖူးတာ မရှိဘူး။ အဲဒီတုန်းက အခု ဆရာတော်ကြီးတောင် တိုက်အုပ်ပဲ ရှိသေးတယ်။ ခု ဆရာတော်ကြီး ကပဲ ဟိုတုန်းက ဆရာတော်ကြီးကို လျှောက်ပြီး ကျောင်းထိုင်ကိုယ်တော် မရှိ ဖြစ်နေတဲ့ ညောင်ပင်ဝန်းက ကျောင်းမှာ ကျောင်းထိုင်ဖို့ ကြောင်းကျိုးပြပြီး လျှောက်ခဲ့ရတာ သွားသတိရမိလိုက်တယ်။

ဒီတစ်ကြောမှာတော့ ညောင်ပင်ဝန်းက ဆင်းရဲတယ်။ ယာသမား၊ ကိုင်းသမား လုပ်လုပ်စားစားတွေချည်းပဲ။ တစ်ခါတလေ ဆွမ်းကွမ်းကိစ္စတောင် အခက်အခဲ နည်းနည်း ရှိတတ်တယ်လို့ ကြားတယ်။ ဆရာတော်ကြီးအနေနဲ့ ကတော့ ဦးခေမာအပေါ် သံယောဇဉ်ရှိရှာတယ်။ ဦးခေမာ ဒီဘက်ကြွလာတဲ့ အခါ ကိုရင်ကြီး စံမောင်ကို ကျက်သရေခန်းဖွင့်ပြီး အခြောက်အခြမ်းက အစ ဆီ၊ ဆန် အဆုံး ထုတ်ပြီး ဦးခေမာ ကျောင်းကို လိုက်ပို့ခိုင်းတယ်။ ဒီတော့ ကိုရင်ကြီး စံမောင်ကတောင် ရယ်စရာ ပြောသေးတယ်။ ဦခေမာသာ ဒီကျောင်း ဘက်ကို တစ်လ သုံးလေးခါလောက် ကြွခဲ့ရင် တပည့်တော်တို့တော့ ယာဂု လောက်ပဲ ဘုဉ်းပေးကြရလိမ့်မယ် ဘုရားတဲ့။ ဦးခေမာ ကိုယ်တိုင်ကတော့ ဘာမျှ လျှောက်တယ်၊ အလှူခံတယ် မရှိဘူး။ ဆရာတော်ကြီးက 'ကိုယ်တော်ကြီး ... ဘာများ လိုအပ်တာရှိတုံး'လို့ မေးတာတောင် ဦးခေမာက 'တပည့်တော် ပြည့်စုံပါတယ် ဘုရား'လို့ပဲ ပြန်လျှောက်လေ့ရှိတယ်။ ခုတော့ ဦးခေမာ ပျံလွန် သွားရှာပြီပဲဆိုတဲ့ အသိဟာ တိုက်အုပ်ဘုန်းကြီး ဦးဉာဏိန္ဒ ခေါင်းထဲ ဝင်လာ တယ်။ မရှိတော့လေတဲ့၊ အသိဟာ ခေါင်းထဲက မထွက်ဘူး။ သိတာဟာ ရှိတာနဲ့ မဆိုင်ဘူးလားလို့တောင် မဆီမဆိုင်တွေ တွေးလိုက်မိသေးတယ်။ ကိုရင်ကြီး စံမောင်ကို အသာကြည့်ပြီး 'အေးအေး ... ခုပဲ ကျုပ် ကျောင်းပေါ်

mgyoe.com

ကြွလိုက်ဦးမယ်’လို့ ပြောလိုက်မိတယ်။

ဆရာတော်ကြီးကတော့ ကျောင်းအပေါ်ထပ် အနောက်ဘက်နားက ပြတင်းပေါက်ဘေးက ပက်လက်ကုလားထိုင်ပေါ်မှာ ထိုင်ရင်း စာဖတ်နေတယ်။ နေမဝင်ခင် ညမိုး မထွန်းမချင်း အဲဒီအနားမှာ ထိုင်ပြီး စာဖတ်လေ့ ရှိတယ်။ အောက်ထပ်က တက်လာတဲ့ခြေသံ ကြားတော့ စာကြည့်မျက်မှန်ပေါ်ကနေ လှမ်းပြီး အသာကြည့်လိုက်တယ်။ တိုက်အုပ်မှန်း သိတော့ လှမ်းပြီး ‘မောင်ဉာဏ် ... ဒီကြွ ... ဒီကြွ’လို့ လှမ်းပြောလိုက်တယ်။ ဆရာတော်ကြီးက ဆရာ တပည့်ချင်းလည်းဖြစ်ပြီး နှုတ်ကလည်း ကျိုးနေလေတော့ ဘုန်းကြီး ဦးဉာဏိန္ဒ ကို မောင်ဉာဏ်လို့ပဲ ခေါ်လေ့ရှိတယ်။ လူထုထူ၊ ပွဲလမ်းတွေမှာတော့ ဘုန်းကြီး ဦးဉာဏိန္ဒလို့ပဲဖြစ်ဖြစ်၊ တိုက်အုပ်ဘုန်းကြီးလို့ပဲဖြစ်ဖြစ် ညွှန်းလေ့ ရှိတယ်။ ဘုန်းကြီး ဦးဉာဏိန္ဒကတော့ ဆရာတော်ကြီးအနား ရောက်တာနဲ့ အသာ ဝတ် ချလိုက်ရင်း ‘ဥတုသပ္ပာယ မျှပါရဲ့လား ဘုရား။ ကနေ့ အပူ နည်းနည်းကြမ်း တယ် ဘုရား’လို့ လျှောက်လိုက်တယ်။ ဒီတော့လည်း ဆရာတော်ကြီးက ဖတ် နေတဲ့စာအုပ် ဘေးအသာချရင်း ‘အေးအေး ...’လို့ပဲ ပြန်ဖြေလိုက်တယ်။ နေသာပါတယ်ဆိုတဲ့ သဘောပဲလို့ တွေးရတာပဲ။

ဒီနောက်တော့ ဆရာတပည့် နှစ်ပါး ဘာမှမပြောဖြစ်ကြဘူး။ ခဏ ကြာမှ ဆရာတော်ကြီးကပဲ စပြီး ပြောတယ်။

‘ဦးခေမာကြီး နေ့ခင်းက ပျံလွန်တော်မူသွားတယ်’

‘ကိုရင်ကြီး စံမောင် လျှောက်လို့ တပည့်တော် သိရတယ် ဘုရား’လို့ တိုက်အုပ်ဘုန်းကြီးက ပြန်လျှောက်တယ်။ ဒီ့နောက် ခဏငြိမ်သွားကြပြန် တယ်။ ခဏကြာမှ ဆရာတော်က စပြန်တယ်။

‘အဲဒါ ကိုယ်တော် တာဝန်ယူစေချင်တယ်’

ပြီးတော့ တိုက်အုပ်ဘုန်းကြီးက ဘာပြောရမှန်း မသိသလို ဘာပြန်မေး ရမှန်းတောင် မသိ ဖြစ်သွားတယ်။ မျက်လွှာချထားရာက အသာပဲ မျက်လုံး လှန်ကြည့်လိုက်တယ်။ ဆရာတော်ကြီးကတော့ ပြတင်းပေါက်ကနေ အပြင်ကို လှမ်းကြည့်နေတယ်။ အဲဒီလို ကြည့်နေရင်းက ဆက်ပြောပြန်တယ်။

‘ဦးခေမာကြီးက ဘာမှ ကျောထောက်နောက်ခံ မရှိရှာဘူး။ သူ့ ကျောင်း

mgyoe.com

mgyoe.com SAMPLE BOOK


ထိုင်တဲ့ နေရာကလည်း နွမ်းပါးကြတယ် မဟုတ်လား။ ဒီတော့ တို့များက ဘုန်းကြီးပျံကို တင့်တင့်တယ်တယ်ကလေး ဖြစ်အောင် ဝိုင်းလုပ်ဖို့ လိုတယ်။ ဒါကြောင့် ဒီကိစ္စ မျက်နှာလွှဲချင်တယ်'

ဒီတော့ ဦးဉာဏိန္ဒ ပါးစပ်က 'တပည့်တော်မှာ ကျောင်းတိုက်ကိစ္စ ...' လို့ ထွက်သွားတယ်။ တစ်ခုခုကို ဆင်ခြေပေးမယ်ရယ်လို့ပဲ။ ဒါပေတဲ့ တုန်နေတယ်။ ဒီတော့ ဆရာတော်ကြီးက သူ့ဘက် လှည့်ကြည့်ရင်း ပြောပြန်တယ်။

'မင်းက ကျောင်းကိစ္စ ပူလို့လား။ စာသင်သားတွေကလည်း အရပ်ပြန်ကုန်တာ များပြီပဲ။ အခု မောင်စံလည်း ဒီရောက်နေတော့ ကျောင်းကိစ္စ သူ ကူနိုင်တာပဲ။ ငါ လျှောက်လိုက်ပါ့မယ်။ ကိုယ်တော်သာ အဲဒီကိစ္စလေး သင့်အောင် စီစဉ်ပေးပါ'

ဒီတော့ ဦးဉာဏိန္ဒမှာ တင်ပါ့ဘုရား ဆိုတာကလွဲလို့ ဘာမျှ ပြန်လျှောက်စရာ ရှိပုံမရဘူး။ လျှောက်တော့ လျှောက်ဦးမယ်လို့ပဲ။ မောင်စံ ဆိုတာက ဦးစန္ဒိမာကို ဆိုချင်တာ။ ဦးစန္ဒိမာက အာဂန္တုပဲ။ ဦးဉာဏိန္ဒလိုပဲ ဆရာတော်ကြီးရဲ့ လက်ငုတ်လက်ရင်း တပည့်၊ စာလိုက်ဖက်တွေ။ အခုတော့ မုံရွာဘက်မှာ စာချလုပ်နေရာက စာဝါနားတုန်း သူတို့ဆီ ခဏဆင်းလာတာ။ မနေ့ကမှ ဒီ ရောက်တာ။ အာဂန္တုဆိုတော့ ကျောင်းကိစ္စတွေမှာ ဘယ်မှာ စေ့စေ့ပေါက်ပေါက် သိမှာတုံး။ ဒါပေတဲ့ အခုမှတော့ မတတ်နိုင်ဘူး၊ ဆရာတော်ကြီးကိုလည်း တင်ပါ့ လုပ်ပြီးသွားပြီ။ ဒီတော့ 'ဒါပဲ မဟုတ်လား ဘုရား'လို့ လျှောက်ရင်း ဘုန်းကြီးကြီးကို ဝတ်ချလိုက်တယ်။ ဆရာတော်ကြီးတော့ 'အေးအေး ...'လို့ပဲ ပြောတယ်။ ပြီးမှ 'မောင်စံကို အောက်ဘက်မှာများ တွေ့ရင် ကိုယ်တော်ပဲ လျှောက်တန် လျှောက်လိုက်ပါ'လို့ ဆက်မိန့်လိုက်တယ်။ ဦးဉာဏိန္ဒကတော့ တင်ပါ့ထက် ပိုပြီး မလျှောက်နိုင်တော့ဘူး။

ကျောင်းအောက်ကို ဆင်းလာရင်း ဘုန်းကြီးပျံ ဘယ်လိုလုပ်ရတယ် ဆိုတာ စဉ်းစားမိတယ်။ သူ တိုက်အုပ်ဖြစ်ကတည်းက ဒီကျောင်းမှာ ဘယ်ကိုယ်တော်မှ ပျံလွန်တော်မမူကြသေးဘူး။ အရင် ဆရာတော်ကြီး ပျံလွန်တုန်းက သူက မုံရွာမှာ စာလိုက်နေတာ။ ဓမ္မာစရိယ ဖြစ်တော့မယ့်ဆဲဆဲ။ အဲဒီတုန်းက ခု ဆရာတော်ကြီးကပဲ စာမေးပွဲအတွက်သာ အာရုံစိုက်။ ဒီကာ

mgyoe.com

mgyoe.com SAMPLE BOOK


ကိစ္စတွေ တပည့်တော်တို့ စီစဉ်နိုင်တယ် ဆိုတာနဲ့ မပြန်ရဘူး။ ဒီ့ပြင် စလေဘက် ကြွတုန်းက ဘုန်းကြီးပျံတစ်ခုနဲ့ တိုးဖူးတယ်။ ဒါကလည်း မိုးတိုး မတ်တတ်မို့ ဘာမှ သေသေချာချာ မသိခဲ့ရဘူး။ ဘုန်းကြီးပျံကို တင့်တင့်တယ်တယ်ကလေးတော့ ဖြစ်အောင် စီစဉ်ပါလို့ ဆရာတော်ကြီး မိန့်တာ နားထောင်နေတုန်းကတော့ ဟုတ်တုတ်တုတ်ရယ်။ ခုတော့ ဘယ်က စရမှန်း မသိဘူး။ ခုမှတော့လည်း မတတ်နိုင်ဘူး။ တင်ပါ့လို့ လျှောက်ပြီးပြီပဲ။ ဒီတော့ သူ့တပည့်တွေပဲ စစ်ကူတောင်းဖို့ ရှိတော့တယ်။

အောက်ရောက်တော့ သူ့ကို မျှော်နေပုံရတဲ့ ကိုရင်ကြီး စံမောင်ကို အသင့် တွေ့ရတယ်။ အဲဒီတုန်း ဂန္ဓကုဋီလုပ်ထားတဲ့ အုတ်တိုက်ကလေးဘက်ကို ဦးစန္ဒိမာ ထွက်လာတာ တွေ့လိုက်ရတယ်။ ဦးစန္ဒိမာကလည်း ဒီဘက်ကို လျှောက်လာတယ်။ အဲဒီတုန်း တိုက်အုပ်ဘုန်းကြီးက 'ကိုရင်ကြီး ... ကျောင်းသား လွှတ်ပြီး မောင်မူတို့၊ မောင်တာတို့ ခေါ်ခိုင်းစမ်းပါ။ အင်း ... သောင်းစိန်တို့ကို လည်း ခေါ်ခိုင်းစမ်းပါ။ ကျုပ်က ခေါ်ခိုင်းတယ်၊ ချက်ချင်း လာခဲ့ကြလို့ ပြောခိုင်း။ ကျောင်းသား နှစ်သုတ် ခွဲလွှတ်ဗျာ။ မြန်မြန် တွေ့အောင်လို့။ ကျုပ်က ခေါ်ခိုင်းတာ၊ ချက်ချင်းလို့ ပြောပစေ'လို့ မိန့်လိုက်တယ်။ ကိုရင်ကြီးက အသာ နားထောင်နေရင်း ဝင်မေးလိုက်တယ်။

'ဘာကိစ္စများလဲဆို ဘယ်လို ပြောခိုင်းရမလဲ ဘုရား'

'ကျုပ် ခေါ်ခိုင်းတယ်သာ ပြောလိုက်'လို့ ပြောပြီး အနားရောက်လာတဲ့ ဦးစန္ဒိမာဘက် အသာလှည့်လိုက်တယ်။ ဒီတော့ ဦးစန္ဒိမာက လျှောက်တယ်။ 'အကြောင်းကြီးငယ် ရှိသလား ဘုရား'တဲ့။

'ဆရာတော်ကြီးက ဦးခေမာ ပျံလွန်တော်မူသွားတာကို ကြီးကြပ်ခိုင်း လိုက်လို့ပါ ဘုရား။ တပည့်တော် အဲဒီကိစ္စတွေ လုပ်နေတုန်း ကိုယ်တော့်ကို ကျောင်းကိစ္စတွေ ဝင်ကြည့်ပေးဖို့လည်း ဆရာတော်ကြီးက မိန့်လိုက်တယ်။ ဒါ့ထက် ဘုန်းကြီးပျံကိစ္စ ဘယ်လို ဘယ်ပုံစံ စီစဉ်ရတယ်ဆိုတာများ ကိုယ်တော် သိလား'လို့ ဦးစန္ဒိမာကို ပြန်မေးလိုက်တယ်။

'တပည့်တော်က စာသာ ချတတ်တာ။ တိုက်ကြပ်၊ တိုက်အုပ် လုပ်ဖူးတာ မဟုတ်ဘူး။ အရှင်ဘုရားကို ကူတဲ့အနေနဲ့ လုပ်ဆိုရင်တော့ လုပ်ပါ့မယ်

mgyoe.com

mgyoe.com SAMPLE BOOK


ဘုရား။ ဘုန်းကြီးပျံကိစ္စတော့ တပည့်တော် မစိစဉ်တတ်ဘူး ဘုရား'

ဒီတော့ တိုက်အုပ်ဘုန်းကြီးအတွက် အားကိုးစရာ လမ်းဆုံးသွားပြီ။ ဘာမျှ ဆက်ပြောနေစရာ မရှိတော့ဘူး။ အာဂန္တု ဦးစန္ဒိမာကပဲ ခွင့်ပန်လိုက်တယ်။ 'တပည့်တော် ကျောင်းအောက်ထပ်မှာ သွားလှဲနေဦးမယ် ဘုရား။ အဝေးပြေးကားနဲ့ လိုက်လာတာ ခါးမျက်နေတယ်။ ဒါပေတဲ့ ခိုင်းစရာရှိရင် မိန့်လိုက်ပါ ဘုရား'တဲ့။ 'သာသာနေပါ ဘုရား။ တပည့်တော် ဒကာတွေနဲ့ ကြည့်စီစဉ်လိုက်ပါ့မယ်'လို့ပဲ ပြန်ဖြေလိုက်ရင်း တိုက်အုပ် ဦးဉာဏိန္ဒက ဆွမ်းစားကျောင်းဘက် ပြန်ထွက်လာတယ်။ ဘုန်းကြီးပျံနဲ့ ပတ်သက်လို့ သူ့လိုပဲ ဘာမှမသိတဲ့ တခြားကိုယ်တော်ကို ဘာများ ကူညီခိုင်းရဦးမလဲလို့ တွေးမိတယ်။ ကိုရင်ကြီး စံမောင်လည်း ကျောင်းသားကလေးတွေ ခိုင်းပြီးလို့ တိုက်အုပ် နောက်ကပဲ အသာ ခပ်သုတ်သုတ်နဲ့ လိုက်လာတယ်။ ဆွမ်းစားကျောင်းထဲ ရောက်တော့ ဘုန်းကြီးလေးက တံခါးပေါက်နားမှာပဲ အသာ ထိုင်ချလိုက်တယ်။ ကိုရင်ကြီး စံမောင်ကတော့ နောက်ဖေးဘက် အသာဝင်ပြီး ရေနွေးတစ်ကရား ဆွဲပြီး ပြန်ထွက်လာတယ်။ ဆီးဖြူသီး လေးငါးလုံးကို ပန်းကန်လေးထဲ ထည့်ယူလာပြီး တိုက်အုပ်ကို ကပ်တယ်။ ဆီးဖြူ ဖန်ခါး ရဟန်းစားလို့လည်း ဆိုတာကိုး။ တိုက်အုပ်က ကွမ်းဝါးတတ်တော့ ညနေတိုင်း ဆီးဖြူသီးကလေး ဝါးပြီး ရောပစ်တတ်တယ်။ ပြီးတော့ ရေနွေးနဲ့ ပလုတ်ကျင်းတဲ့ အကျင့်ကလေး ရှိတယ်။

သိပ်မကြာလိုက်ဘူး။ သူကြီးတူ မောင်မူတို့၊ တောင်ရွာက မောင်တာတို့အပြင် ရွာလယ်ရပ်က ကာလသားခေါင်း သောင်းစိန်တို့၊ ဝင်းမောင်တို့ပါ ရှေ့ဆင့်နောက်ဆင့် ရောက်လာကြပါတယ်။ ဦးဉာဏိန္ဒကို အသာ ဝတ်ချလိုက်ကြရင်း ဘုန်းကြီးကလေးက ဘာများမိန့်မလဲဆိုတာ မျှော်နေပုံရတယ်။ ဘုန်းကြီးကတော့ ဘာမှမမိန့်သေးဘဲ ကိုရင်ကြီးကိုသာ လှမ်းပြီး ဒီကောင်တွေအတွက် ရေနွေးကြမ်းကလေး ဘာလေး ချပေးလိုက်ပါဦး ကိုရင်ကြီးလို့ ပြောလိုက်တယ်။ ကိုရင်ကြီးက ထိုင်ရာက မထဘဲ 'ဒီကောင်တွေ ဒီအချိန်မှာ ဘယ်လာ ရေနွေးကြမ်း သောက်လိမ့်မှာတုံး'လို့ ဖြေရင်း တုတ်တုတ်မျှ မလှုပ်ဘူး။ ဒီတော့ သောင်းစိန်က 'ကိုရင်ကြီးတော့ နာချင်ပြီထင်တယ်'လို့ လှမ်း

mgyoe.com

mgyoe.com SAMPLE BOOK

နောက်လိုက်တယ်။ ပြောမယ့်သာ ပြောရတယ်။ သူတို့လူသိုက် မျက်လုံးတွေ ရှိနေတာကိုး။ ကိုရင်ကြီးကလည်း အကြောင်းသိပဲ။ ဒီတော့မှ တိုက်အုပ်ဘုန်းကြီးက အားလုံးကို လှမ်းကြည့်ရင်း ပြောလိုက်တယ်။

'ကိုင်း ... မင်းတို့အားလုံးတော့ ငါ့ကို ကူညီကြဦး။ မင်းတို့လည်း ကြား ပြီးရောပေါ့။ ညောင်ပင်ဝန်းက ဘုန်းကြီး ဦးခေမာ ပျံလွန်တော်မူသွားတာကို။ အဲဒါ ဆရာတော်ကြီးက ငါ့ကို စီမံကြီးကြပ်ခိုင်းတယ်။ ရှင်းရှင်း ပြောရရင် ငါလည်း ဘာမှမလုပ်တတ်ဘူး။ အဲဒီတော့ မင်းတို့ကပဲ ကြည့်ပြု စီမံပေးကြစေချင်တယ်'

ဒီတော့မှ အားလုံးက သူတို့ကို ဘာလို့ ဘုန်းကြီး ဆင့်တယ်ဆိုတာ သဘောပေါက်သွားကြတယ်။ သူတို့အထဲက လူကြီးလိုဖြစ်နေတဲ့ မောင်မူက ဘုန်းကြီးလေးကို ပြန်လျှောက်တယ်။

'ကိုယ်တော်က ဘယ်လို ဖြစ်စေချင်တုံး'

'ငါ မသိဘူးကွ မောင်မူရ။ ငါလည်း တစ်ခါမှ ဒါမျိုး မစီစဉ်ဖူးဘူး။ ဟိုတုန်းကလို ဘုန်းကြီးပျံကို တစ်လကိုးသီတင်း ထားပြီး ပွဲလမ်းမျိုးလည်း လိုက်လုပ်နိုင်ကြတာ မဟုတ်ဘူး။ ညောင်ပင်ဝန်းတို့၊ ညောင်ကန်တို့ကလည်း နွမ်းပါးကြတယ်။ မင်းတို့လည်း ကြားဖူးမှာပဲ။ ဘုန်းကြီးသေ ရွာကြေဲဆိုတာ။ အဲဒီလိုလည်း မဖြစ်စေချင်ဘူး။ ဒါပေတဲ့ ဘုန်းကြီးပျံကို တင့်တင့်တယ်တယ် လေးဖြစ်အောင် ဆရာတော်ကြီးက ဆန္ဒရှိတယ်။ လုပ်ချင်တယ်။ ဒါပဲ ငါ သိတယ်'

ဒီတော့ ဒကာတွေက အချင်းချင်း ခေါင်းချင်းရိုက် တွတ်ထိုးနေကြတယ်။ ပြီးတော့ သူတို့အထဲက တစ်ယောက်က ဘုန်းကြီးကို လှမ်းမေးလိုက်တယ်။

'ဒုံးတွေ ဘာတွေ တိုက်ချင်သေးလား ဘုရား'

'ဟကောင်တွေ ... ငါ ပြောပြီးပကော။ မင်းတို့သာ ကြည့်လုပ်။ ဘုန်းကြီးပျံ တင့်တင့်တယ်တယ်ကလေးဖြစ် ပြီးရော'လို့ ဘုန်းကြီးက ပြန်ဖြေလိုက်တယ်။ ဒီတော့ သူတို့ချင်း တွတ်ထိုးနေတာ အတော်ကြာသွားတယ်။ ဘုန်းကြီးလေးကတော့ အပြင်ဘက် လှမ်းကြည့်နေတယ်။ ကိုရင်ကြီးကတော့ သူတို့အနား ထိုင်ရင်း သူတို့တစ်သိုက် ပြောတာ နားထောင်နေပုံပဲ။ အတော်

mgyoe.com

mgyoe.com  SAMPLE BOOK 

ကြာမှ တောင်ရွာက မောင်တာက 'တပည့်တော်တို့ တာဝန်ထားပါ ဘုရား။ ဂတ်နဲ့ ပတ်သက်တဲ့ ကိစ္စကလေး ဘာလေး ရှိရင်သာ ကိုယ်တော်က ဆာသင်ကြီး ယောက်ဖ၊ ကိုထွန်းမောင်ကြီးကို နည်းနည်းပြောပေးဖို့ လိုလိမ့်မယ်။ ဒါကလည်း လိုမှပါ ဘုရား'လို့ ဘုန်းကြီးကို လျှောက်တယ်။ ဒီတော့လည်း ဘုန်းကြီးက 'အေအေ ...'လို့ပဲ ဖြေပြီး 'ငါ လုပ်နိုင်တာ ရှိလည်း ပြောကြလကွာ' လို့ ပြောလိုက်တယ်။

ဒီတော့ မောင်တာကပဲ 'ကိုယ်တော် လုပ်နိုင်တာ ဘာမှမရှိဘူး။ ဒီတော့ သွားကျိန်းချေ။ ကိုးနာရီလောက် ရှိပြီ။ မနက်ကျရင်သာ အားလုံး စီစဉ်ပြီးပြီလို့ ဆရာတော်ကြီးကိုသာ လျှောက်လိုက်ပေတော့။ တပည့်တော်တို့တော့ နည်းနည်း ဆက်ပြီး ပြောကြဆိုကြရဦးမယ်'လို့ လျှောက်တယ်။ အဲဒီတုန်း ဘယ်သူက ဘာပြောလိုက်မှန်းတော့ မသိဘူး။ ကိုရင်ကြီးက လှမ်းပြီး 'ဒီအကောင် ... ပေါက်တတ်ကရတွေ ...'လို့ လှမ်းပြီး မာန်လိုက်သံကို ဘုန်းကြီးလေး ကြားလိုက်ရတယ်။ ဒီတော့ 'ဘာများတုံး ကိုရင်ကြီး'လို့ မေးလိုက်တယ်။ ဒီတော့ ကိုရင်ကြီးက ပြန်ပြီး လျှောက်တယ်။

'အလကားပါ ဘုရား။ သောင်းစိန်က ပေါက်တတ်ကရ ပြောနေလို့' လို့ ဖြေတယ်။

'ဘာများတုံး'

'ဒီကောင်က သေတာများ တယ်ဟန်ကျတာပဲ။ မသေတဲ့လူကသာ အလုပ်ရှုပ်နေရတာ။ သေတဲ့လူကတော့ ဘာမှ မပင်ပန်းဘူးလို့ ပြောလို့ပါ ဘုရား'

တိုက်အုပ်ဘုန်းကြီးကတော့ ဘာမှပြန်မပြောဘူး။ ပြုံးနေတယ်။ ကျန်လူတွေကလည်း ပြုံးလိုက်ကြတယ်။ ပြီးတော့မှ ဘုန်းကြီးလေးက အသာထရပ်ပြီး ဧကသီကို ခပ်တင်းတင်း ပြန်ရုံလိုက်ရင်း 'ကိုင်း ... ဒီလိုဖြင့် ငါ ကျောင်းဆီ ကြွတော့မယ်'လို့ ပြောလိုက်တယ်။ သူ့တပည့်တွေက အားလုံး တစ်ပြိုင်တည်း ဝတ်ချလိုက်ကြတယ်။ အဲဒီတုန်း သောင်းစိန်က လှမ်းပြီး မေးလိုက်တယ်။

'ကိုယ်တော်က ဘာစိတ်ကူးနဲ့ ဒီဘုန်းကြီးပျံကို တာဝန်ယူလိုက်ရတာတုံး'

'ဟ ... ငါက တာဝန်ယူချင်လို့ မဟုတ်ဘူး။ ဆရာတော်ကြီးက မင်း

mgyoe.com

mgyoe.com SAMPLE BOOK

လုပ်လို့ ပြောတာ။ ငါက မလုပ်ဘူးလို့ ငြင်းလို့ ဖြစ်မလား'

ဒီတော့ သောင်းစိန်က စောဒက တက်ပြန်တယ်။

'ကိုယ်တော်က ဘာမှ မလုပ်တတ်တာဘဲ'

'ငါ ဘာမှ မလုပ်တတ်တာတော့ အမှန်ပဲ။ တစ်ချက်က ငါ့ဆရာတော်ကြီးကို ငါ မငြင်းရဲဘူး။ နောက်တစ်ချက်က ငါ ဘာမှမလုပ်တတ်ပေတဲ့ မင်းတို့လည်း အရှိသားလို့ တွေးမိတာကိုး'

အဲဒီမှာ မောင်မှူ ဝင်ပြောတယ်။

'ကိုင်း ... ကိုယ်တော်၊ သွားကျိန်းချေတော့'

ဒီတော့ တိုက်အုပ်လည်း ကိုရင်ကြီးဆီက မီးတိုင်တစ်ခု တောင်းပြီး ကျောင်းဘက် ကြွသွားတယ်။ အဲဒီတုန်း နောက်ဘက်က သောင်းစိန်အသံကြားလိုက်ရပြန်တယ်။

'ကျုပ် ပြောပါသော်ကော။ သေရတာများ တယ်ဟန်ကျပဲ။ ကိုရင်ကြီးများ လျှောသွားရင်လည်း ကျုပ်တို့ အလုပ်များမှာ'လို့ ပြောပြီး ကိုရင်ကြီးကို နောက်နေပုံရတယ်။ ဒီကောင်တွေက ကိုရင်ကြီးကို နောက်နေကျ။

ဘုန်းကြီးလေးကတော့ ဘာမှ ပြန်မပြောတော့ဘဲ ပြုံးလိုက်မိတယ်။ ဒါပေတဲ့လည်း လူပြိန်းတွေ တွေးကြည့်ရင်တော့ သောင်းစိန်ပြောတာ ဟုတ်တုတ်တုတ်ရယ်လို့ တွေးလိုက်မိတယ်။ ခန္ဓာဝန်ဟာ ကြီးပါကလားလို့လည်း ဘုန်းကြီးတွေး တွေးလိုက်မိပြန်တော့ ဒီလိုလည်း မဟုတ်သေးပါဘူးလို့ အတွေးကို ပြင်လိုက်ရပြန်တယ်။ ဘာပဲဖြစ်ဖြစ် မနက်ကျရင်တော့ ဘုန်းကြီးပျံအတွက် စီစဉ်သင့်တာ စီစဉ်ပြီးကြောင်းတော့ ဆရာတော်ကြီးကို လျှောက်ရဦးမယ်လို့ တွေးလိုက်မိရင်း ပြုံးမိလိုက်တယ်။ ပြီးတော့ ကိုရင်ကြီးရှေ့မှာများ ဆရာတော်ကြီးကို အခုလို လျှောက်လိုက်လို့ ကိုရင်ကြီးကများ ကြားသွားရင်တော့ ခု ငါ ပြုံးတာမျိုး သူ ပြုံးမှာ သေချာတယ်လို့လည်း တွေးလိုက်မိပြန်တယ်။ ကျောင်းဘက်ကို ကြွလာရင်း ဘေးဘီကို တစ်ချက် လှည့်ကြည့်လိုက်တယ်။ တိုက်အုပ်ဘုန်းကြီး စိတ်ထဲမှာ နောက်ဆုံး တွေးလိုက်မိပြန်တာကတော့ မှောင်ထဲမှာမို့ ငါ ပြုံးတာကို ဘယ်သူမှတော့ မတွေ့တန်ကောင်းဘူး ဆိုတာပဲ။

စတိုင်သစ်မဂ္ဂဇင်း၊ မေ၊ ၂၀၀၂။

mgyoe.com

mgyoe.com SAMPLE BOOK

## အပြစ်တင်စရာ လူလိုသဗျာ

ဒီကိစ္စမှာ အဓိက တရားခံပဲခေါ်ခေါ်၊ လက်သည်ပဲခေါ်ခေါ် ကိုဦးကြည်ကြီး နာမည်က ထိပ်က နေမှာပဲ။ ဒါပေတဲ့ ခက်နေတာက ဒီကိစ္စမှာ သူဝင်မပါလို့လည်း မဖြစ်ဘူး။ သူက ပုဏ္ဏားတိုင်။ ဦးလေးသောင်း ဆိုတာလည်း သူ့သူငယ်ချင်း။ သူနဲ့ ကျောင်းဆရာလုပ်ဖက်။ ခုတော့ သူ့လိုပဲ အလုပ်ထွက်ပြီး ယာပြန်လုပ်၊ ဟိုဟာလုပ်၊ ဒီဟာလုပ် ဆိုတော့လည်း မရှိ၊ မရှားလို့ပဲ ပြောရမယ်။ ကိုဦးကြည်နဲ့ အသက်က မကွာဆေတဲ့ ကိုဦးကြည်က ဦးလေးသောင်းကို ကိုကြီးသောင်းလို့ ခေါ်တယ်။ လှမေက ကိုဦးကြည် ခယ်မ။ သူ့မိန်းမ အရီးမြမေရဲ့ ညီမအငယ်ဆုံး။ သူကတော့ မူလတန်းကျောင်းဆရာမပဲ။ ခုထိ လုပ်တုန်း။ လုပ်တုန်းဆို အသက်က ရှိလှ သုံးဆယ့်ငါးပေါ့။ ဒီအထဲမှာ မပါချင်တာက ကိုဦးကြည်ရဲ့ မယားညီအစ်ကိုတော်တဲ့ စမ်းရှင်။ ဒီကောင်က အရင်က မော်တော်ဆလင်။ စာရင်းဇယားတွေ ဘာတွေ လုပ်တတ်တော့ အခု အိစမ်အင် မောင်ခင်က သူ့မော်တော်တွေအတွက် စာရေး လုပ်ခိုင်းထားတယ်။ လူက လူအေး။ မရီးမေရဲ့ အောက်၊ လှမေရဲ့ အထက်၊ အေးမေနဲ့ ညားတယ်။

mgyoe.com